
www.burmeseclassic.com

# မောင်ကောင်းထိုက်

(နှိုးပဒေါ်)

ဝေဂွလီကကာလီ



www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မောင်ကောင်းထိုက် (နှီးပဒေါ်)

# ထွေလီကာလီ

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၄၇၃၀၆၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၄၀၃၀၄၀၇

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ဇူလိုင်လ၊ ၂၀၀၇ခုနှစ်

ထုတ်ဝေသူ
ဦးအေးလွင် (၀၄၁၅၂)၊ ရွှေဥစာပေတိုက်
တိုက်(၄)၊ အခန်း(၁၀)၊ ပြည်တော်သစ်ရိပ်သာ၊ ပုဇွန်တောင်၊ ရန်ကုန်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးအေးငြိမ်း(၂၅၅၉) (ရွှေပဒေသာအော့ဖ်ဆက်)
အမှတ်၃၁/၃၃၊ ၅၃ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

တန်ဖိုး ၁၆၀၀ကျပ်

အုပ်ရေ ၁၀၀၀

# အမှာစာ

'လက်ရွေးစဉ် ဟာသပဒေသာ' အမှတ်စဉ် -၁၇-မှစ၍ 'ထွေလီကာလီ' ကဏ္ဍကို ဖွင့်ကာ ထင်ရှားသော ပုဂ္ဂိုလ်အသီးသီးတို့၏ အတွေးအမြင်၊ အဆိုအမိန့်တို့ကို ဖော်ပြခဲ့ပါသည်။ အတွေးအမြင်၊ အဆိုအမိန့်ဟုဆိုရာ၌ တိုတိုနှင့်လိုရင်းကို တင်ပြသောပုံစံ၊ ယုတ္တိဗေလာပုံစံ ( Paradox )၊ မမျှော်လင့်သောပုံစံ၊ တင်စားမှုပုံစံတို့ဖြင့် ဖတ်ရသူ၊ ကြားရသူတို့ကို အာရုံစိုက်မိအောင် စေ့ဆော်သည့်စကား၊ အင်္ဂလိပ်အခေါ် (Aphorism ) များကို ဆိုလိုပါသည်။ ၎င်းတွင်လည်း မှတ်ရလွယ်၊ မေ့ရခက်သည့် ခပ်သွက်သွက် အဆိုအမိန့်များကို ဦးစားပေး တင်ဆက်ခဲ့ပါသည်။

ယခု ၎င်းအဆိုအမိန့်များကို သီးခြားစာအုပ်တစ်အုပ်ဖြစ်အောင် ပြုစုလိုက်ပါသည်။ အသစ်တွေချည်းပါအောင် ကြိုးစားထားသော်လည်း ဖော်ပြပြီးသား တချို့တလေ ပါကောင်းပါနေနိုင်ပါသည်။ စာဖတ်သူများ သတိထားမိကြသည့်အတိုင်း သက်ဆိုင်ရာပုဂ္ဂိုလ်များ ကျင်လည်လှုပ်ရှားခဲ့ရသည့် ပတ်ဝန်းကျင်အခြေအနေ၊ ဖြတ်သန်းခဲ့ရသည့် ကာလတို့နှင့် ဆက်စပ်ကာ အတွေးအမြင်၊ အဆိုအမိန့်များ ပေါ်ထွက်လာကြခြင်း ဖြစ်ပါသည်။ ၎င်းစာအုပ်တွင် အချစ်နှင့် အိမ်ထောင်ရေးအကြောင်း၊ ယောကျ်ားနှင့် မိန်းမတို့အကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ စာပေနှင့် ယဉ်ကျေးမှုအကြောင်း စသည်ဖြင့် အကြောင်းအရာမျိုးစုံ

www.burmeseclassic.com

ပါရှိပါသည်။ အကြောင်းအရာချင်း တူသည်များကို အဆိုအမိန့် တစ်ခု၏အောက်တွင် တတ်နိုင်သမျှ စုစည်းဖော်ပြထားပါသည်။ ဤအဆိုအမိန့်များတွင် ထေ့တာ၊ ငေါ်တာ၊ မထိတထိ ကလိတာ၊ ရယ်စရာတွေကို တွေ့ကြရပါမည်။ အချို့တွင် နောက်ဆက်တွဲ စဉ်းစားစရာတွေ၊ ဒဿနတွေ ပါနေပါလိမ့်မည်။ စာဖတ်သူ၏ အမြင်နှင့် ကိုက်ညီတာ ရှိကောင်းရှိမည်။ ဆောဒက တက်ချင်တာလည်း ရှိကောင်း ရှိနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ၊ ၎င်းတို့ကို ဖတ်ပြီး စာဖတ်သူ၏မျက်နှာပေါ်တွင် အပြုံးရိပ် ထင်လာနိုင်သည်ဟု မျှော်လင့်ပါသည်။

အမေရိကန်စာရေးဆရာကြီး 'မတ်ခ်တွိမ်း' က 'Aphorism' ဆိုတာ အသံအနည်းဆုံးနဲ့ အဓိပ္ပာယ်အများဆုံး ပါတဲ့စာ ဟုဆိုခဲ့ပါသည်။ ဘယ်လ်ဂျီယံစာရေးဆရာ 'ဖွလယင်း ကင်နာဒီ' ကလည်း 'Aphorism ရေးသူ (ပြုစုသူ) သည် စကားလုံးအချို့နှင့် စာတစ်အုပ်လုံး၊ သို့တည်းမဟုတ် စာအုပ်တစ်အုပ်တည်းဖြင့် စာကြည့်တိုက်တစ်ခုလုံးကို အစားထိုးရန် ကြိုးစားသည်' ဟု ဖွင့်ခဲ့ပါသည်။ ယခုစာအုပ်ကို စီစဉ်ရာတွင် ဖော်ပြပါ မနိုင့်ဝန်ကို ထမ်းရန် မရည်ရွယ်ပါ။ သို့သော်လည်း မိတ်ဆွေတစ်ဦး ပြောသကဲ့သို့ စာအုပ်ပါ အဆိုအမိန့်တို့ကို ဖတ်ပြီး မသိမသာ ဉာဏ်ရည်တက်လာနိုင်ကောင်းသည်ဟုကား မဝံ့မရဲ မျှော်လင့်မိပါကြောင်း။

လေးစားစွာဖြင့်
မောင်ကောင်းထိုက် (နှီးပဒေါ

## မာတိကာ


| | | |
|---|---|---|
| ၁။ | ပိုက်ဆံရတဲ့ပညာဆိုရင် ကြာကြာမှတ်မိတာချည်းပဲ | ၁ |
| ၂။ | ငတုံးငထိုင်းတွေ ပုံပြင်ထဲမှာပဲ ကံကောင်းကြပါစေ။ | ၂၈ |
| ၃။ | အပြောနဲ့အလုပ်ညီရအောင် ဘာမှမပြောဘူး၊ ဘာမှလည်းမလုပ်ဘူး။ | ၃၀ |
| ၄။ | အရိပ်ခိုတတ်ရုံနဲ့ မပြီးဘူး။ ဘယ်သူ့အရိပ်ကို ခိုရမလဲဆိုတာသိဖို့ လိုသေးတယ်။ | ၃၂ |
| ၅။ | အချိန်ဟာ ငွေပဲ။ (ဘင်ဂျမင် ဖရန့်ကလင်) | ၃၆ |
| ၆။ | ငွေသည် အကောင်းဆုံးစိတ်ငြိမ်ဆေးဖြစ်၏။ | ၃၇ |
| ၇။ | ကြော်ငြာဆိုတာ ဥပဒေကခွင့်ပြုထားတဲ့ လိမ်ညာမှုပါပဲ။ | ၄၄ |
| ၈။ | အခုခေတ်မှာ အကြွေးမရှိဘူးဆိုရင် ဥပဒေနဲ့ ဆန့်ကျင်တာတစ်ခုခုကို ခင်ဗျား လုပ်နေလို့ ဖြစ်ရမယ်။ | ၄၅ |

www.burmeseclassic.com

## မာတိကာ


၉။ တချို့လူတွေ အမှန်တရားကို သိပ်တန်ဖိုးထားတော့ သူ့ရဲ့ဘက်တော်သားတွေကို ဝယ်ဖို့ကြိုးစားကြတယ်။ ၄၆

၁၀။ ရတဲ့လစာက ရယ်စရာကောင်းလွန်းတော့ ငိုတောင် ငိုချင်တယ်။ ၅၀

၁၁။ မိုက်မဲခြင်းကို ကိုယ်ကျိုးမဖက်ခြင်းနဲ့ အတူတူပဲလို့ ပြောရင် ကျွန်တော်တို့အားလုံး လူတော်တွေချည်းပဲ။ ၅၃

၁၂။ မင်းလိုမျက်နှာမျိုးနဲ့ ခေါင်းရှိဖို့ မလိုပါဘူး။ ၅၅

၁၃။ ရင်ဆိုင်နေရတဲ့ အဆိုးတရားကို ကျင့်သားရလာပြီဆို မှ ဒီ့ထက်ဆိုးတာဖြစ်လာတယ်။ ၅၈

၁၄။ ကျယ်ကျယ်ပြောတဲ့လူကို ခိုးနားမထောင်ဘူး။ ၆၂

၁၅။ ဘဝတက္ကသိုလ်မှာ နှစ်တိုင်းနှစ်တိုင်း သင်ရိုးညွှန်း တမ်းအသစ်တွေ ချည်းပါလား။ ၆၆

၁၆။ ရှက်စိတ်ဝင်တဲ့နေရာမှာ မခိုးပါနဲ့။ ၇၅

၁၇။ ဝင်ပေါက်တံခါးကို ဖွင့်ထားရင် နောက်ဖေးပေါက်ကို ရှောင်။ ၈၀

၁၈။ အရှိကိုအရှိအတိုင်း မြင်စမ်းပါ၊ အမှန်ကိုမပြောနဲ့။ ၈၈


## မာတိကာ


၁၉။ ပုတ်သင်ညို့ အာဏာရနေရင် ပတ်ဝန်းကျင်လည်း အရောင်ပြောင်းလာတယ်။ ၉၄

၂၀။ သေသူနဲ့ အားပြိုင်တဲ့အခါ ရှင်နေသူတွေ အမြဲတမ်း အနိုင်ရတယ်။ ၉၈

၂၁။ သူမှန်တယ်ဆိုတာ မသေချာမချင်း ယောက်ျားနဲ့ မငြင်းပါနဲ့။ ၁၀၂

၂၂။ မိန်းမယူပြီးတဲ့နောက်ပိုင်းမှာ အတိတ်ကို အနာဂတ် လို့ ထင်ချင်လာတယ်။ ၁၀၅

၂၃။ ဘဝဆိုတာ ဒုစရိုက်သမားတွေရဲ့နိဗ္ဗာန်။ ၁၀၇

၂၄။ ကိုယ်မှားတဲ့အခါ မှားကြောင်းဝန်ခံရင် အဲဒီလူဟာ ပညာရှိ။ အဲ မှန်နေပေမယ့် မှားကြောင်းဝန်ခံရင် တော့ အဲဒီလူဟာ မိန်းမရှိတဲ့လူဖြစ်ရမယ်။ ၁၀၉

၂၅။ နှစ်ပုလင်းဆို လုံလောက်ပြီ။ ဒါပေမဲ့ သုံးပုလင်း ဆိုတော့လည်း မငြင်းချင်ဘူး။ ၁၁၃

၂၆။ ကျွန်တော်တို့အိမ်မှာ အားလုံးကို ဖေဖေ ဆုံးဖြတ် တယ်။ အဲ ဘယ်သူ့အဖေလဲဆိုတာကိုတော့ မေမေ ၁၁၆

www.burmeseclassic.com

## မာတိကာ


ဆုံးဖြတ်တယ်။

၂၇။ ဘာမှမရှိတော့ လူတောထဲဝင်ဖို့ ခက်သထက်ခက်လာတယ်။ ၁၂၀

၂၈။ ကိုယ်ကိုယ်တိုင် ထပ်မပြောမချင်း ကောလဟလ သတင်းတွေကိုမယုံနဲ့။ ၁၂၄

၂၉။ သေတဲ့အထိချစ်မယ်လို့ ကတိပေးထားရင် စောမသေသင့်ပါဘူး။ ၁၂၇

၃၀။ နေရောင်အောက်မှာ တစ်နေရာရာရှိသေးတယ်၊ ညနေစောင်းလာပြီ။ ၁၂၉

၃၁။ ချမ်းသာချင်းထက်ဆိုးတာ ဆင်းရဲခြင်းပဲရှိတယ်။ ၁၃၁

၃၂။ သိက္ခာရှိတဲ့လူဟာ သိက္ခာမရှိတဲ့လူဆီက လာဘ်မယူပါ။ ၁၃၃

၃၃။ ကျန်းမာရေးရှိရင် ရောဂါလည်း ရှိမှာပါပဲ။ ၁၃၆

၃၄။ **တွေးခေါ်ရှင်တွေရဲ့ ဒုက္ခ** - အမှန်တရားနဲ့နီးစပ်လာလေလေ၊ အရှိတရားနဲ့ ဝေးလေလေ။ ၁၄၀

၃၅။ အမှန်တရားအကြောင်း ပြောတဲ့အခါမှာ သူနဲ့ ၁၄၂


## မာတိကာ


သိကျွမ်းတဲ့ပုံမျိုး မလုပ်ပါနဲ့။

၃၆။ မိန်းမတွေကိုသိတဲ့လူ ယောက်ျားတွေကို သနားတယ်၊ ယောက်ျားတွေကို သိတဲ့လူ မိန်းမတွေကို ခွင့်လွှတ်တယ်။ ၁၄၉

၃၇။ ဘာပဲဖြစ်ဖြစ် မိန်းမယူပါ။ မိန်းမကောင်းကို ရရင် ခြွင်းချက်ဖြစ်မယ်။ ဆိုးတဲ့မိန်းမကိုရရင် တွေးခေါ်ရှင်ဖြစ်မယ်။ ၁၅၅

၃၈။ အကျိုးစီးပွားချင်း တူနေရင် အပြစ်ဒဏ်ကို ရှောင်ရတာ လွယ်တယ်။ ၁၆၂

၃၉။ မိဘရဲ့ဝင်ငွေတိုးလာတာထက် ကလေးတွေကြီးထွားတာ ပိုမြန်လာတယ်။ ၁၆၆

၄၀။ စာအုပ်ကောင်းတွေကို မဖတ်ဘဲနဲ့လည်း ယုံလို့ ရပါတယ်။ ၁၆၇

၄၁။ အတုခိုးတယ်ဆိုတာ အကောင်းဆုံး ချီးမွမ်းခြင်းပါပဲ။ ၁၇၅

၄၂။ မိန်းမတစ်ယောက် ချောလှလေလေ၊ အချိန်နဲ့ပိုက်ဆံ အကုန်မြန်လေလေ။ ၁၈၃

www.burmeseclassic.com

## မာတိကာ


၄၃။ ဈေးကြီးပေးပြီး အလှပြင်ထားဦးတော့၊ အပေါ်စားမိန်းမပုံ ပေါက်နေတတ်တယ်။ ၁၈၇

၄၄။ ကိုယ့်ကိုယ်ကို ပညာရှိလို့ ယူဆရလောက်အောင် ကျွန်တော်တို့ မမိုက်မဲပါဘူး။ ၁၉၃

၄၅။ ဥပဒေရှေ့မှောက်မှာ အခွင့်အရေး မရှိသူတွေပဲ တန်းတူဖြစ်ကြတယ်။ ၂၀၂

၄၆။ လူပုတွေရဲ့နိုင်ငံမှာ အုပ်စိုးသူကို မှန်ဘီလူးနဲ့ပဲ ကြည့်ခွင့်ပြုတယ်။ ၂၀၈

၄၇။ လင်မယားတွေ စောင့်ထိန်းအပ်တဲ့ သစ္စာတရားကို အိမ်မှာသိမ်းထားတာ အကောင်းဆုံး။ ၂၁၀

၄၈။ သဲကန္တာရက အော်သံတွေကို အိုအေးဆစ်က မကြားရဘူး။ ၂၁၆

၄၉။ မီးနီကိုဖြတ်ရင် ကွန်မြူနစ်တောင် အန္တရာယ်ရှိတယ်။ ၂၂၂

၅၀။ စာရင်းဇယားတွေ မလိမ်ဘူး။ ဒါပေမဲ့ စာရင်းဇယားတွေ အကူအညီနဲ့ လွယ်လွယ်လေး လိမ်လို့ရတယ်။ ၂၃၅

၅၁။ နိုင်ငံရေးသမားဆိုတာ လူတွေ မချစ်ကြဘူးဆိုတာကို နောက်ဆုံးအချိန်အထိ မယုံတဲ့သူ။ ၂၃၈


## မာတိကာ


၅၂။ တိုတိုနဲ့ မရှင်းအောင်ရေး။ ၂၄၁

၅၃။ လူမိုက်ကို မမြင်ချင်ဘူးဆိုရင် ပထမဦးဆုံး ကိုယ့်ရှေ့က မှန်ကို ရိုက်ခွဲပလိုက်။ ၂၄၅

၅၄။ ဘာမှမရှိလည်း ကျွန်တော်နေတတ်တယ်။ ဒါပေမဲ့ ဒီအကြောင်းကို ဘယ်သူမှ မသိစေချင်ဘူး။ ၂၅၂

၅၅။ နိုင်ငံရေးသမားဟာ သခင်ဖြစ်ချင်တော့ အစေခံ ဟန်ဆောင်ရတယ်။ ၂၅၆

၅၆။ တခြားလူရဲ့ဒုက္ခကိုကြည့်ပြီး ကျတဲ့မျက်ရည် ခြောက်သွေ့တာ သိပ်မြန်တယ်။ ၂၆၁

၅၇။ သူ့ထက် ဖြတ်ထိုးဉာဏ်ပိုကောင်းတာ တစ်ခုကလွဲရင် ယောကျ်ားဟာ မိန်းမကို အားလုံးခွင့်လွှတ်တယ်။ ၂၇၂

၅၈။ မိန်းမဟာ မှန်ကိုပဲ အကောင်းဆုံး ပြုံးတယ်။ ၂၈၂

၅၉။ မိန်းမတစ်ယောက်ဟာ အရွယ်တူယောကျ်ားထက် အမြဲတမ်း ပိုငယ်တယ်။ ၂၈၄

၆၀။ ဆွဲဆောင်မှု မရှိတဲ့အလှဟာ ငါးစာမပါတဲ့ ငါးမျှားချိတ် ၂၉၀

www.burmeseclassic.com

## မာတိကာ


နဲ့တူတယ်။

၆၁။ မိန်းမတစ်ယောက် မှန်ထဲမြင်တာလောက် အမှန်နဲ့ မတူတာ မရှိဘူး။ ၂၉၅

၆၂။ မိန်းမဆိုတာ နောက်မိန်းမတစ်ယောက်မှာ ယောကျ်ားတွေ အဖြေရှာဖို့ ကြိုးစားတဲ့ ပဟေဠိပါပဲ။ ၃၀၄

၆၃။ သက်သတ်လွတ် စားတဲ့လူဆီမှာ သားမွေးဝတ်ရုံ ဘယ်တော့မှ မဝယ်နဲ့။ ၃၀၈

၆၄။ ယောကျ်ားကို အိမ်ထောင်ဦးစီးလို့ သတ်မှတ်ရင် သူ့ခေါင်းပေါ် တက်ထိုင်ဖို့ မကြိုးစားနဲ့။ ၃၁၆

၆၅။ စံပြယောကျ်ားဟာ ဘာကြောင့်မှန်း မသိဘူး။ အမြဲတမ်းလိုပဲ နောက်မိန်းမတစ်ယောက်ရဲ့ ယောကျ်ား ဖြစ်နေတတ်တယ်။ ၃၂၈




## ၁။ “ပိုက်ဆံရတဲ့ပညာဆိုရင် ကြာကြာမှတ်မိတာချည်းပဲ”

☺

“ရေကို ဘယ်သူ အရင်ဆုံးရှာတွေ့သလဲဆိုတာ ကျွန်တော်တို့မသိဘူး။ ဒါပေမဲ့ ငါးတွေ မဟုတ်တာတော့ သေချာတယ်”

(ဂျွန်ကားလ်ကင်- အမေရိကန် ခရစ်ယာန်ဘုန်းကြီး)

☺

“မှန်းဆခြင်း - ဖြစ်သွားတာသာ မဖြစ်ခဲ့ဘူးဆိုရင် ဘာဖြစ်လာနိုင်သလဲဆိုတာ ကြိုတင်ရှုမြင်ခြင်း”

(ဟားရစ်စ်-ဗြိတိသျှစီးပွားရေးပညာရှင်)

☺

“ကျွန်တော်တို့ကို နားလည်ရုံတင် မကဘူး။ နားမလည်ဘဲ မနေနိုင်အောင် ကြိုးစားဖို့လိုတယ်”

(ကဝင်တီလျှန်း - ရောမခေတ် တရားဟောဆရာ)

☺

www.burmeseclassic.com



"နားလည်လို့ မရတာ အပါအဝင် အားလုံးကို ရှင်းပြလို့ ရတယ်"

(အီဗန်ညှ - ရုရှားသတင်းစာဆရာ)

☺

"တချို့လူတွေ ဘယ်လောက် ပညာတတ်နေကြသလဲဆိုရင် ဘာအကြောင်းပဲပြောပြော ပျင်းစရာကောင်းတယ်"

☺

"တက္ကသိုလ်ပညာရဲ့ကျေးဇူးကြောင့် ကျွန်တော် ဘာမှမသိဘူးဆိုတာကို ကျွန်တော် သိလာတယ်"

(ရှူးဒီး+ ၁၉၂၆ - ၁၉၈၃+ စာရေးဆရာ၊ စီးပွားရေးပညာရှင်)

☺

"ညံ့တဲ့ကျောင်းသား ကျူရှင်ယူတယ်။ လိမ္မာတဲ့ ကျောင်းသား စာစစ်တဲ့လူကို ပိုက်ဆံပေးတယ်"

(မယ်လီဟာ

☺





"အထူးအောင် ဘွဲ့လက်မှတ်နဲ့ဆို ပိုက်ဆံချမ်းသာတဲ့ မုဆိုးမကို လက်ထပ်လိုက်၊ တစ်သက်လုံး မဆင်းမရဲ နေရမယ်"

☺

"လူတစ်ယောက် သူ နားမလည်တဲ့ အကြောင်းအရာကို ရေးတယ်ဆိုရင် အဲဒီအကြောင်းကို သူ့ထက်ပိုနားလည်တဲ့ စာဖတ်သူတွေပဲ နားလည်လိမ့်မယ်"

☺

"ခင်ဗျားကို နားလည်စေချင်ရင် ရှင်းပြဖို့ မကြိုးစားနဲ့"

(ဒီးဒရိုး + ၁၇၁၃ - ၁၇၈၄ + ပြင်သစ်တွေးခေါ်ရှင်)

☺

"မှားကြောင်း သက်သေပြခံရမှာကို မကြောက်နဲ့။ ခင်ဗျား နားမလည်မှာပဲ ကြောက်"

(ကန့် + ၁၇၂၄ - ၁၈၀၄ + ဂျာမန်တွေးခေါ်ရှင်)

☺

www.burmeseclassic.com



“သူ့ခေါင်းထဲမှာ ဗဟုသုတတွေ ဘယ်လောက်များနေသလဲဆိုရင် ကိုယ်ပိုင်အတွေးအတွက်တောင် နေရာမရှိတော့ဘူး”

(စတန်နီစလပ်လက်စ်)

☺

“ကျွန်တော်တို့သိတာ များသလောက် နားလည်တာ နည်းလိုက်တာ”

(အိုင်းစတိုင်း)

☺

“နည်းပညာတွေ ဘယ်လောက်ပဲ တိုးတက်တယ်ပြောပြော ရှိုးရှိုးလှေကားထက် မာတ်လှေကား ပိုပျက်တာအမှန်ပဲ”

(စတန်နီစလပ်လက်စ်)

☺

“အနုမြူဗုံးကို လူတွေ တီထွင်လိုက်ကြသတဲ့။ ကမ္ဘာပေါ်မှာ ကြွက်ထောင်ချောက်ကို တီထွင်ဖို့ ဘယ်ကြွက်မှ မစဉ်းစားကြပါဘူး”

(ဗယ်နာမိန်ျ + ၁၉၆၃ --- ဂျာမန်စာရေးဆရာ)





“တန်းစီတဲ့အခါမှာလောက် မာနစိတ် ပျောက်လွယ်တာ မရှိဘူး”

☺

“ဘာပဲပြင်ပြင်၊ အရင်မောတဲ့လူ အရင်ပြီးစမြဲ”

☺

“အိပ်မက်ထဲမှာ လူတွေ ပျံကြတော့ မတိုက်မိအောင် ငှက်တွေ အဝေးက ရှောင်ကြတယ်”

☺

“စာဖတ်သူကို အောက်ရောက်အောင် ဆွဲမချဘဲနဲ့ စာ-ဃ်-ဇင်း စောင်ရေတိုးအောင် ဘယ်လိုလုပ်ရပါ့မလဲနော်”

☺

“စာကြောင်းတွေကြား ( Between the lines ) က မြုပ်နေတဲ့အဓိပ္ပာယ်ကို ဖေါ်ဖတ်တတ်တဲ့လူတွေ မကြာခင် စာမျက်နှာ

www.burmeseclassic.com



ကြား ( Between the pages ) က အဓိပ္ပာယ်ကို ဖေါ်ဖတ်တတ်လာလိမ့်မယ်"

☻

"ရိုးသားမှုကို ရောင်းလို့ မရဘူး။ ကျွန်တော်တို့ ပုံမှန်ဝင်ငွေရှိဖို့ မလွယ်တော့ဘူး"

☻

"တခြားလူတွေကို ဥပမာပေးပြီး ကိုယ့်အမှားကို ရှင်းပြရတာ ပိုလွယ်တယ်"

☻

"ကျွန်တော်တို့ ဘယ်လောက်ပဲညံ့ညံ့၊ ကျွန်တော်တို့ထက် ညံ့တဲ့လူ ရှိသေးတယ်ဆိုတဲ့အသိက ကျွန်တော်တို့ကို ရှေ့ဆက်သွားဖို့ တွန်းအားပေးတယ်"

☻





"နယ်ရုပ်တွေ ဝိုင်းရံထားတော့ ကိုယ့်ကိုယ်ကို တကယ့်ဘုရင်ကြီးလို့ ထင်ချင်လာတယ်"

☻

"သိုးအုပ်ကိုကြည့်ပြီး စည်းဝေးပွဲကို သတိရတယ်"

☻

"သားကောင်ကို ရှာတဲ့အလုပ်ဟာလည်း တစ်ခါတလေ ဖန်တီးမှုသဘောကို ဆောင်တယ်"

☻

"ဘာကောင်မှ မဟုတ်ခဲ့တဲ့လူ ဘာကောင်မဆို ဖြစ်လာနိုင်တယ်"

☻

"အမည်းကို အဖြူပါလို့ ပြောနေတဲ့ကာလမှာ မှဲ့ခြောက်ခြောက်တွေ မိုးကောင်းကြတယ်"

www.burmeseclassic.com



"တစ်ခါတလေ ကောင်းတာလုပ်တာပဲ။ မကောင်း မရှိပါဘူး"

☺

"အရင်အမျိုးသမီးတွေနဲ့ အရင်အမှားတွေကို ထပ်မလုပ်နဲ့"

☺

"ရုပ်အဓိကဆိုတာ စိတ်ကပဲ အတည်ပြု ပြောတာပါ"

☺

"လူအားလုံးနည်းတူ ကျွန်ုပ်စဉ်းစားသည်။ ထို့ကြောင့် ကျွန်ုပ်လည်း ရှိသည်"

☺

"နေရောင်အောက်က နေရာကို ညနေကတည်းက ယူငင်လိုတယ်"





"ဒီကမ္ဘာကြီးမှာ ကျွန်တော်တို့ တစ်ဦးတည်း မဟုတ်ဘူး။ ဒီအချက်ကို အိမ်နီးချင်းတွေ သတိအပေးဆုံး"

☺

"အတွေးတွေ ရောက်လာလိုက်၊ ပျောက်သွားလိုက်ပဲ။ အရေးကြီးတာက ခေါင်းဟာ သူ့နေရာမှာ သူဆက်ရှိနေဖို့ပဲ"

☺

"အစာဝနေတဲ့လူဟာ ငတ်နေတဲ့လူရဲ့ ရဲဘော်ရဲဘက် မဖြစ်နိုင်ဘူး။ အလုပ်ရှင်ပဲ ဖြစ်နိုင်တယ်"

☺

"ဒီလောက်များတဲ့ပိုက်ဆံတွေ ဘာဖြစ်လို့ ပြည်သူ့လက်ထဲ မရောက်ပါလိမ့်နော်"

☺

"မိန်းမတစ်ယောက်ကို ဒင်း ဆုံးဖြတ်ပြီးပြီဆိုမှ အကြံ

www.burmeseclassic.com



ပေးပါ"

"စိတ်ကြိုက်ဖြစ်တဲ့ အလုပ်တစ်ခုခုကို ရှာတွေ့တယ်ဆိုရင် တစ်ယောက်ယောက်များ အဲဒါကို ပျောက်သွားတာ ဖြစ်လေမလား ဆိုတာ စဉ်းစားကြည့်ပါ"

"စိတ်ပြောင်းမယ့်အတူတူ ကြိုတင်စဉ်းစားစရာ လိုသေး လား"

"စီနေတဲ့တန်း ရွေ့လျားတာ သိပ်မြန်နေရင် လိုချင်တဲ့ ဘက် ဦးတည်နေတာ ဟုတ်ရဲ့လားဆိုတာ စစ်ဆေးကြည့်ပါ"

"ခင်ဗျားကို ပြောတဲ့စကားတွေ အရမ်းနှစ်သက် ကျေနပ်





ဖွယ် ကောင်းနေရင် မြှောက်တဲ့လူ အင်မတန် တော်လို့ ဖြစ်ရမယ်"

"အဓိပ္ပာယ် မရှိတာကို မပြောဘဲနဲ့ သီချင်းလုပ်ပြီး ဆိုလိုက် မယ်ဆိုရင် ခေတ်ပေါ်တေးတစ်ပုဒ်ကို ရသွားမှာပဲ"

"လူတစ်ယောက် သူ့တန်ဖိုး သူသိနေတယ် ဆိုတာကြောင့် အဲဒီလောက် သူ့ တန်ဖိုးရှိတယ်ဆိုတဲ့ အဓိပ္ပာယ် မသက်ရောက်သေး ဘူး"

"တခြားလူရဲ့ရာထူးကို အလွဲသုံးစားလုပ်လို့ ရနေရင် ဘာ ဖြစ်လို့ ကိုယ့်ရာထူးကို အလွဲသုံးစားလုပ်မှာလဲ"

www.burmeseclassic.com



"လူစကားက လွဲလို့ ကမ္ဘာပေါ်မှာရှိတဲ့ ဘာသာစကား အားလုံးနီးပါးကို သိတဲ့လူ"

☺

"ယာဉ်စည်းကမ်းတွေမှာ ချွင်းချက်ရှာတာ အင်မတန် အန္တရာယ်များတယ်"

☺

"တစ်ခါတလေ အိပ်ဆေးအမှတ်နဲ့ ဆုံးဖြတ်ချက်ကို ချရ တယ်။ ဒါမှလည်း အိပ်ပျော်တယ်"

☺

"အစားထိုးလို့မရတဲ့ ဝန်ထမ်းတွေဟာ သာမန် ပင်စင်စား တွေ ဖြစ်နေလေ့ရှိတယ်"

☺

"ကိုယ်ပိုင်အမြင်သာ ရှိပါစေ။ အတော်များများကို ပထမ





အကြိမ် မြင်လိုက်တာနဲ့ နားလည်လို့ရတယ်"

☺

ကိုယ့်အမြင်ကို ဆက်ပြီးဆုပ်ကိုင်ထားရင် လွယ်လွယ်နဲ့ အစွန်းရောက်သွားနိုင်တယ်"

☺

"စိတ်ကြိုက်အလုပ်ကို တွေ့ပါရဲ့။ ဒါပေမယ့် ဥပဒေနဲ့ မလွတ်ကင်းဘူး ဖြစ်နေတယ်"

☺

"ကိုယ့်ရဲ့နောက်လိုက်တွေကို ကိုယ့်နောက်ကို လိုက်နေ တဲ့လူတွေနဲ့ ခွဲခြားတတ်ဖို့ လိုသေးတယ်"

☺ ☺ ☺

www.burmeseclassic.com



၂။ "ငထိုငထိုင်းတွေ ပုံပြင်ထဲမှာပဲ ကံကောင်းကြပါစေ"

☺

"သတိမေ့ရောဂါ စွဲကပ်နေသူကို မှတ်ဉာဏ်နည်းလှချည်လားလို့ အပြစ်မတင်ပါနဲ့"

☺

"သတင်းစာ အကူအညီနဲ့ ယင်ကောင်ထက် လူကို သတ်ရတာ ပိုလွယ်တယ်"

☺

"ပြည်သူကြားက ထွက်လာတဲ့လူကို ပြည်သူထဲ ပြန်သွင်းဖို့ ခက်တယ်"

☺

"မိုက်မဲတဲ့ အမိန့်တွေကို ပညာရှိပုံနဲ့ အကောင်အထည် မဖော်ပါနဲ့"





"ခင်ဗျား ကုလားအုပ်မဟုတ်ဘူးဆိုတာ မြည်းကို သက်သေထူရခက်တယ်"

☺

"ဘာမှမရှိတဲ့ ဟောင်းလောင်းကို ခေါင်းထဲက ထုတ်ပစ်ရခက်တယ်"

☺

"မှောင်မိုက်သော အတိတ်သည် တောက်ပြောင်သော အနာဂတ်ကို အာမ,မခံပါ"

☺ ☺ ☺

www.burmeseclassic.com



၃။ "အပြောနဲ့အလုပ် ညီရအောင် ဘာမှ မပြောဘူး။ ဘာမှလည်း မလုပ်ဘူး"

☺

"ကျွန်တော့်အလုပ်ဟာ လျှို့ဝှက်တဲ့သဘောကို ဘယ်လောက်ဆောင်သလဲဆိုရင် ကျွန်တော် ဘာကိုလုပ်နေတာလဲဆိုတာတောင် ကျွန်တော် သိခွင့်မရှိဘူး"

☺

"ခင်ဗျား လုပ်နေတာကို ဘယ်သူမှ မသိဘူးဆိုရင် ခင်ဗျား လုပ်နေတာ မမှန်ဘူးဆိုတာ ဘယ်သူမှ သိမှာမဟုတ်ဘူး"

☺

"ကိုယ်တိုင် လုပ်စရာမလိုတဲ့ လူတစ်ယောက်အတွက် မဖြစ်နိုင်တာ ဘာမှမရှိပါ"

(အော၊ ဝိုင်လာ)

☺





"မနက်ဖြန်မှာ သူ ဘာလုပ်ဖို့ စိတ်ကူးထားတယ်လို့ လူတစ်ယောက်က ပြောရင် မနေ့က သူ ဘာလုပ်ခဲ့သလဲဆိုတာ မေးလိုက်ပါ"

☺

"လူတစ်ယောက်ကို သူ မကျေမချင်း မနင်းပါနဲ့"

(ဖင်လီ ပီတာဒန်း)

☺

"ခင်ဗျား ဘာသိသလဲဆိုတာ အရေးမကြီးဘူး။ ခင်ဗျား ဘယ်သူ့ကို သိသလဲဆိုတာပဲ အရေးကြီးတယ်"

☺ ☺ ☺

www.burmeseclassic.com



မှာ"အရိုင် ခိုတတ်ရုံနဲ့ မပြီးဘူး။ ဘယ်သူ့အရိပ်ကို ခိုရမလဲ ဆိုတာသိဖို့ လိုသေးတယ်"

☺

"ကျွန်တော် သူ့ကို ထွင်းဖောက်ပြီး မြင်တယ်။ ဒါကြောင့် သူ့နောက်မှာ ဘယ်သူရှိသလဲဆိုတာ သိတယ်"

(လက်စ်)

☺

"သူတို့ကို အသုံးချတာ နည်းလေလေ၊ သူငယ်ချင်း မိတ်ဆွေတွေ ကြာရှည်ခံလေလေ"

☺

"အထက်အရာရှိရဲ့ဟာသကို နောက်ဆုံးကျမှ ရယ်တဲ့သူဟာ အင်အားလျှော့မယ့်လူတွေ စာရင်းထဲမှာ ထိပ်ဆုံးက ပါနေတတ်တယ်"

☺





"သူ့မှာ ကိုယ်ပိုင်အမြင် မရှိဘူး။ ဒါပေမဲ့ အခြားလူတွေရဲ့ အမြင်တွေကို သူ့ရဲ့လက်မှတ် မပါဘဲနဲ့ ထည့်သွင်းစဉ်းစားခြင်း မပြုဘူးဗျာ"

☺

"မဖါးရင် မစားရဘူးမှတ်"

(ရှိင်းချတ်)

☺

"အထက်လူကြီးရဲ့ဟာသကို အားရပါးရ မရယ်တတ်သေးသမျှကာလပတ်လုံး လူကို ကွန်ပျူတာက အစားထိုးနိုင်သေးမည် မဟုတ်ပါ"

☺

"ဘယ်လိုဖြစ်သင့်သလဲဆိုတာ ကျွန်တော်မသိဘူး။ ဒါပေမဲ့ ခင်ဗျားလုပ်နေတာ မမှန်ဘူးဆိုတာတော့ သေချာတယ်"

☺

www.burmeseclassic.com



"ဖနောင့်နဲ့ အပေါက်ခံရတိုင်း ဦးညွတ်တုန့်ပြန်စရာ မလို"

(အူဘာန်းချစ်)

☺

"ပွင့်လင်းစမ်းပါ။ အထက်လူကြီးနဲ့ သဘောထားချင်း တိုက်ဆိုင်ကြောင်း ပြောင် ကြေငြာစမ်းပါ"

☺

"အထက်လူကြီးရဲ့ သေးငယ်တဲ့အမှားပဲဖြစ်ဦး။ အဲဒါကို ထောက်ပြမိရင်ပဲ ခင်ဗျားရဲ့ ကြီးမားတဲ့အမှားဖြစ်ပြီ"

☺

"ကိုယ် ကိုယ်တိုင်လုပ်နိုင်တာကို တခြားလူ မခိုင်းနဲ့တဲ့၊ ကျွန်တော့်ခံယူချက်က တစ်မျိုး။ တခြားလူတွေ ကိုယ့်ထက် မညံ့အောင် လုပ်နိုင်ရင် ကိုယ်ကိုယ်တိုင် မလုပ်ဘူး။ ဒါပဲ"

☺





"ခင်ဗျား ဘယ်ကိုမှ အရင်မလိုဘူးဆိုရင် ခင်ဗျားကို ဘယ်မှာမှ စောင့်မနေလို့ပဲ ဖြစ်ရမယ်"

☺

"မနက်ဖြန်မှ လုပ်ရမယ့်ကိစ္စကို မနေ့ကတည်းက လုပ်တဲ့ လူတွေကို ရှောင်ပါ"

☺

"နိဗ္ဗာန် - နိုးစက်နာရီ၊ တနင်္လာနေ့နဲ့ အထက်အရာရှိ မရှိတဲ့နေရာ"

(ဒမီထရီ ပတ်ရှ်ကော့)

☺

"ခင်ဗျားပြောတာကို အားလုံးက သဘောတူတယ်ဆိုရင် ခင်ဗျား အင်မတန်တော်လို့ ဖြစ်ရမယ်။ ဒါမှမဟုတ် အထက်လူကြီး ဖြစ်လို့ဖြစ်ရမယ်"

☺ ☺ ☺

www.burmeseclassic.com



၅။ "အချိန်တာငွေပဲ"

(ဘင်ဂျမင် ဖရန့်ကလင်

☺

"ကျွန်တော်တို့ဆီမှာရှိနေတဲ့ အချိန်တွေဟာ ကျွန်တော်တို့ ဆီမှာမရှိတဲ့ ငွေတွေပါပဲ"

(အီလျာအိ

☺

"အချိန်ဟာ ငွေပါပဲ။ ဒါပေမဲ့ ငွေက ပိုကောင်းပါတယ်"

☺

"ပင်စင်စားရဲ့ ကြော်ငြာ = အချိန်ကို ငွေနဲ့လဲသည်။"

☺

"အချိန်ဟာ ငွေဆိုတာ ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ် ဒါပေမဲ့ လူတွေဟာ အချိန်ကို ခွဲပေးချင်ပေးမယ်။ ပိုက်ဆံကျတော့





မပေးချင်ကြဘူး"

☺ ☺ ☺

၆။ "ငွေသည် အကောင်းဆုံး စိတ်ငြိမ်ဆေးဖြစ်၏"

(လီဗင်ဆန်)

☺

"ပိုက်ဆံကလွဲရင် လူဟာ သဘာဝတရားက သူ့ကို ပေး ထားတာထက် ပိုပြီး ဘာမှမလိုပါဘူး"

(ဂျိုးဇက်ဖ် ဘက်စ်တာ)

☺

"ပိုက်ဆံဟာ ဆဋ္ဌမအာရုံပဲ။ သူ မရှိရင် ကျန်တဲ့ အာရုံ ငါးပါး ဘာအစိပ္ပာယ်မှ မရှိဘူး"

(မော်မ်)

☺

"ပိုက်ဆံရှိရင် အကုန်လုံး လုပ်လို့ရတယ်လို့ လူတစ်ယောက်

www.burmeseclassic.com



ပြောရင် အဲဒီလူဆီမှာ အခုလည်း ပိုက်ဆံ မရှိ၊ ဘယ်တုန်းကမှလည်း မရှိခဲ့ဘူးလို့ သိပါ”

(အက်ဂါပောင်း)

☺

“ပျော်ရွှင်မှုဟာ ငွေအပေါ် မတည်ဘူးလို့ ပြောကြတယ်။ ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ သိရအောင် ကိုယ်တိုင် ခံစားကြည့်ချင်လိုက်တာနော်”

☺

“ငွေနဲ့ကျန်းမာရေး ဘယ်ဟာက ဂိုအရေးကြီးသလဲလို့ မေးတယ်နော်။ ခင်ဗျား ဘာကို ဆုံးရှုံးသွားသလဲဆိုတဲ့အပေါ်မှာ တည်ပါတယ်”

☺

“လူတွေ လူချမ်းသာ မဖြစ်ချင်ကြပါဘူး။ တခြားလူတွေထက်ပဲ ပိုပြီး ချမ်းသာချင်ကြတာပါ”

(ဂျွန်စတူးဝတ်မီးလ်)





“လူတွေရဲ့ ရိုးသားမှုဟာ သူတို့ရဲ့ စည်းစိမ်ဥစ္စာနဲ့အတူ တိုးတက်ကြီးထွားလာတယ်လို့ သတိမထားမိပါဘူးဗျာ”

(သောမတ်စ် ဂျက်ဖာဆင်)

☺

“လူချမ်းသာတွေ ပိုက်ဆံအကြောင်းပဲ စဉ်းစားနေကြပေမယ့် ပိုက်ဆံအကြောင်း စဉ်းစားစရာ မလိုအောင် ချမ်းသာချင်လိုက်တာ”

(အာဘယ်လ် ဘွန်းနား)

☺

“သူမဆီမှာ ဒေါ်လာလေးသန်းရှိနေလို့ ကျွန်တော် သူမကို လက်ထပ်လိုက်တာ မဟုတ်ဘူး။ ခင်းဆီမှာ နှစ်သန်းပဲ ရှိဦး၊ ကျွန်တော် လက်ထပ်မှာပါ”

(ရှားလ် ဖော့တ်)

☺

“တခြားလူရဲ့ အိတ်ထောင်ထဲမှာ ပိုက်ဆံ ဘယ်လောက်ရှိ

www.burmeseclassic.com



သလဲဆိုတာ ရေတွက်တာ မကောင်းဘူး။ ဒါပေမဲ့ စိတ်ဝင်စား
ရေးတော့ ကောင်းတယ်"

☺

"မချမ်းသာလာမချင်း ခင်ဗျားဆီမှာ ဆင်းရဲတဲ့ဆွေမျိုး
ဘယ်လောက်ရှိသလဲဆိုတာ မသိရဘူး"

☺

"တခြားလူတွေမှာ ပိုက်ဆံဘယ်လောက်ရှိသလဲဆိုတာ
ရေတွက်ရင်း ချမ်းသာလာတဲ့လူကို မမြင်ဖူးပါဘူး"

☺

"ဆင်းရဲသားကို ဘုရားသခင် ချစ်တယ်။ ဒါပေမဲ့ လူ
ချမ်းသာတွေကို အကူအညီပေးတယ်"

(အမည်မသိ)

☺

"ကိုယ် ဆင်းရဲတာကို သည်းခံလို့ရတယ်။ တခြားလူ





သာတာကို သည်းခံရခက်တယ်"

☺

"ဆင်းရဲသားတွေမှာ ကလေးများတယ်။ လူချမ်းသာတွေ
ဆွေမျိုးများတယ်"

☺

"ချမ်းချမ်းသာသာ နေရတာက ချမ်းချမ်းသာသာနဲ့ သေရ
ထက် ပိုကောင်းတယ်"

☺

"ခင်ဗျား ဒီလောက်တောင် တော်နေတာ ဘာဖြစ်လို့ ဒီ
ာက်တောင် ဆင်းရဲနေရတာလဲဟင်"

☺

"ကိုယ့်ထက် ဝင်ငွေ နည်းနည်းပိုလေလေ၊ အဲဒီလူကို

www.burmeseclassic.com



သံသယ ဖြစ်ချင်လေလေ"

☺

"လူနေမှုစရိတ် မြင့်လာလေလေ၊ လူ့တန်ဖိုး လျော့ကျလာလေလေ"

(ဒူရှန်ပီထရိုဗစ်ချ်)

☺

"ဆင်းရဲခြင်း ပြဿနာကို အမြန်ဆုံး ဖြေရှင်းချင်ရင် ကျွန်တော်တို့ ချမ်းသာနေသယောင် ဟန်ဆောင်နေတာကို ရပ်လိုက်ပါ"

(အမည်မသိ)

☺

"**စီးပွားရေးပညာရှင်** - ပိုက်ဆံရှိတဲ့ လူတွေထက် ပိုက်ဆံအကြောင်းကို ပိုသိတဲ့လူ"

☺





"**စီးပွားရေးပညာရှင်** - မနေ့က သူ့ရဲ့ဟောကိန်း ဒီနေ့ဘာကြောင့် မဖြစ်လာသလဲ ဆိုတာကို မနက်ဖြန်ကျရင် ခင်ဗျားကို ရှင်းပြမယ့်သူ"

(လောရင့်စ် ပီတာ)

☺

"ယောက်ျားဟာ သူလိုတဲ့ တစ်ဒေါ်လာတန်ပစ္စည်းကို နှစ်ဒေါ်လာပေးပြီး ဝယ်တယ်။ မိန်းမဟာ သူမ မလိုတဲ့ နှစ်ဒေါ်လာတန်ပစ္စည်းကို တစ်ဒေါ်လာပေးပြီး ဝယ်တယ်"

(ဝီလျံ ဘင်ဂျာ)

☺

"ဘယ်လောက်ပဲ ကျကျ၊ ဈေးမကြီးရင် ပြီးရော"

☺ ☺ ☺

www.burmeseclassic.com



၇။ "ကြော်ငြာဆိုတာ ဥပဒေက ခွင့်ပြုထားတဲ့ လိမ်ညာမှုပါပဲ"

☺

"စီးပွားရေးကို ကြော်ငြာမပါဘဲ လုပ်တယ်ဆိုတာဟာ အမှောင်ခန်းထဲမှာ မိန်းကလေးတွေကို မျက်စပစ်နေတာနဲ့ အတူတူပဲ"

(စတူးဝတ် ဘရစ်)

☺

"ခလုတ်သာ နှိပ်လိုက်ပါ။ ကျန်တာအားလုံး ကျွန်တော်တို့ လုပ်ပါ့မယ်"

(ကိုဒတ် ကင်မရာကြော်ငြာ)

☺

"သေသာ သေပေးပါ။ ကျန်တာအားလုံး ကျွန်တော်တို့ လုပ်ပါ့မယ်"

(အမေရိကန်က သုဘရာဇာ လုပ်ငန်းကြော်ငြာ)

☺ ☺ ☺





၈။ "အခုခေတ်မှာ အကြွေး မရှိဘူးဆိုရင် ဥပဒေနဲ့ ဆန့်ကျင်တာ တစ်ခုခုကို ခင်ဗျား လုပ်နေလို့ဖြစ်ရမယ်"

(အမည်မသိ)

☺

"ပြန်မဆပ်နိုင်ဘူးဆိုတာ အသေအချာ သိနေရင် အကြွေးယူရတာ သိပ်ပျော်တာပဲ"

(ပါရှုကော့)

☺

"သူငယ်ချင်းတွေ၊ အထူးသဖြင့် ခင်ဗျားကို အကြွေးပေးစရာရှိနေတဲ့ သူငယ်ချင်းတွေကို ဘယ်တော့မှ မမေ့ပါနဲ့"

☺

"ခင်ဗျား အကြွေးတစ်ထောင် ပေးစရာရှိနေရင် အဲဒါ ခင်ဗျား ပူပင်ရမယ့်ကိစ္စ၊ အဲ. . . ဆယ်သိန်း ပေးစရာရှိနေရင်တော့ အဲဒါ ကြွေးရှင် ပူပင်ရမယ့်ကိစ္စဖြစ်သွားပြီ"

☺ ☺ ☺

www.burmeseclassic.com



၉။ "တချို့လူတွေ အမှန်တရားကို သိပ်တန်ဖိုးထားတော့ သူ့ ရဲ့ ဘက်တော်သားတွေကို ဝယ်ဖို့ ကြိုးစားကြတယ်"

(G.Malkin/ မားလ်ကင် - ရုရှားစာရေးဆရာ

☺

"နောင်လာနောက်သား (ရုရှား) တွေကို သနားတယ် သူတို့ ခိုးစရာ ဘာမှမကျန်တော့ဘူး"

(B. Krutier/ ကရုတီယဲ - ရုရှားစာရေးဆရာ

☺

"မဟာအင်အားကြီးနိုင်ငံတွေလည်း ဖွံ့ဖြိုးဆဲနိုင်ငံ ဖြစ်သင့်တယ်"

☺

"ကျွန်တော်တို့ရဲ့ဘဝ ကောင်းစားရေးအတွက် စဉ်းစား တဲ့အစိုးရကို ကျွန်တော်တို့ရဲ့ပြဿနာတွေနဲ့ အာရုံပျက်အော မလုပ်ပါနဲ့"

(မားလ်ကင်





"ဘုရင်မနဲ့ စကားများ ရန်ဖြစ်တော့ ညအချိန်မှာ ပြည်သူ အကြောင်းကိုပဲ စဉ်းစားရတော့တယ်"

☺

"ဥပဒေကို မသိခြင်းကြောင့် လာဘ်ပေးခြင်းမှ ကင်းလွတ် ခွင့် မရှိပါ"

(မားလ်ကင်)

☺

"မှန်တာနဲ့ မလုံလောက်ဘူး။ အပြစ်လည်းမရှိဦးမှ"

☺

"ဝယ်လို့ရတဲ့နေရာတိုင်းမှာ တရားမျှတမှုကို ရှာပါ"

☺

"သူ့ကို ဘယ်သူစောင့်နေသလဲဆိုတာ အနာဂတ် မသိတာ ကောင်းတယ်"

www.burmeseclassic.com



"ဘုရားမဲ့ဝါဒီတွေ ငရဲကိုပဲ မယုံကြတာပါ"

☺

"ဘုရားသခင်ကို ဘုရားမဲ့ဝါဒီတွေပါ အားကိုးကြတယ်"

☺

"ကိုယ့်ရဲ့ရန်သူတွေကို သူတို့မှန်နေတယ်ဆိုရင် ခွင့်လွှ
လိုက်ပါ"

☺

"အကြောက်တရားရဲ့ ကျေးကျွန်ဟာ အဆိုးဆုံး ကျေးကျွ
ပဲ"
(G. Bernard Shaw + 1856 - 1950 + ဘားနတ်ရှော - အင်္ဂလိ
စာရေးဆရာ)

☺

"မမျှော်လင့်တဲ့အတွေး ရုတ်တရက် ရောက်လာ





သူ့ကို ဘာနဲ့ဧည့်ခံရမှန်းတောင် မသိဘူး"

☺

"ကျွန်တော်နဲ့ ပတ်သက်ပြီး ကွယ်ရာမှာ ဘာတွေပြောနေ ကြသလဲဆိုတာ မသိချင်ပါဘူး။ ဒီအတိုင်းလည်း ကျွန်တော့်ကိုယ် ကျွန်တော် အထင်ကြီးပြီးသား"
(Oscar Wilde + 1854 - 1900 + အော်စကာဝိုင်းလ်- အင်္ဂလိပ် စာရေးဆရာ)

☺

"နေရောင်အောက်က နေရာကို အရိပ်အောက်မှာ ခွဲပေး တယ်"

☺

"ကျန်းမာပါစေလို့ ဆုတောင်းတာဟာ အလုပ် ဆက်လုပ် နိုင်ပါစေလို့ ဆုတောင်းတဲ့အဓိပ္ပာယ်"

☺

www.burmeseclassic.com



"တတ်နိုင်တာထက် ပိုမလုပ်နဲ့။ အလုပ်မရှိဘဲ ဖြစ်သွားလိမ့်မယ်"

☺

"လိုတဲ့အချိန်နဲ့ လိုတဲ့နေရာမှာ မလိုတဲ့လူတွေ ရောက်နေတတ်တယ်"

☺ ☺ ☺

၁၀။ "ရတဲ့လစာက ရယ်စရာကောင်းလွန်းတော့ ငိုတောင်ငိုချင်တယ်"

☺

"လခတစ်ခုတည်းနဲ့ ဘဝကို ခင်တွယ်ဖို့ ခက်သထက် ခက်လာတယ်"

☺

"ပထမအကြိမ် တောင်းတာနဲ့ အကြွေးကို ပြန်ဆပ်လိုက်





ရင် ကျေးဇူး မတင်ချင်တော့ဘူး"

☺

"အကျိုးသာ ရှိမယ်ဆိုရင် လူအားလုံး ကိုယ်ကျိုး မဖက်သူတွေ ဖြစ်ကုန်ကြမယ်ထင်တယ်"

☺

"ငွေရှိနေတဲ့အခါမှာ ဘဝမှာ ငွေထက် အရေးကြီးတာတွေ အများကြီးပါလားဆိုတာ သိလာတယ်"

☺

"လူတိုင်းလူတိုင်း ကိုယ့်တန်ဖိုးကို သိရမယ်။ အနည်းဆုံး ဈေးကိုတော့ သိသင့်တယ်"

☺

"ပိုက်ဆံက ခင်ဗျားကို ပျော်ရွှင်မှု မပေးနိုင်ဘူးဆိုရင် ခင်ဗျားပိုက်ဆံ မဟုတ်လို့ဘဲ ဖြစ်ရမယ်"

www.burmeseclassic.com



"ပျော်ရွှင်မှုဟာ ငွေအပေါ် မတည်ဘူးဆိုရင် အဲဒီပိုက်ဆံ
ကို အိမ်နီးချင်း ပေးလိုက်ပါ"

☺

"ခင်ဗျားကို လူတကာ မှတ်မိစေချင်သလား၊ အဲဒါဆို
ကိုယ့်အကြောင်းကို မေ့ထားလိုက်"

☺

"တကယ်ရှိတာထက် ခင်ဗျား ပိုကြည့်လို့ ကောင်းနေ
လား"

☺

"နယူတန်ရဲ့ ခေါင်းပေါ်ကျလာတာ မဟုတ်ဘူးဆိုရင်
ကောက်စားပစ်လိုက်"

☺

ခွေကို ရယ်အောင်လုပ်တဲ့ ကျွန်တော့်နည်းက အမှ





ကိုပြောခြင်းပဲ။ ကမ္ဘာပေါ်မှာ ဒီ့ထက်ရယ်စရာကောင်းတာ မရှိဘူး"
(ဘားနတ်ရှော)

☺ ☺ ☺

၁၁။ "မိုက်မဲခြင်းကို တိုယ်ကျိုးမဖက်ခြင်းနဲ့ အတူတူပဲလို့
ပြောရင် ကျွန်တော်တို့အားလုံး လူတော်တွေချည်းပဲ"

☺

"ကိုယ့်ကိုယ်ကို မချိုးနှိမ်တတ်သူလို့ ထင်ကြမှာစိုးလို့
ကောင်းမှုတောင် မလုပ်ဘူးတဲ့"

☺

"လူကောင်းဖြစ်ရတာ လွယ်တယ်။ လူဆိုး မဖြစ်ဘို့ပဲ ခက်
တယ်"

☺

"သွားသစ် တပ်ထားတဲ့လူ အကောင်းဆုံး ရယ်တယ်"

www.burmeseclassic.com



"ခင်ဗျားပြောတဲ့ ဟာသကို ရှင်းပြရပြီဆိုရင် ကိုယ်မွေ
တဲ့နေ့က စလိုက်ပါ"

☺

"သူငယ်ချင်း တစ်ရာရဖို့အတွက် ငွေတစ်ရာကတော့
ဘယ်လိုမှ မလုံလောက်နိုင်ပါဘူး"

☺

"အရာခပ်သိမ်းဟာ တကယ်ရှိတာလောက် မဆိုးပါဘူး"

☺

"အစာမစားခင်အထိ သူ့ကိုယ်သူ သက်သတ်လွတ်သမာ
လို့ ယူဆခဲ့တယ်"

☺

"သူငယ်ချင်းဆိုတာ သူ့ကြောင့် ခင်ဗျား ဒုက္ခရောက်ရ
အခါတိုင်း ခင်ဗျားအနားမှာ ရှိတဲ့သူ"

☺





"သူငယ်ချင်းဆိုတာ ခင်ဗျားကို ရောင်းစားလိုက်ဦးတော့၊
ရလာတဲ့ အကျိုးအမြတ်ကို ခင်ဗျားနဲ့ ခွဲယူမယ့်သူ"

☺

"မနက်ဖြန် ဖြစ်မယ့်ဟာကို မနေ့က သတင်းတွေအရ
ဒီနေ့ကို သိနေနိုင်ပြီ"

☺

"မမြင်ချင်တဲ့လူလောက် မျက်စိကန်းတာ မရှိပါ"
(စတန်နီစလပ်စကီး- ရုရှား ပြဇာတ်ဒါရိုက်တာ)

☺

"လခထုတ်တဲ့ရက်မှာ မလှတဲ့မိန်းမ မရှိပါ"

☺ ☺ ☺

၁၂။ "မင်းလိုမျက်နှာမျိုးနဲ့ ခေါင်းရှိဖို့ မလိုပါဘူး"

☺

www.burmeseclassic.com



"လှတဲ့မိန်းမတွေ မရှိဘဲနဲ့ မလှတဲ့မိန်းမတွေ ဘယ်ရှိနိုင်ပ[illegible]မလဲ"

☺

"ဘုရားသခင်ရဲ့အကူအညီနဲ့ လုပ်နိုင်တာကိုပဲ ကတိပေး[illegible]ပါ"

☺

"ကိုယ့်အကြောင်းကို မပြောခင် ကိုယ် ဘာဖြစ်ချင်ခဲ့သလဲ ဆိုတာ အရင်စဉ်းစား"

☺

"မပေးမှာထက် ပိုတောင်းပါ"

☺

"မိုးလေဝသခန့်မှန်းတဲ့လူတွေထက် ဆိုးတဲ့ရာသီဥတု[illegible]တာ မရှိပါ"





"တန်းမရှိဘဲနဲ့ ရှေ့ဆုံးကလူ ဘယ်ဖြစ်နိုင်ပါ့မလဲ"

☺

"လိုအပ်လို့မေ့ထားတာ၊ မေ့ချင်လို့ မထင်နဲ့"
( O.Arnold / အာနိုး - အမေရိကန်စာရေးဆရာ )

☺

"ခင်ဗျား ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ ဆုတောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော့်ဆုတောင်းတွေ ဘယ်တော့မှ မပြည့်တတ်ဘူး"

☺

"ဒီလိုမနေသင့်ဘူးဆိုတာသိတယ်။ ဒါပေမဲ့ တခြားလို မနေတတ်တာခက်တယ်"

(ကရုတီယဲ)

☺

"ကျွန်တော်တို့မနေတတ်သလို ဘယ်သူမှ မနေတတ်ဘူး"

☺ ☺ ☺

www.burmeseclassic.com



၁၃။ ရင်ဆိုင်နေရတဲ့ အဆိုးတရားကို ကျင့်သားရလာပြီဆိုရင် ဒီ့ထက် ဆိုးတာ ဖြစ်လာတယ်"

☺

" 'ဘယ်သူ့တရားခံလဲ' ဆိုတာကိုသာ ကျွန်တော်တို့ တစ်ချိန်လုံး ရှာမနေဘူးဆိုရင် 'ဘာလုပ်ရမလဲ' ဆိုတာ ကျွန်တော်တို့သိတာ ကြာလှပြီ"

(ကရုတီယံ)

☺

"အပြစ်မရှိတဲ့လူ လွတ်ငြိမ်းချမ်းသာခွင့်ကို မမျှော်ကိုးနဲ့"

☺

"တစ်နေရာတည်းမှာ ရပ်နေတာတောင် တက်ကြွနေလိုက်ကြတာနော်"

☺

"လမ်းဟောင်းကို ပြုပြင်ထိန်းသိမ်းရမယ့်အစား ကျွန်တော်





တို့အားလုံး လမ်းသစ်ကိုပဲ ရှာနေကြပါလား"

☺

"ဆိတ်ဆိတ်နေကြတဲ့အခါမှာ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် နားထောင်ကြသေးတယ်"

☺

"ဘာမှ မပြောင်းလဲတဲ့ ပြောင်းလဲရေးခေတ်မှာ နေရတာ အခက်ဆုံး"

☺

"နိုင်ငံရေးသမားတွေရဲ့ ကတိဆိုတာ ဒိန်ခဲ မပါတဲ့ ကြွက်ထောင်ချောက်နဲ့တူတယ်"

(ကရုတီယံ)

☺

"မုန့်သာရမယ်ဆိုရင် ကြိမ်လုံးနဲ့ အရိုက်ခံဖို့ ဝန်မလေးတဲ့

www.burmeseclassic.com



လူတွေ အများကြီး"

(ကရုတီယဲ

☺

"ပြည်သူက ရွေးထားတဲ့လူတွေထဲမှာ ဘုရားသခင်က ရွေး တဲ့လူ နည်းလိုက်တာ"

☺

"အရင်တုန်းက (ဆိုဗီယက်ခေတ်က) ကျွန်တော်တို့ တခြားလူတွေ ကြောက်ကြတယ်။ အခု ကျွန်တော်တို့ ကိုယ့်ကိုယ် ကြောက်နေကြတယ်"

(ကရုတီယဲ

☺

"ဘယ်သူ အကြီးဆုံးလဲဆိုတာ စပြီး မငြင်းခင်အထိ လူ တွေအားလုံး ညီအစ်ကိုတွေ"

☺





"ကျွန်တော်တို့ ကောင်းကောင်း နေ,နေရပြီဆိုတာကိုသာ ကျွန်တော်တို့ကို အယုံသွင်း မထားရင် ဒီ့ထက်ပိုပြီး ကောင်းကောင်း နေရမယ်ဆိုတာကို ကျွန်တော်တို့ ပျော်ပျော်ကြီး ယုံလိုက်မှာပါ"

☺

"မနေ့ကဈေးနှုန်းတွေနဲ့ ဒီနေ့နေချင်တဲ့လူတွေ အများကြီး"

☺

"ကျွန်တော်တို့ ဘယ်လိုနေ,နေရသလဲဆိုတာကိုသာ မစဉ်းစားရင် နေလို့ဖြစ်ပါတယ်"

☺

"ရေစီးကြောင်းအတိုင်း ကူးနေတဲ့အခါမှာ ဘယ်လိုကူးကူး အရေးမကြီးပါဘူး"

☺

"သူများထက်မြင့်အောင် မခုန်နိုင်ရင် အလျားခုန်ပါ"

www.burmeseclassic.com



"တခြားလူတွေ မနာလိုစိတ်ဝင်လောက်အောင် ကိုယ့်ကိုယ်ကိုယ် ချစ်တဲ့လူ"

☺ ☺ ☺

၁၄။ "ကျယ်ကျယ်ပြောတဲ့လူကို ခိုးနားမထောင်ဘူး"

☺

"ခင်ဗျားနောက်ကို အားလုံး လိုက်နေကြတယ်ဆိုရင် ခင်ဗျား ပထမပဲ"

☺

"ကိုယ့်အကြောင်းပြောတာ စိတ်ဝင်စားစရာ အကောင်းဆုံး"

☺

"လွတ်လပ်စွာ ဆိတ်ဆိတ်နေခွင့် မပါရင် လွတ်လပ်စွာ ပြောဆိုခွင့်ဟာ မပြည့်စုံဘူး"





"ဘဝကို မကျေနပ်တဲ့လူတွေ ကံကို ပုံချတယ်။ ကံကို ကျေနပ်တဲ့လူတွေ ဘဝကို ပုံချတယ်"

☺

"တစ်ဖက်ကမ်းမှာလည်း ထူးမခြားနားဆိုရင် ကိုယ့်နောက်က တံတားကို မီးရှို့ဖို့ လိုသလား"

☺

"ဘာကို မျက်ကွယ်ပြုရမလဲဆိုတာကို သိဖို့အတွက် မျက်လုံး နှစ်ဖက်စလုံးကို ဖွင့်ထားရမယ်"

☺

"တစ်သက်လုံး ရိုးရိုးသားသားနေဖို့ ကြိုးစားချင်တဲ့စိတ်ဟာ လူ အတော်များများမှာ အစပိုင်းမှာတင် ပျောက်ကွယ်သွားတတ်တယ်"

☺

www.burmeseclassic.com



“ညာလက်က လုပ်တာကို ဘယ်တော့မှ ဘယ်လက် မသ
စေနဲ့”

( ရုစဘဲ့၊ ၁၈၈၂ - ၁၉၄၅ အမေရိကန်သမ္မတ

☺

“အင်အားလျော့တဲ့အခါမှာ အစားမထိုးနိုင်တဲ့လူကို အ
ဆုံး ထုတ်ပစ်တယ်”

☺

“အထက်အရာရှိရဲ့နေရာမှာ ကိုယ့်ကိုယ်ကိုယ် မမြင်
လက်အောက်ငယ်သားဟာ အင်မတန်ညံ့တဲ့ လက်အောက်ငယ်သာ

☺

“ကျွန်တော်တို့ကို မသိချင်တဲ့လူလောက် ကျွန်တော်တို့
သိတာ မရှိပါ”

☺





“အနာဂတ် နီးလာလေလေ၊ မှောင်မိုက်တဲ့ အတိတ် အရောင်တောက်လာလေလေ”

☺

“ကမ္ဘာကြီးကို ဖန်တီးတာဟာ သူ့အထဲမှာ နေတာထက် ပိုလွယ်ပါလားနော်”

☺

“လမ်းဆိုးကို လမ်းကောင်းထက် ပိုမှတ်မိတယ်”

☺

“ကိုယ့်နေရာမှာ ကိုယ်နေချင်တဲ့လူထက် သူများနေရာမှာ နေချင်တဲ့လူ အမြဲတမ်း ပိုများတယ်”

☺

“တရားမျှတမှုဘက်က တိုက်ပွဲဝင်ရာမှာ ဟဲဗီးဝိတ်တွေ နည်းလိုက်တာ”

www.burmeseclassic.com



"နောက်ဆုံးမှာနေတာ ကောင်းတယ်။ နောက်က ရိုက်မှာတို ကြောက်စရာ မလိုဘူး"

☺ ☺ ☺

၁၅။ "ဘဝတက္ကသိုလ်မှာ နှစ်တိုင်းနှစ်တိုင်း သင်ရိုးညွှန်းတမ်း အသစ်တွေ ချည်းပါလား"

☺

"လမ်းဆိုးလေလေ၊ လမ်းပြ တော်လေလေ"

☺

"စည်းကမ်းချက်အသစ်တွေ ထွက်လာရင် ချွင်းချက် အသစ်တွေလည်း ထွက်လာမယ်။ စိတ်ချ"

☺

"ကိုယ့်အရိပ်ကိုတောင် ကြောက်တဲ့လူ၊ နေရောင်အောက် မှာ မနေနဲ့"





"ရှေ့ဆုံးကလူတွေနဲ့ နောက်ဆုံးကလူတွေ နေရာချင်းလဲ လိုက်တာကြောင့် တန်းတိုသွားမယ် မထင်ပါနဲ့"

☺

"ကံကိုမယုံဘူး၊ ဒါပေမဲ့ ကံကိုပဲ အပြစ်တမ်း ပုံချတယ်"

☺

"တစ်ခါတလေ မျက်စိလည် လမ်းမှားတယ်ဆိုတော့မှ လမ်းမှန်အတိုင်း လျှောက်နေတယ်ဆိုတာ သိတော့တယ်"

☺

"တရားမျှတမှုရှိတယ်ဆိုရင် ဘာဖြစ်လို့ ဒင်း မရှိရတာလဲ င်"

☺

"ထိုင်လို့ရတဲ့နေရာမှာ မတ်တပ်ရပ်ရတာက ပိုလွယ်ပါ တယ်"

www.burmeseclassic.com



"ခင်ဗျားကို အထက်စီးက ကြည့်တဲ့လူထက် မြင့်ဖို့ကြိုးစားပါ"

☺

"စကားပြောခွင့် မရှိတဲ့လူ အသုံးအနှုန်း ရွေးစရာမလို"

☺

"နိဗ္ဗာန်မှာ ဟာသကလွဲလို့ အကုန်ရှိတယ်"

☺

"ဝင်ပေါက် မရှိတဲ့နေရာမှာ ထွက်ပေါက်ကို ရှာရတာ အခက်ဆုံး"

☺

"လုပ်မိတဲ့အမှားတွေရဲ့ အရေအတွက်က အရည်အသွေးအဖြစ်ကို ပြောင်းလာရင် အဲဒါ ဘဝအတွေ့အကြုံပဲ"

☺





"ပြောစရာရှိမှ ဆိတ်ဆိတ်နေ ထောင်တန်တယ်ဆိုတဲ့ စကားမှန်တယ်"

☺

"ကိုယ်ပိုင်အမြင် မရှိဘူးဆိုရင် အမြင်ချင်း မတူဘူးဆိုတာ မဖြစ်နိုင်ဘူး"

☺

"ကိုယ့်ကိုယ်ကိုယ်တောင် ဘာမှပြောစရာ မရှိရင် သူများကို ခင်ဗျား ဘာပြောနိုင်မှာလဲ"

☺

"တမလွန်ဘဝမှာပဲ ရာသက်ပန် နေလို့ရမယ်"

☺

"မျှော်လင့်ချက်တွေဟာ မျှော်လင့်ချက်တွေနဲ့ပဲ နေတဲ့လူတွေထက် သက်တမ်းပိုရှည်တယ်"

www.burmeseclassic.com



"လက်ညှိုးတွေ များလေလေ၊ အလုပ်လုပ်မယ့်လက်တွေ နည်းလေလေ"

☺

"တချို့ မွေးကတည်းက ငထုံငထိုင်းအဖြစ်နဲ့ မွေးလာတယ်။ တချို့ကတော့ ပညာရှိပုံဖမ်းတော့မှ ငထုံငထိုင်းဖြစ်တယ်ဆိုတာ ပေါ်တော့တယ်"

☺

"လွတ်လပ်စွာ ပြောဆိုခွင့်ရဲ့ကျေးဇူးကြောင့် အသုံးအနှုန်း ရွေးရတဲ့အလုပ် လျော့သွားတယ်"

☺

"သူငယ်ချင်းဖြစ်ဖို့ မကြိုးစားတာတစ်ခုနဲ့ပဲ ရန်သူတွေကို မေတ္တာထားသင့်နေပြီ"

☺

"လမ်းကျယ်လေလေ၊ လမ်းမှားဖို့ လွယ်လေလေ"





"သုည - အတွင်းသား အကြောင်းအရာ ကင်းမဲ့တဲ့ သင်္ချာန်သက်သက်"

☺

"သံသယဖြစ်ခြင်း - ကိုယ်ပိုင်အမြင်ရှိသူတွေရဲ့ အခွင့်ထူး"

☺

"သီချင်းတောင်းတဲ့လူတွေအထဲမှာ ဂီတချစ်သူကို သွားရှာ နဲ့"

☺

"ကိုယ့်ကိုယ်ကိုယ် မကျေနပ်တဲ့လူထက် ဘဝကို မကျေနပ်တဲ့လူ ပိုများတယ်"

☺

"ကိုယ့်ကိုယ်ကိုယ် ပျော်အောင်လုပ်ရတာထက် အခြားသူကို ပျော်အောင်လုပ်ရတာ ပိုလွယ်တယ်"

www.burmeseclassic.com



“မှတ်ဉာဏ်ကောင်းရင် သတိမရချင်တဲ့အရာအားလုံး မေ့ရတာလွယ်တယ်”

☺

“ပြတ်သားတဲ့လူ ဗွေဆော်ဦး လက်လျှော့သတဲ့”

☺

“တခြားလမ်း မရှိတဲ့အခါ လမ်းမှန်ကို ရှာရတာ လွယ်တယ်”

☺

“သော့ပေါက်က ချောင်းကြည့်တဲ့အခါ ကိုယ့်ကိုယ်ကိုယ် လွဲလို့ အားလုံးကို မြင်ရတယ်”

☺

“လူသားကို ကယ်တင်ဘို့အတွက် လူအင်အား အမြဲ မလုံလောက်ဘူး”





“ဒီဘဝကနေ အသက်ရှင်လျှက် ထွက်သွားလို့ မရဘူး။ စိတ်ချ”

☺

“ခင်ဗျားကို မနာလိုဖြစ်နေကြရင် ဆင်းဆင်းရဲရဲ နေရမှာ ရှက်စရာကြီး”

☺

“လှည့်ကြည့်ရုံရှိသေး။ အားလုံး ကိုယ့်ရှေ့ရောက်ကုန်ကြပြီ”

☺

“မွေးနေ့နဲ့ သေနေ့ကို တစ်နေ့တည်းလို့ သတ်မှတ်လိုက်ပါ”

☺

“အပိုမိတ်ဆွေတွေ မလိုချင်ရင် အကြံများများပေး”

☺

www.burmeseclassic.com



"အနာဂတ်ဆီက တခြားပစ္စုပ္ပန်ကိုမမျှော်နဲ့"

☺

"တစ်ခါတလေ အနာဂတ်နောက်မှာ ပစ္စုပ္ပန်ကို မမြင်ရဘူး"

☺

"ဥမင်လိုဏ်ခေါင်းရဲ့အဆုံးမှာ အလင်းရောင်ကို မြင်ချင်ရင် တစ်ချိန်လုံး တူးဖို့လိုတယ်"

☺

"သမိုင်းဆိုင်ရာ အဆိုးမြင်ဝါဒီတွေထက် ဆိုးတာ သမိုင်းဆိုင်ရာ အကောင်းမြင်ဝါဒီတွေပဲ ရှိတယ်"

☺

"အနာဂတ်ဟာ အကောင်းမြင်သမားတွေကို ချစ်တယ်။ ဒါပေမဲ့ အဆိုးမြင်သမားတွေနဲ့ ဖောက်ပြားတယ်"

☺ ☺ ☺





၁၆။ "ရှက်စိတ်ဝင်တဲ့နေရာမှာ မခိုးပါနဲ့"

☺

"ကိုယ်နဲ့ မဆိုင်တာကို မျက်စိမကျနဲ့။ ကိုယ်ပစ္စည်းကိုလည်း မျက်စိအောက်က အပျောက်မခံနဲ့"

☺

"ခိုးမယ့်သူ ရှိနေသမျှ ခိုးစရာလည်း ရှိနေမှာပဲ"

(Sum batov - စွမ်ဘားတော့၊ ရုရှားစာရေးဆရာ)

☺

"အားလုံးကို သိမ်းကျုံးခိုးလို့ မရဘူး။ ပြိုင်ဘက်တွေ ခွင့်ပြုမှာ မဟုတ်ဘူး"

(စွမ်ဘားတော့)

☺

"အပြစ်ရှိသူ မရှိတော့ အပြစ်မရှိတဲ့ သားကောင်တွေ

www.burmeseclassic.com



လိုလာတယ်"

(စွမ်ဘားတော

☺

"အပြစ်ရှိသူတွေထဲက ဘယ်သူမှန်သလဲဆိုတာ အနာဂ
က ဖော်ထုတ်လိမ့်မယ်"

☺

"တချို့သော ပိတ်ပင်တားမြစ်ချက်တွေဟာ ပြဿနာ
မဖြေရှင်းနိုင်သေးဘူးဆိုတဲ့ အချက်ကိုပဲ ဖော်ညွှန်းတယ်"

(စွမ်ဘားတော

☺

"အဖမ်းတော့မခံရသေးဘူး။ သူခိုးတော့သူခိုးပဲ"

☺





"နိုင်ငံတော်ပိုင်အဖြစ် အသိမ်းခံရမှာထက်ပိုပြီး ခိုးပါ"

(မားလ်ကင်)

☺

"ပြန်မဆပ်နိုင်တာထက်နည်းပြီး အကြွေးမယူပါနဲ့"

☺

"ကလေးတွေကို လူအဖြစ် ကြီးလာစေချင်ရင် တိရစ္ဆာန်
တွေအကြောင်း ဖတ်ပြပါ"

☺

"ကလေးတွေကို အကြံပေးပါ။ သူတို့ နောက်ထပ် မပူဆာ
မှာ အဲဒါပဲရှိတယ်"

☺

"ကျောက်ရုပ်တွေကို လူတွေ ဘယ်လိုသဘောထားသလဲ
ဆိုတာ ခိုတွေက ဖော်ပြတယ်"

www.burmeseclassic.com



"မှောင်မိုက်တဲ့အတိတ်ကို တောက်ပြောင်တဲ့အနာဂတ်နဲ့ ပေါင်းလိုက်ရင် ပစ္စုပ္ပန်ကိုရမယ်"

☺

"ပါတီက ထွက်ဖို့အတွက် ပါတီဝင် မဟုတ်သူရဲ့ ထောက်ခံ ချက် ယူခဲ့ရမယ်တဲ့"

☺

"စဉ်းစားလို့မရတဲ့ အရာကိုတောင် စိတ်ကူးယဉ်လို့ ရပ် တယ်"

☺

"ဘယ်ကိုမှ အရင်မလိုတဲ့လူ နေရာတကာကို ရောက် တယ်"
(M.A Bulgakov + ၁၈၉၁- ၁၉၄၀/ဘူလ်ဂါးကော့ - ရုရှား စာရေးဆရာ)

☺





"အများနဲ့မတူ တစ်မူထူးခြားချင်သလား၊ အဲဒါဆို အမှန် ပြော"
(Vampilov + ၁၉၃၇ - ၁၉၇၂ + ဗမ်ပီးလော့ရုရှားစာရေးဆရာ)

☺

"ပျော်နေတဲ့လူတွေ နာရီကို မကြည့်ပါ"
(Greboyedov - ဂရီ ဘိုယက်ဒေါ့ -ရုရှားစာရေးဆရာ)

☺

"သူ့ရဲကောင်းတွေ လိုနေတယ်ဆိုရင် အဲဒီနိုင်ငံဟာ ကံ ကောင်းတဲ့နိုင်ငံပဲ"
(Brecht - ဘရက်ခ် + ၁၈၅၈ - ၁၉၅၆ + ဂျာမန်စာရေးဆရာ)

☺

"နေရောင်ကို ကျောပေးထားရင် ကိုယ့်အရိပ်ကိုပဲ မြင် ရမယ်"

☺

www.burmeseclassic.com



"သေပြီးတဲ့ ပြိုင်ဘက်တွေကို မကြောက်နဲ့။ ရှင်နေတဲ့ ရန်သူတွေကိုပဲ ကြောက်ပါ"

(Dumas - ဒျူးမား - ၁၈၀၂ - ၁၈၇၀ - ပြင်သစ်စာရေးဆရာ)

☺

"ကိုယ့်ကိုယ်ကို ချွင်းချက်ဖြစ်တယ်လို့ ဘယ်တော့မှ မယူ လေနဲ့။ အရူးတွေကြားမှာနေရင် အရူးလို နေတတ်အောင်ကျင့်"

(ဒျူးမာ

☺ ☺ ☺

**၁၇။ "ဝင်ပေါက်တံခါးကို ဖွင့်ထားရင် နောက်ဖေးပေါ ကိုရှောင်"**

(Ibsen - အိဆင် + ၁၈၂၈ - ၁၉၀၆ + နော်ဝေးစာရေးဆရာ

☺

"နားထောင်ရမယ်ဆိုရင် အရင်ဆုံးနားထောင်၊ စကား ပြောရမယ်ဆိုရင် နောက်ဆုံးမှပြော"

☺





"တစ်ခါပဲဖြစ်ဖြစ် အရူလိုက်သည်းလိုက် ရယ်တဲ့သူဟာ ပြင်လို့မရအောင် ဆိုးတဲ့လူ မဖြစ်နိုင်ပါ"

(Carlyle - ကာရ်လိုင်း + ၁၇၉၅ - ၁၈၈၁ + အင်္ဂလိပ်သမိုင်း ပညာရှင်နှင့်တွေးခေါ်ရှင်)

☺

"ကိုယ့်ရန်သူတွေကို ခွင့်လွှတ်လိုက်ပါ။ ဒါပေမဲ့ သူတို့ကို ဘယ်တော့မှ မမေ့ပါနဲ့"

(ကနေဒီ+အမေရိကန်သမ္မတ)

☺

"ကိုယ့်လူကြီးမှာ ဘာချို့ယွင်းချက်မှ မတွေ့တဲ့ လက်အောက်ငယ်သားကို ဘယ်တော့မှ မယုံနဲ့"

☺

"လူအားလုံးအကြောင်း အကောင်းပြောတဲ့သူကို မယုံနဲ့"

(ကောလင်းစ် + ၁၈၂၄ - ၁၈၈၉ - အင်္ဂလိပ်စာရေး ဆရာ)

www.burmeseclassic.com



"မှန်ရုံနဲ့ မပြီးဘူး။ အချိန်မီ မှန်ဖို့လိုတယ်"
(ကရွတ်ကီး - ၁၈၉၂ + ၁၉၆၃ - စာပြောင်ဆရာ)

☺

"မီးလောင်နေတဲ့အိမ်မှာ ခန်းဆီးလဲတာ မြင်ဖူးလား"
(ကရွတ်ကီး)

☺

"ဝင်ပေါက်ရှိတဲ့နေရာမှာ ထွက်ပေါက်ရှိတာ များတယ်"
(Staniskav Lec - လက်စ်/၁၉၀၉ - ၁၉၆၆/ပိုလန်ကဗျာနှင့် စာပြောင်ဆရာ)

☺

"ပြက္ခဒိန်ပြုပြင်ပြောင်းလဲရေးကြောင့် ကိုယ်ဝန်ဆောင် ကာလ လျှော့မသွားပါဘူး"
(လက်စ်)

☺





"ပူပြင်းတဲ့ရာသီမှာ ဘယ်လိုနေထိုင်ရမလဲဆိုတာ ကွန်ဂို ...ည်သူတွေကို ညွှန်ကြားချက်ပေးမယ့် အက်စကီးမိုးကို အမြဲတမ်း ...လို့ရတယ်"
(လက်စ်)

☺

"သူ မကြာခင် သေတော့မယ်ဆိုတာကို တွေးမိရင် ...ာကျားတစ်ယောက် ငိုချင်စိတ်ပေါက်တယ်။ မိန်းမကတော့ ...ခ မွေးလာတာ ကြာပါပကောဆိုတာ တွေးမိတိုင်း မျက်ရည်ကျ ...ယ်"
(မင်းတင်/၁၈၈၀ - ၁၉၅၆/အမေရိကန်သတင်းစာဆရာ)

☺

"ပြည်သူ့မေတ္တာကလွဲလို့ အရာခပ်သိမ်းကို ဝယ်လို့ရ ...ယ်"
(...rimee - မယ်ရီမယ် + ၁၈၀၃ - ၁၈၇၀ + ပြင်သစ်စာရေး ...ာ)

☺

www.burmeseclassic.com



“ရန်သူ ထွက်ပြေးတာမြင်ရင် သူ့ရဲဘောကြောင်တဲ့လူ
တောင် ရဲစိတ်ဝင်လာတယ်”

☺

“ကိုယ့်ကိုယ်ကိုယ် မုန်းတယ်လို့ လုံးဝ ယုံကြည်စိတ်ချ
တဲ့အခါမှာတောင် ကျွန်တော်တို့ ကိုယ့်ကိုယ်ကိုယ် အချစ်မလျော့
ပါဘူး”
(Merimee - မိုရှဝါး/ ၁၈၈၅ - ၁၉၆၇/ ပြင်သစ်စာရေးဆရာ

☺

“အထိမ်းအမှတ်ကျောက်တိုင်တွေကို ဖျက်ဆီးတဲ့အခါ
အောက်ခံခုံကို ချန်ထား၊ နောက်ပိုင်း အသုံးတည့်နိုင်တယ်”

☺

“ ‘ဝင်ခွင့်မရှိ’ ဆိုတဲ့စာတမ်းကို ‘ထွက်ပေါက်မရှိ’ ဆို
စာတမ်းထက် ပိုကြိုက်တယ်”

☺





“အတွေးနောက်ကို အလုပ်က လိုက်တယ်။ ကျော်တက်
သွားရင်ပဲ ဒုက္ခ”

☺

“အင်မတန်လှတဲ့မုသား ဟုတ်လား။ အဲဒါဆို ဖန်တီးမှု
ဖြစ်သွားပြီ”

☺

“လူ့ဝတွေ အသက်တိုတယ်။ ဒါပေမဲ့ အစာစားတာ ပိုကြာတယ်”

☺

“ခင်ဗျားရဲ့ ခွင့်ပြုချက် မရဘဲ ဝင်တဲ့လူကို ဘယ်တော့မှ
တံခါးဖွင့်မပေးနဲ့”

☺

“မေ့တတ်အောင် မှတ်ဉာဏ်ကို ဘယ်လိုလေ့ကျင့်ပေးရ
လဲ မသိဘူးနော်”

www.burmeseclassic.com



"ချစ်သူကို တစ်ယောက်နဲ့တစ်ညတိတိ ပုံပြင်ပြောခိုင်း[illegible]ွန်တုန်း"
မိန်းမကို စဉ်းစားလို့ရလားဟင်"

☺

"ရန်သူရဲ့မျက်နှာဟာ ကျွန်တော့်မျက်နှာနဲ့ အရမ်း[illegible]သလားဟင်"
တော့ ကြောက်သွားတယ်"

☺

"လေဟာ သူဘယ်ဘက်ကို တိုက်ရမလဲဆိုတာ ဘယ်[illegible]
လုပ် သိမှာလဲ"

☺

"နိုင်ငံခြားဘာသာစကားကို မတတ်တော့ နိုင်ငံခြား[illegible]ာယ်"
တွေ ဆိတ်ဆိတ်နေတာကို ဘယ်လိုမှနားမလည်နိုင်ဘူးဖြစ်နေတာ[illegible]

☺

"အသတ်ခံရမယ့်နေ့မှာတောင် ကြက်ဖဟာ မနက်ပိုင်း[illegible]ှည်းလေ"





☺

"လူသားစားတွေအထဲမှာ သက်သတ်လွတ်သမားတွေ ပါ

☺

"တချို့လူတွေ သူတို့ယုံတာကို နားလည်ချင်ကြတယ်။
[illegible]ချို့ကျ တော့ သူတို့နားလည်တာကို ယုံချင်ကြတယ်"

☺

"သွားကျွတ်သွားတဲ့အခါ လျှာ လွတ်လပ်သွားသလို ခံစား

☺

"ငါးမြှားချိတ်ကို မြိုချလိုက်တဲ့ငါး အပြစ်ရှိတာပေါ့။ သူများ

www.burmeseclassic.com



"တခြားလူတွေ အသုံးလုံး မကျေရင် စာရေးရတာ ခက်တယ်"

☺

"သူတို့လက်က မလွတ်နိုင်တဲ့လူတွေကို ရှောင်ပါ"

☺ ☺ ☺

**၁၈။ "အရှိကိုအရှိအတိုင်း မြင်စမ်းပါ။ အမှန်ကိုမပြောနဲ့"**

☺

"သူတို့ရဲ့ပြောစကားတွေအရ သူတို့ ဘာကို မပြောချင်လဲဆိုတာ သိလာရတယ်"

☺

"ကဗျာဆရာတွေဟာ ကလေးတွေလိုပဲ။ စာရေးစားပွဲမှာ ထိုင်နေတဲ့အခါ ခြေထောက်ဟာ မြေကြီးကို မထိဘူး"

☺





"တခြားသူတွေထက် အသက် ပိုရှည်ရှည်နေကြရအောင်"

☺

"မုသားဟာ အမှန်တရား မဟုတ်တာကလွဲလို့ မုသားနဲ့ အမှန်တရားကြားမှာ ဘာခြားနားချက်မှ မရှိပါဘူး"

☺

"အကန်းတွေကြားမှာ မျက်လုံးတစ်ဖက်ပဲ ရှိတဲ့လူလည်း မျက်မမြင်ဖြစ်သွားတယ်"

☺

"ဆိတ်ဆိတ်နေတဲ့လူကို စကားပြောခွင့် ပိတ်ပင်လို့မရပါ"

☺

"ဖြောင့်ဖြောင့်သွားတဲ့လူတွေ လမ်းကွေ့မှာ သတိထား"

☺

www.burmeseclassic.com



“မိမိဆန္ဒအလျှောက် ရေစီးကြောင်းအတိုင်း လိုက်ကူးတဲ့ငါ
ကို ဖော်ထုတ်ရတာ ခက်တယ်”

☺

“ ‘ကျွန်တော်ဟာ မနက်ဖြန်ရဲ့ကဗျာဆရာဗျ’ လို့ သူ
ပြောတော့ ‘အဲဒီအကြောင်း သန်ဘက်ခါ ဆွေးနွေးကြတာပေ့’
လို့ ကျွန်တော် ပြန်ပြောလိုက်တယ်”

☺

“ကိုယ့်ကိုယ်ကိုယ် ဟင်းအဖြစ် မမြင်ချင်ရင် လူသားစား
တွေနဲ့ တစ်စားပွဲတည်း မထိုင်နဲ့”

☺

“လူ့ဘဝဟာ တစ်ခါတလေ တခြားလူတစ်ယောက် သေ
သွားတာနဲ့ အဆုံးသတ်သွားတတ်တယ်”

☺

“လက်တွေညစ်ပတ်နေရင် လက်အိတ်ကိုလွှင့်မပစ်နဲ့”





“ကျွန်တော်တို့ကို ကြိုးဆွဲချသတ်ချင်တဲ့စိတ် ပျောက်သွား
အောင် တစ်ခါတလေ လူတွေကို ရယ်အောင် လုပ်ပေးရတယ်”
(ဘားနတ်ရှော)

☺

“ရန်သူတွေ သေပြီးမှ မွေးလာရရင် သိပ်ကောင်းမှာပဲ”

☺

“အိပ်ဖက်တွေဆီက ကျွန်တော် အများကြီး ပညာရတယ်။
အဲဒီမှာ လူတွေ ဘာကိုမှ ဂရုမစိုက်ဘဲ စိတ်ထဲရှိတာ ပြောကြတယ်”

☺

“သရုပ်မှန်အနုပညာ ဖြစ်လာဖို့အတွက် ပထမဆုံး လူကို
သရုပ်ဖျက်လိုက်ရတယ်”

☺

“သူ့အကြောင်း ကျွန်တော် ဘာမှမပြောနိုင်ဘူး။ သူ့ကို

www.burmeseclassic.com



အဝတ်အစား မကပ်ဘဲ မြင်ဖူးတယ်”

☺

“တချို့အတွေးတွေ အစောင့်အကြပ်နဲ့ ခေါင်းထဲ ရောက်
လာကြတယ်”

☺

“ရေစီးကြောင်းအတိုင်း ခေါင်းမဖော်ဘဲ လက်ပစ်ကူးသတဲ့

☺

“အရင်တုန်းက လူတွေ တစ်ယောက်နဲ့တစ်ယောက် နီးနီး
ကပ်ကပ် ရှိခဲ့ကြတယ်။ ဟိုတုန်းက အဝေးပစ်လက်နက်တွေ မရှိသေး
ဘူး မဟုတ်လား”

☺

“ဘယ်သူ့ကိုမှ ထုတ်ဖော်မပြောတဲ့ အတွေးတွေ ကျွန်တော်
ဆီမှာ ရှိနေတယ်။ အင်းလေ၊ ခင်ဗျားတို့အားလုံး သိပြီးသားပါ





“မှောင်မိုက်တဲ့ကာလမှာ အရိပ်ထဲ ထွက်သွားဖို့ ခက်တယ်”

☺

“လွတ်လပ်စွာ တွေးခေါ်ခွင့်ထက်စာပြီး လွတ်လပ်စွာ
ပြောဆိုခွင့်ကို မယူပါနဲ့”

☺

“ဒီကနေ့ လူကြီးမင်းတွေအထဲမှာ မနေ့က ရဲဘော်တွေ
အများကြီးပါလား”

☺

“သားကောင် သန့်ရှင်းစင်ကြယ်လေလေ၊ ပါးကွက်သားရဲ့
လက်တွေ ညစ်ပတ်လေလေ”

☺

“ခင်ဗျားရဲ့လက်ကို ကြိုးနဲ့တုပ်သူကို လက်ခုပ်တီး ဩဘာ
ပေးရတာ ခက်တယ်”

☺ ☺ ☺

www.burmeseclassic.com



၁၉။ "ပုတ်သင်ညို အာဏာရနေရင် ပတ်ဝန်းကျင်လည်း အရောင်ပြောင်းလာတယ်"

☺

"သဘော်မနစ်ဘဲနဲ့ လူတွေ ဘာဖြစ်လို့ ခုန်ချသလဲလို့ မေးတယ်နော်။ သူတို့ကို ဘယ်ကို ခေါ်သွားနေသလဲဆိုတာ မြင် လိုက်ရလို့ ဖြစ်မှာပေါ့"

☺

"နားကန်းနေသူတွေအတွက် သီချင်းဆိုပေးရမယ် ဟုတ် လား။ သူတို့အားလုံး နားကန်းနေတာ သေချာရင်တော့ သဘော တူပါတယ်"

☺

"ငမန်းနောက်ကိုလိုက်ကူး။ အဲဒါဆို လူတွေဆီ ရောက် သွားမှာပဲ"

☺





"မတောင်းတဲ့ အကူအညီပေးဖို့ဘယ်တော့မှ မငြင်းပါနဲ့" (Balzac - ဘော်လ်ဇတ်/၁၇၉၉-၁၈၅၀/ပြင်သစ်စာရေးဆရာ)

☺

"တချိန်လုံး တစ်ယောက်တည်းပဲ ပြောနေမယ်ဆိုရင် အဲဒီ သူ အမြဲတမ်း မှန်နေမှာပဲ"

(ဘောလ်ဇတ်)

☺

"ကျွန်တော်အသိဆုံးအကြောင်းအရာဖြစ်လို့ ကျွန်တော့် အကြောင်းကို ဒီလောက်များများ ရေးနေရတာပါ" (Butler Samuel - ဘတ်တလာ + ၁၈၃၉ - ၁၉၂၀ အင်္ဂလိပ် စာရေးဆရာ)

☺

"ကိုယ် မလေးစားတဲ့လူကို မိတ်ဖွဲ့ဖို့ မကြိုးစားနဲ့"

(ဒါဝင်)

☺

www.burmeseclassic.com



"အတူတူ ရယ်ဖူးတဲ့လူကို မေ့လို့ရတယ်။ အတူတူ ငိုဖူးတဲ့ လူကို မေ့လို့မရဘူး"

☺

"လူဟာ သူ့ကို ချီးမြှောက်လို့ ကြိုက်တာမဟုတ်ဘူး။ ချီး မြှောက်ထိုက်သူအဖြစ် သတ်မှတ်ခံရလို့"

(ဘားနတ်ရှော)

☺

"ခင်ဗျားမှာ ပန်းသီးတစ်လုံး၊ ကျွန်တော့်မှာ ပန်းသီး တစ်လုံး ရှိတယ်။ ပန်းသီးချင်း လဲလိုက်မယ်ဆိုရင် ခင်ဗျားမှာရော ကျွန်တော့်မှာပါ ပန်းသီးတစ်လုံးစီပဲ ဖြစ်နေလိမ့်မယ်။ အဲ၊ ခင်ဗျား မှာ အတွေးအမြင်တစ်ခု၊ ကျွန်တော့်ဆီမှာ အတွေးအမြင်တစ်ခု ရှိနေပြီး အဲဒါကို ဖလှယ်လိုက်ရင် ကျွန်တော်တို့ တစ်ယောက်စီမှာ အတွေးအမြင်နှစ်ခုစီ ဖြစ်လာမှာပေါ့"

(ဘားနတ်ရှော)

☺





"ဆိတ်ဆိတ်နေခြင်းဟာ ပြန်လှန်ချေပရတာ အခက်ဆုံး ဆင်ခြေ"

(ဟင်နရီ ဝိုင်လာရှော/၁၈၁၈ - ၁၈၈၅/အမေရိကန်ဟာသ စာရေး ဆရာ)

☺

"အချစ်ဟာ တယ်လီစကုပ်နဲ့ ကြည့်တယ်။ မနာလိုစိတ် ဟာ မိုက်ကရိုစကုပ်နဲ့ ကြည့်တယ်"

☺

"ရန်သူ မသိသင့်တဲ့ကိစ္စကို သူငယ်ချင်းကို မပြောနဲ့"

(ရှိုပင်ဟောင်းဝါး/၁၇၈၈-၁၈၆၀/ဂျာမန်တွေးခေါ် ရှင်)

☺

"ရန်သူ မများချင်ရင် ကိုယ့်ရဲ့သာလွန်မှုကို ထုတ်မပြနဲ့"

(ရှိုပင်ဟောင်းဝါး)

☺

www.burmeseclassic.com



"အမြတ်ယူတာ မကောင်းဘူးလို့ ဆိုရှယ်လစ်ဝါဒီတွေ
ကြွေးကြော်ကြတယ်။ ကျွန်တော်ကတော့ အရှုံးပေါ်တာ ပိုဆိုးတယ်
လို့ ယူဆတယ်"

(ချာချီ/၁၈၇၄ - ၁၉၆၅/ဗြိတိန်ဝန်ကြီးချုပ်)

☺ ☺ ☺

၂၀။ "သေသူနဲ့ အားပြိုင်တဲ့အခါ ရှင်နေသူတွေ အမြတ်
အနိုင်ရတယ်"

(ချာချီ)

☺

"တရားသောတိုက်ပွဲ ဆင်နွှဲသူဟာ အမှန်တရားကို အ
သုံးစားမလုပ်ဘူး"

(ဟဲဇလစ်)

☺

"အတွေးတစ်ခုဟာ အငြင်းပွားစရာ မဟုတ်ရင် စိ





င်စားစရာ မကောင်းတော့ဘူး"

(ဟဲဇလစ်)

☺

"ထိုင်နိုင်တဲ့ အခွင့်အရေးရှိရင် ကျွန်တော် ဘယ်တော့မှ
ရပ်ဘူး။ လဲလျောင်းနိုင်တဲ့ အခွင့်အရေးရှိရင် ကျွန်တော် ဘယ်
တော့မှ မထိုင်ဘူး"

(ဟင်နရီဖို့/၁၈၃၆-၁၉၄၇/ အမေရိကန်စက်မှုလုပ်ငန်းရှင်)

☺

"နိုင်ဖဲတွေ ရှိနေရင် ရိုးရိုးသားသားပဲ ကစားတာကောင်း
တယ်"

(အော်စကာဝိုင်းလ်)

☺

"အတိတ်ကို ပြန်ကြည့်တဲ့လူ အနာဂတ်နဲ့မတန်ဘူး"

(အော်စကာဝိုင်းလ်)

☺

www.burmeseclassic.com



“သဘာဝကျဖို့အတွက် ဟန်ဆောင်တတ်ဖို့လိုတယ်”

(အော်စကာဝိုင်းလ်)

☺

“ကြင်နာမှုဆိုတာ နားထိုင်းသူ ကြားရပြီး မျက်စိကန်းသူ မြင်နိုင်တဲ့အရာ”

(မတ်ခ်တွိမ်း/၁၈၃၅ - ၁၉၁၀/အမေရိကန်စာရေးဆရာ)

☺

“အမှန်ကို ခင်ဗျား ပြောတယ်ဆိုရင် ဘာကိုမှ မှတ်မိစရာ မလိုဘူး”

(မတ်ခ်တွိမ်း)

☺

“ဘယ်လောက် အားကောင်းတဲ့မုသား ဖြစ်ပစေ။ ဘယ်တော့မှ အမှန်ဖြစ်မလာနိုင်ဘူး”

(တဂိုး)

☺





“မှန်အိမ်မှာနေတဲ့လူ တခြားသူကို ခဲနဲ့မပေါက်ရ”

(စတီဗင်ဆင်/၁၈၅၀ -၁၈၉၄/ အင်္ဂလိပ်စာရေးဆရာ)

☺

“မနှမြောတဲ့အရာ ပျောက်ဆုံးတယ် မမည်ပါ”

(စတီဗင်ဆင်)

☺

“လူတစ်ယောက် တချိန်လုံးမှန်နေရင် သိပ်ငြီးငွေ့စရာ ကောင်းတယ်”

(အာဂါသာခရစ္စတီ)

☺

“တစ်ယောက်အကြောင်းတစ်ယောက် အကဲဖြတ်တဲ့အခါမှာ မိန်းမတွေ မှားခဲတယ်”

(ခရစ္စတီ)

☺ ☺ ☺

www.burmeseclassic.com



၂၁။ "သူမှန်တယ်ဆိုတာ မသေချာမချင်း ယောကျ်ားနဲ့ မငြင်း
ပါနဲ့"

☺

"မိန်းမဆိုတာ ကိုယ်မှန်ကြောင်း သက်သေထူဖို့အတွ
သာဆိုရင် အပေးအယူလုပ်ဖို့ ဝန်မလေးဘူး"

(မားလ်ကင်

☺

"ဉာဏ်ကောင်းတဲ့မိန်းမဟာ သူမ ထုံတယ်၊ ထိုင်းတ
ဆိုတာ သူမဟာ သူမသိတယ်"

☺

"တစ်ယောက်တည်းကိုပဲ ချစ်တဲ့ယောကျ်ားဟာ မိန်းမ
ယောက်တည်းကိုပဲ စိတ်ဆင်းရဲအောင် လုပ်နိုင်တယ်"

(မားလ်က

☺





"အဝတ်အစား မကပ်တဲ့ မိန်းမချောကို ဘာပဲဝတ်ပေး
တ်ပေး၊ ကြည့်မကောင်းဘူး"

(မားလ်ကင်)

☺

"မိန်းမချောတွေကို ကြည့်လိုက်မိတိုင်း ကိုယ့်ကိုယ်ကိုယ်
ယုတ်မာလို့ ခံစားရတယ်"

☺

"မိန်းမတွေ အခြေအနေနှစ်မျိုးမှာ နောက်ကျကြတယ်။
မင်နောက်ကျချင်တဲ့ အခါရယ်၊ အချိန်မီရောက်အောင်လာတဲ့
အခါရယ်"

(မားလ်ကင်)

☺

"အရွယ်ရလာလေလေ၊ အချစ်ဦးကို သတိရလေလေ"

☺

"တစ်ယောက်တည်းကိုပဲ ချစ်တဲ့အချစ်ကို အချစ်ဆုံး အချစ်မှန်နဲ့ အင်မတန် ခွဲခြားရခက်တယ်"

☺

"အိမ်ထောင်ပြုလိုက်တဲ့ မိန်းကလေးတိုင်း မကြာမီကာလ အတွင်းမှာပဲ ယောကျ်ားအားလုံးအတူတူပဲဆိုတာ သိလာကြရ ရှိတယ်"

☺

"ဇနီးကောင်းဆိုတာ အိမ်က အပြီးအပိုင် ထွက်မသွားခင် တစ်ပတ်စာဟင်းလျာ ချက်ပေးထားတဲ့သူ"

☺ ☺ ☺





၂၂။ "မိန်းမယူပြီးတဲ့နောက်ပိုင်းမှာ အတိတ်ကို အနာဂတ်လို့ ထင်ချင်လာတယ်"

☺

"စံပြယောကျ်ားဟာ မိန်းမလည်း စံပြဖြစ်ရမယ်လို့ တောင်းဆိုဘူး"

☺

"မင်္ဂလာဦးညမှာ အိပ်ဆေး မသောက်ပါနဲ့"

☺

"မိန်းမတွေကို စိတ်မဝင်စားတော့ဘူးဆိုရင်ရတယ်။ ဒါပေမဲ့ ဒီအကြောင်းကို ကိုယ့်မိန်းမတစ်ယောက်ပဲ သိပါစေ"

☺

"မိန်းမဖြစ်သူ အမေ့ဆီပြန်သွားတဲ့အခါ အမေဖြစ်သူ အဘွားအိမ် ရောက်နေနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားတွေကို စိတ်ပျက်လာတဲ့အခါ မိန်းမဟာ ကိုယ့်ယောက်ျားကိုပဲ စွန့်ခွာတယ်"

☺

"တခြားလူတွေ ခံနိုင်မှာထက်ပိုပြီး တာဝန်မယူပါနဲ့"

☺

"မမှားခင်သတိထားပါ"

☺

"ခင်ဗျားနောက်မှာ ဘယ်သူမှ တန်းမစီဘူးဆိုရင် နောက်ထပ် တန်းတစ်ခုကို ရှာပါ"

☺ ☺ ☺





၂၃။ "ဘဝဆိုတာ ဒုစရိုက်သမားတွေရဲ့ နိဗ္ဗာန်"

☺

"ဘဝလေ့လာရေးခရီးထဲ လိုက်သွားတဲ့အခါ ရှင်းပြတဲ့နေရာမှာ မရပ်ပါနဲ့"

☺

"ကိုယ့်ဘဝမှာထက် အခြားလူရဲ့ဘဝမှာ အဓိကဇာတ်ကောင်အခန်းကို ကပြရတာ ပိုလွယ်တယ်"

☺

"ကျွန်တော်တို့ ရှိတဲ့နေရာမှာ ဆိုးသလောက် ကျွန်တော်တို့ မရှိတဲ့နေရာမှာ မကောင်းလှပါဘူး"

☺

"ပြဿနာတွေ ထပ်ခါတလဲလဲဖြစ်နေတာ သတိထားမိတော့မှ ကမ္ဘာကြီး လည်ပတ်နေတယ်ဆိုတာ လူတွေ နားလည်

www.burmeseclassic.com



တော့တယ်”

☺

“ကိုယ့်နည်းကိုယ့်ဟန်နဲ့ အားလုံးနည်းတူ နေချင်လိုက်တာ”

☺

“ဆိတ်ဆိတ်နေခြင်းဟာ သဘောမတူသူတွေ သဘောတူတယ်ဆိုတဲ့ အမှတ်အသား”

☺

“အားနည်းသူကို မစော်ကားနဲ့။ သူတို့တစ်တွေ အမှားကြီး”

☺

“ရုပ်ချောတဲ့ ယောကျ်ားကို မိန်းမတွေ ဂရုမစိုက်ဘူး။ မိန်းမချောနဲ့ တွဲလာတဲ့ ယောကျ်ားကိုပဲ ဂရုစိုက်ကြတယ်”

☺





“ဘဝတစ်ခုပဲ မအောင်မြင်တာ။ ကျန်တာအားလုံး အဆင်ပြေပါတယ်”

☺ ☺ ☺

၂၄။ “ကိုယ်မှားတဲ့အခါ မှားကြောင်းဝန်ခံရင် အဲဒီလူဟာ ပညာရှိ။ အဲ၊ မှန်နေပေမယ့် မှားကြောင်းဝန်ခံရင်တော့ အဲဒီလူဟာ မိန်းမ ရှိတဲ့လူဖြစ်ရမယ်”

☺

“ဒုက္ခရောက်နေတဲ့ သူငယ်ချင်းကို ခင်ဗျား ဝင်ကူခဲ့ရင် နောက်တစ်ကြိမ် သူ ဒုက္ခရောက်ကြည့်၊ ခင်ဗျားကို မုချသတိရလိမ့်မယ်”

☺

“ဒီမိုကရေစီပဲ၊ ဒါပေမဲ့ အာဏာရှင်စနစ်ရဲ့ လက္ခဏာအချို့ ပါနေတယ်လို့ပြောရင် ဝမ်းချုပ်ရောဂါပဲ။ ဒါပေမဲ့ ဝမ်းနည်းသည်းလျှောနေတယ်လို့ ပြောတာနဲ့ အတူတူပဲ”

www.burmeseclassic.com



“မိန်းမကို ယောကျ်ားလုပ်သူ ဘယ်တော့မှ မလိမ်မညာ
ဘူးဆိုရင် သူမရဲ့ခံစားမှုကို လုံးဝဂရုမစိုက်လို့ပဲ ဖြစ်ရမယ်”

☺

“ခင်ပွန်းကို မနာလို ဖြစ်နေကြတယ်ဆိုရင် အဲဒီလူတွေ
အခြေအနေ ခင်ပွန်းထက် ဆိုးနေလို့ပဲ ဖြစ်ရမယ်”

☺

“ကမ္ဘာပေါ်မှာ ဝယ်လို့ မရတဲ့အရာ နည်းသထက်နည်း
လာတယ်။ တစ်ချိန်တည်းမှာ ရောင်းလို့မရတဲ့အရာ များသထက်
များလာတယ်”

☺

“ကောင်းကောင်း ငိုပြလိုက်၊ စိတ်ကောက်ပြလိုက်ရင် နှ
နဲ့ နှစ်မြောက် - ငါးဖြစ်မယ်လို့ မိန်းမတွေ ယုံကြတယ်”

☺





“ကျွန်တော်တို့မှာ မကျော်လွှားနိုင်တဲ့ အခက်အခဲ မရှိဘူး။
ကျော်လွှားရမှာ ပျင်းတဲ့အခက်အခဲပဲ ရှိတယ်”

☺

“လူတစ်ယောက် သူ ဘာကိုလိုချင်သလဲဆိုတာကို သိနေ
ရင် သိတာများလွန်းလို့၊ ဒါမှမဟုတ် လိုချင်တာနည်းလို့ ဖြစ်ရမယ်”

☺

“ကျွန်တော်တို့ (ရုရှား) လူမျိုးဟာ ဗိုက်ဟောင်းလောင်းဖြစ်
နေရင် ဘယ်လိုမှ မစဉ်းစားနိုင်ကြဘူး။ အဲ၊ ဗိုက်ပြည့်နေရင်တော့
ဘား၊ စဉ်းစားချင်စိတ် လုံးဝပျောက်သွားတယ်”

☺

“အိမ်သာစက္ကူ မကြာခဏ သုံးတဲ့လူ အနည်းဆုံး သစ်တစ်
ပင်တော့ စိုက်သင့်တယ်”

☺

www.burmeseclassic.com



"အတိတ်နဲ့ယောကျ်ားကို အနာဂတ်နဲ့အမျိုးသမီး ရှောင်သင့်တယ်"

☺

"မိန်းမတစ်ယောက်ဟာ အိမ်ထောင်မကျမချင်း အနာဂတ်အတွက် စိုးရိမ်ပူပန်တယ်။ ယောကျ်ားကတော့ မိန်းမ မယူမချင်း အနာဂတ်အကြောင်းကို မစဉ်းစားဘူး"

☺

"အောင်မြင်မှုရတဲ့ ယောကျ်ားဆိုတာ မိန်းမသုံးနိုင်တာထက် များတဲ့ဝင်ငွေကို ရှာနိုင်တဲ့လူ။ အောင်မြင်မှုရတဲ့ မိန်းမဆိုတာ အဲဒီလိုယောကျ်ားကို ရအောင်ယူနိုင်တဲ့သူ"

☺

"ယောကျ်ားတစ်ယောက်နဲ့ အိမ်ထောင်ရေးသုခကို ရချင်ရင် သူ့ကို ကောင်းကောင်းနားလည်ရမယ်။ နည်းနည်းဖြစ်ဖြစ်ချစ်ဖို့ လိုတယ်။ မိန်းမတစ်ယောက်နဲ့ အိမ်ထောင်ရေးသုခကို ရချင်ရင် သူမကို အရမ်းချစ်ရမယ်။ နားလည်ဖို့ လုံးဝမကြိုးစားရဘူး





"ကျားနဲ့အတူ အစာငတ်လို့ သေကြရတဲ့အခါ ကျားဟာ နောက်အကျဆုံး သေသူဖြစ်ရမယ်"

☺ ☺ ☺

၂၅။ "နှစ်ပုလင်းဆို လုံလောက်ပြီ။ ဒါပေမယ့် သုံးပုလင်းဆိုတော့လည်း မငြင်းချင်ဘူး"

☺

"ခန္ဓာကိုယ် တတ်နိုင်သလောက်ပဲသောက်၊ ပိုက်ဆံတတ်နိုင်သလောက် မသောက်နဲ့"

☺

"အရက်ဖြတ်ရတာ လွယ်ပါတယ်။ သူငယ်ချင်းတွေ လက်ခံအောင်ပြောရတာပဲ ခက်တယ်"

☺

"အမြန်ဆုံး သောက်လိုက်တဲ့ခွက်ကို အရက်ပါတဲ့ခွက်လို့

www.burmeseclassic.com



မသတ်မှတ်ပါ"

☺

"အရက်မူးသူကို နားလည်ဘို့အတွက် သူ့ထက်နည်းနည်း ပိုမူးဖို့လိုတယ်"

☺

"မသောက်သင့်တဲ့ အကြောင်းပြချက်တွေ နည်းသထက် နည်းလာလိုက်တာနော်"

☺

"အလုပ်လုပ်ချင်တဲ့စိတ်ဟာ ခဏအတွင်းမှာ ပျောက် ကွယ်သွားလေ့ရှိတယ်။ အဲ၊ သောက်ချင်တဲ့ ဆန္ဒကတော့ မသောက် ရမချင်း ကြီးထွားလာတတ်တဲ့သဘော ရှိတယ်"

☺

"ပုလင်းမပါဘဲနဲ့ အမြည်းကောင်းမကောင်း အကဲဖြတ်





တာ အခက်ဆုံးပဲ"

☺

"အမြည်းမစားဘဲ သောက်တဲ့လူ- လူမိုက်။ အမြည်းပဲ စားပြီး မသောက်တဲ့လူ - လူယုတ်မာ"

☺

"ဘယ်အရက်မဆို မနက်ဖြန်အထိ မထားကောင်းဘူး"

☺

"ဂရိတွေးခေါ်ရှင် ဟေရာကလိုက်တပ်စ်ပြောတာ မှန် တယ်၊ အရက်တစ်ပုလင်းတည်းကို နှစ်ခါသောက်လို့ မရဘူး။ အင်း၊ တစ်နှစ်ပုလင်းကိုလည်း နှစ်ခါသောက်လို့ မရပါဘူးလေ"

☺ ☺ ☺

www.burmeseclassic.com



၂၆။ "ကျွန်တော်တို့အိမ်မှာ အားလုံးကို ဖေဖေ ဆုံးဖြ
တယ်။ အဲ၊ ဘယ်သူအဖေလဲဆိုတာကိုတော့ မေမေ ဆုံးဖြ
တယ်"

☺

"လင်နဲ့မယား စကားမပြောဘဲ နေနေကြရင် သူတို့
ယောက်ကိုတစ်ယောက် ပြောစရာတွေ ရှိနေလို့ဖြစ်ရမယ်"

☺

"မိန်းမက ယောက်ျားကို 'ရှင် အတော်ဆုံးပဲ' လို့ပြော
ဒီလို ထုံအတဲ့ ယောက်ျားတစ်ယောက်ကို နောက်ထပ် ရှာမတွေ့
တော့ဘူးဆိုတာ သူမ သဘောပေါက်လို့"

☺

"ခင်ပွန်းရဲ့မိန်းမမှာ ခင်ပွန်း မတိုင်မီက တစ်ဦးဦး
တာကြောင့် စိတ်ဆင်းရဲခြင်း ဖြစ်မနေနဲ့၊ နောက်ပိုင်း တစ်ယော
ယောက်ပေါ်လာရင်ပဲ ပိုဆိုးတယ်မှတ်"

☺





"အိမ်နီးချင်းကလေးတွေ ကိုယ်နဲ့တူနေရင် သိပ်အနေရ
ခက်တာပဲ"

☺

"ခွင့်ကနေ နောက်ကျပြန်လာချင်ရင် အထက်အရာရှိ
ကို အကြောင်းကြား၊ စောပြီး ပြန်လာချင်ရင် မိန်းမကို အကြောင်း
ကြား"

☺

"လုံချည်ဟာ မိန်းမထက် အရေးကြီးတယ်။ မိန်းမ မပါဘဲ
သွားလို့ရတဲ့နေရာတွေ အများကြီး"

☺

"အလှဟာ မိန်းမရဲ့ဓန။ ဓနဟာ ယောက်ျားရဲ့အလှ"

☺

"ငယ်စဉ်တုံးက ချစ်တဲ့သူကိုတောင် သစ္စာဖောက်တယ်။

www.burmeseclassic.com



ဘာကြောင့်လဲဆိုတော့ အသက်ကြီးလာတဲ့အခါ မချစ်တော့ရ
သူ့ကိုတောင် သစ္စာမဖောက်နိုင်တော့ဘူး မဟုတ်လား"

☺

"တစ်ခါတလေ ယောကျ်ားနဲ့ မနီးစပ်မိအောင် မိန်းမတွေ
ရှောင်ကြတယ်။ သူ့ကို သူမ မကြိုက်လို့ မဟုတ်ဘူး။ သူမကို သူ
မကြိုက်မှာစိုးလို့"

☺

"ကျွန်တော်တို့နောက်မှာ အနာဂတ် ကျန်ခဲ့ပြီဆိုရင် ရှေ့
မှာ လမ်းဆုံးပြီပေါ့"

☺

" 'ကျွန်မကို ဘာကြောင့် ချစ်တာလဲဟင်' လို့ သွားမမေး
နဲ့၊ သူ စဉ်းစားကြည့်လိုက်လို့ ခင်ဗျားကို ချစ်စရာ ဘာအကြောင်း
မှ မရှိဘူးဆိုတာ ပေါ်လာရင် ဒုက္ခ"

☺





"ယောကျ်ားနဲ့မိန်းမကြားမှာ အချစ်ကလွဲလို့ ဘာမှ တူညီ
ဘာမရှိဘူးဆိုရင် ဆိုးတယ်"

☺

"လူဟာ ပထမ မီးရအောင် လုပ်တတ်လာတယ်။ အဲဒီ
နောက်မှာ မီးထဲ ဓာတ်ဆီပါ လောင်းထည့်တတ်လာတယ်"

☺

"အခြေအနေ မလှလို့ အားလုံး ပူပင်သောက ရောက်နေ
ကြတဲ့အချိန်မှာ တစ်ယောက်ယောက်က ပြုံးနိုင်နေရင် ဘယ်သူ့ကို
အပြစ်ဖို့ရမလဲဆိုတာ သူ သိလို့ဖြစ်ရမယ်"

☺

"သူငယ်ချင်းကောင်း မဟုတ်တဲ့လူဟာ အရိပ်လိုပဲ။ မိုးရွာ
င် သူ ပျောက်သွားတယ်။ နေထွက်ရင် ပြန်ရောက်လာပြီ။ အနား
ကို မခွာတော့ဘူး"

☺

www.burmeseclassic.com



"ဆင်ပေါ်ရောက်နေပြီဆိုတော့မှ ကူညီလက်ကမ်းလိုသူတွေ များလိုက်တာ"

၂၇။ "ဘာမှမရှိတော့ လူတောထဲဝင်ဖို့ ခက်သထက်ခက် လာတယ်"

"တစ်ခါတလေ ရပ်လိုက်တယ်ဆိုတော့မှ တစ်နေရာတည်း မှာ ရပ်နေမိပါလားဆိုတာ သိတော့တယ်"

"ဖွံ့ဖြိုးတိုးတက်မှုရဲ့ အခက်အခဲကို မကြောက်ပါဘူး အခက်အခဲတွေ တိုးတက်ကြီးထွားလာတာကိုပဲ ကြောက်တာ ကလား"





"ဘယ်လောက်ပဲ အစက ပြန်စပြန်စ၊ ဘဝဟာ ပိုရှည် လာဘူး"

"အချိန်မီ အိမ်ကို ပြန်ရောက်တဲ့ယောကျာ်းထက် အချိန် တန်ဘဲ ပြန်ရောက်တဲ့ယောကျာ်းက ပိုဆိုးတယ်"

"'သက်သာ' ဆိုတဲ့ အမိန့်ကို ကြားရတဲ့အခါမှာသာ လွတ် လပ်မှုကို ခံစားရတာမျိုး မဖြစ်ချင်ပါ"

"တန်ဖိုးဖြတ်တဲ့မျက်လုံးနဲ့ အကြည့်ခံရတဲ့အခါ လူဟာ သူ့ကိုယ်သူ ဈေးပေါ်သူလို့ ခံစားရတယ်"

www.burmeseclassic.com



"တချို့လူတွေ ရှိတယ်။ သူတို့ဆီက ဥပမာကလွဲလို့ ဘာမှ ယူလို့မရဘူး"

☺

"ဘဝကို နာရီလို ပုံမှန်လည်ပတ်လှုပ်ရှားစေချင်ရင် ခဏ ခဏ သံပတ်မပေးပါနဲ့"

☺

"မျောက်တောင် သူ့ခြေထောက်ပေါ် ရပ်နေပြီ။ အသင် လူသား ဒူးထောက်နေရာက ထပါလော့"

☺

"လက်ဝဲဘက်၊ ဒါမှမဟုတ် လက်ယာဘက် ခြေလှမ်းမိတာ နဲ့ ထွက်ပြေးဖို့ ကြိုးစားတာလို့ သတ်မှတ်တော့ လမ်းမှန်အတိုင်း ပဲ လျှောက်ရတော့တယ်"

☺





"အထက်လူကြီးကို သူနဲ့ပတ်သက်ပြီး ခင်ဗျားစိတ်ထဲရှိတာ ကုန်သမျှ ချပြောရဲတယ်ဆိုရင် အလုပ်သစ်တစ်ခုကို ခင်ဗျား ရှာတွေ့ထားလို့ပဲ ဖြစ်ရမယ်"

☺

"ကိုယ့်ကိုယ်ကိုယ် အထင်မကြီးနဲ့။ ခင်ဗျားရဲ့အမြင်ဟာ အထက်လူကြီးရဲ့အမြင်နဲ့ ထပ်တူကျနေတယ်ဆိုရင် ခင်ဗျားရဲ့ အမြင်ကို သူလက်ခံတယ်လို့ မယူဆနဲ့"

☺

"နားမလည်တဲ့လူကို ဘာဖြစ်လို့ စော်ကားမှာလဲ"

☺

"အသုံးမပြုခင်အထိ ဘယ်နည်းလမ်းမဆို ကောင်းတာ ချည်းပါပဲ"

☺

www.burmeseclassic.com



"အရှိကို အရှိအတိုင်း ပြောကြစတမ်းဆိုရင် တခြား အကြောင်းပဲပြောတာ ပိုကောင်းပါတယ်"

☺

"ရှေ့ကလူတွေကို ပန်းတိုင်ရောက်ပြီးမှ ကျော်တက်ြ စမြဲ"

☺

၂၈။ "ကိုယ်ကိုယ်တိုင် ထပ်မပြောမချင်း ကောလာဟလ သတင်းတွေကို မယုံနဲ့"

☺

"မဖတ်ဖူးတဲ့စာတွေအထဲက အကောင်းဆုံးကို ပြန်ဖတ် တာ အကျိုးရှိတယ်"

☺

"သေသူတွေအကြောင်းကို ကိုယ့်လိုပဲ သဘောထား





ပြောပါ"

☺

"ထီးမပါတဲ့လူတွေအတွက် မိုးရွာပေးတာဗျို့"

☺

"မစီတော့ဘူးဆိုမှ စီခဲ့တဲ့တန်း ရွေ့လျားတာ ပိုမြန်လာ တယ်"

☺

"ဝေခွဲမရ ဖြစ်နေရင် သက်သေမရှိဘဲ လုပ်ပါ"

☺

"အရင်တုန်းက ဆင်းရဲခဲ့တဲ့ မိန်းမကိုလည်း လက်ထပ်လို့ ရပါတယ်"

☺

www.burmeseclassic.com



"အခြေအနေတွေကို အခြေအနေအရ အသုံးချပါ"

☺

"ဘယ်ချွင်းချက်မဆို စည်းကမ်းချက်တွေထက် တိကျတယ်"

☺

"ကိုယ်နဲ့ ပတ်သက်တဲ့သတင်းတွေကို ကိုယ့်ဟာကိုယ် မသေချာရင် မယုံနဲ့"

☺

"မရောင်းတဲ့ပစ္စည်းကို လူချမ်းသာတွေပဲ ဝယ်နိုင်ကြတယ်"

☺

"ငွေကို ခေါင်းထဲမှာ သိမ်းထားရင် ဘယ်သူမှ ခိုးမှာမဟုတ်ဘူး"





"သွားတိုက်ပြီးရင် ဘယ်သူ့ကိုမှ မကိုက်နဲ့တော့"

☺ ☺ ☺

ဦး။ "သေတဲ့အထိချစ်မယ်လို့ ကတိပေးထားရင် စောမသေချင့်ပါဘူး"

☺

"အမြန်ဆုံး ချွတ်လို့ရတာ မှန်သမျှ ဘာပဲဝတ်ဝတ် မိန်းမကာနဲ့လိုက်တယ်"

☺

"တချို့မိန်းမတွေ သိပ်ချစ်စရာကောင်းတော့ ကိုယ့်မိန်းမဖြစ် စဉ်းစားရတာတောင် ခက်တယ်"

☺

"လူကြီးလူကောင်းတွေရဲ့ဝိုင်းမှာ မရှိတဲ့ မိန်းမတွေကြောင်း မကောင်းပြောရိုး ထုံးစံမရှိ"

www.burmeseclassic.com



"ရှာလို့ရတဲ့ပိုက်ဆံထက် ပိုပြီး ကိုယ့်မိန်းမကိုချစ်တယ်"

☺

"မိန်းမတွေရဲ့အားနည်းချက်ကို သူတို့ရဲ့အကျိုးစီးပွ
အတွက် အသုံးချပါ"

☺

"အနှစ်သာရအားဖြင့် မိန်းမအားလုံး အတူတူပဲဆိုေ
တစ်ယောက်တည်းကို ရွေးရတာ ခက်တယ်"

☺

"မချစ်ရင် မလိမ်ဘူး"

☺

"အချစ်ကြောင့် ပထမတစ်ကြိမ်ပဲ သေကြတယ်"

☺





"အစားထိုးလို့ မရတာ မုဆိုးမပဲရှိတယ်"

☺

"ပန်းကန်ပြားပျံကို မိန်းမရှိတဲ့ ယောကျ်ားတွေ မြင်ဖူးတာ
ာကယ်ပဲ"

☺

"ယောကျ်ားက ဘယ်ကိုသွားရမလဲဆိုတာ စဉ်းစားတယ်။
ိန်းမက ဘယ်သူ့ဆီ သွားရမလဲဆိုတာ စဉ်းစားတယ်"

☺ ☺ ☺

၃၀။ "နေရောင်အောက်မှာ တစ်နေရာရရှိ ရှိသေးတယ်။
ညနေစောင်းလာပြီ"

☺

"အရေးကြီးတဲ့အချိန်မှာ တာဝန်သိတတ်သူ၊ သိက္ခာထိန်း
သူတစ်ယောက်လို ပြုမူပြီး ကျွန်တော်တို့ကို ချောက်ချနိုင်တာ

www.burmeseclassic.com



ကြောင့် သူ့ကို ကျွန်တော် တာဝန်မခံရဲဘူး"

☺

"ကိုယ့်ရဲ့အမှားတွေအတွက် တခြားသူတွေကို ခွင့်လွှတ်
တာ အလွယ်ဆုံး"

☺

"လိုတဲ့အချိန်နဲ့ လိုတဲ့နေရာမှာ ကျွန်တော်တို့ကို ဘယ်သ
မှ မလိုပါလား"

☺

"လုပ်စရာ ဘာမှမရှိရင် ပေးအပ်တဲ့တာဝန်ကို ကျေပ
အောင် ထမ်းဆောင်ရတာ ခက်တယ်"

☺

"အထက်လူကြီးရဲ့ဟာသကို ရယ်ပြီးမှ နားလည်ရတေ
တယ်"





"ကိုယ် ဝယ်လိုက်တဲ့နာရီကိုပဲ ကျွန်တော်တို့ ယုံကြည်
တယ်"

☺ ☺ ☺

၃၁။ "ချမ်းသာခြင်းထက်ဆိုးတာ ဆင်းရဲခြင်းပဲရှိတယ်"

☺

"မိကျောင်းမျက်ရည်တွေ တန်ဖိုးမရှိတော့ဘူး။ ဒါပေမဲ့
ကျောင်းသားရေတွေ ဈေးကောင်းလာတယ်"

☺

"ရိုးရိုးသားသား ကြီးပွားလာရင် အဲဒီလက်တွေ စမ်းသပ်
ာ်ကို ရပ်လိုက်ဖို့ ကြိုးစားပါ"

☺

"ငွေတစ်သိန်းကို ဘယ်လို အကောင်းဆုံး သုံးရမလဲဆိုတာ
န်းကြွယ်သူဌေးတိုင်း သိကြတယ်"

www.burmeseclassic.com



“အကြားအမြင်ရသူတွေကို မျက်စိဆရာဝန်တွေ မကြာ ခဏ ကုပေးကြရတယ်”

☺

“အတိတ်ရဲ့လက်မှတ်နဲ့မှ အနာဂတ်ကို ဝင်ခွင့်ပေးသတဲ့

☺

“အစကတည်းက တလွဲလုပ်တဲ့လူပဲ မမှားတာ”

☺

“ကျွန်တော်တို့ကို ဘယ်တော့မှ မမေးတဲ့ကိစ္စတွေ ပတ်သက်ပြီး ကျွန်တော်တို့ မကြာခဏ သဘောမတူဖြစ်ကြတ

☺

“အားလုံးအတွက် စဉ်းစားလေလေ၊ တစ်ဦးချင်းရ နည်းလေလေ”

☺





“နိုင်ငံက အကြီးကြီးပဲ။ အားလုံးအတွက် အခက်အခဲတွေ လုံလုံလောက်လောက် ရှိပါတယ်”

☺

“ဒီမိုကရေစီခေတ်မှာ ဘယ်သူမှ အစေခံ မဖြစ်ချင်ကြဘူး”

☺

“ပြည်သူ့အစေခံတွေ များလွန်းတော့ အိမ်ရှင် ဘယ်မှာ နေရမှန်း မသိတော့ဘူး”

☺ ☺ ☺

**၃၂။ သိက္ခာရှိတဲ့လူဟာ သိက္ခာမရှိတဲ့လူဆီက လာဘ်မယူပါ”**

☺

“လက်တွေ့ကျင့်သုံးခြင်း မပြုမီအထိ ဥပဒေတိုင်း တရား တာမျှ ရှိတယ်”

☺

www.burmeseclassic.com



"အပြစ်ဒဏ် ခံရတော့မှ ကိုယ်မှန်တယ်ဆိုတာ သေခ
တော့တယ်"

☺

"ဘယ်လောက် ဆင်းရဲတဲ့နိုင်ငံလဲဆိုရင် ဥပဒေတော
မရှိဘူး"

☺

"လူအားလုံးအတွက် ဥပဒေတွေ အလုံအလောက် ရှိသ
တယ်"

☺

"အားလုံးကို နားလည်သွားတဲ့လူ ဘာကိုမှ မယုံတော့ဘူ

☺

"သူတို့ မှန်နေဦးတော့၊ ကိုယ့်ရန်သူတွေကို ခွင့်လွှတ်





"လောကနိဗ္ဗာန်ကို တည်ဆောက်နေဆဲအချိန်မှာ ငရဲကို
ရောက်လာမစဲ တသဲသဲပါလား"

☺

"လူညံ့လူဖျင်းလို့ နာမည်ထွက်ချင်ရင် မှုချဦးဆောင်
ကွပ်ကဲစရာ မလို"

☺

စဉ်းစားဘဲ လုပ်လိုက်တာနဲ့ ပတ်သက်ပြီး ဘာမှ ရှင်းပြမနေနဲ့"

☺

"အထက်လူကြီးကို မနာလို မဖြစ်နဲ့။ သူ့ထက် တော်တဲ့
သူ့အပေါ်မှာ သူ မှီတည်နေတာ မဟုတ်ဘူး"

☺ ☺ ☺

www.burmeseclassic.com



၃၃။ "ကျန်းမာရေးရှိရင် ရောဂါလည်း ရှိမှာပါပဲ"

☺

"ကျန်းမာရေးက ခွင့်မပြုရင် သူ့ကို မမေးနဲ့ပေါ့"

☺

"ဆေးပညာက ဘယ်လောက်အထိ ရှေ့ကိုပြေးသွားသလဲ ဆိုရင် အင်မတန် ကျန်းမာတဲ့လူပဲ လိုက်လို့မီတော့တယ်"

☺

"နီကိုတင်းဟာ အန္တရာယ်ကို သိတဲ့လူတွေရဲ့ အသက်ကို တိုစေတာပါ"

☺

"အကောင်းဆုံးလူတွေပဲ သေကြတယ်။ အညံ့ဆုံးလူတွေ ဆေးကို မကုဘူး"

☺





"ဆေးလိပ်သောက်ခြင်းဟာ အမွှေးစားအမွှေးခံတွေ အတွက် အကျိုးရှိတယ်"

☺

"ဆေးစစ်ချက် ကောင်းချင်ရင် ပိုက်ဆံပေးရတယ်"

☺

"အစားစားဖို့အတွက်ပဲ ကျန်းမာရေး ရှိတော့တယ်"

☺

"နာမကျန်းဖြစ်ဖို့တောင် အားမရှိတော့ဘူး"

☺

"ကုသစရိတ်ကို သိလိုက်တဲ့အခါ ဂုဏ်ယူဟဲ့စိတ်နဲ့ ရောဂါပိုးမွှားတွေ တိုးပွားလာကြတယ်"

☺

www.burmeseclassic.com



"ဆရာဝန်ကောင်းဟာ ဝင်ငွေအခြေအနေကို လူနာ့ အခြေအနေလိုပဲ စောင့်ကြည့်တယ်"

☺

"ဆရာဝန် ဝင်ငွေနည်းလေလေ၊ ရောဂါတွေ ပိုများလေလေ"

☺

"မှားယွင်းသော ကုသမှုရဲ့ ပထမဦးဆုံးသော လက္ခဏာ ဟာ အမြန်ဆုံး ပြန်လည်ကျန်းမာလာခြင်းပဲ"

☺

"ဆရာဝန်ကို ပိုက်ဆံ မပျက်မကွက် ပေးနေရင် ရောဂါ ဟာ နာတာရှည် ဖြစ်သွားနိုင်တယ်"

☺

"သေတော့မယ့်လူအကြောင်းကို ကြိုတင်ပြီး အကောင်း မပြောနဲ့"





"ဆာလောင်နေတဲ့ ဒေါက်တာ ရောဂါကို လွယ်လွယ်နဲ့ ရှာ တွေ့တယ်"

☺

"ဖျားနာခြင်းဖြင့် ဆရာဝန်တွေကို ကူညီပါ"

☺

"ကုလို့မရတော့တဲ့ လူနာတွေမှာ အလုပ်သင်ဆရာဝန်တွေ လက်တွေ့ဆင်းကြတယ်"

☺

"ဆရာဝန်ရဲ့အားသာချက်က ဘာလဲဆိုရင် သူ အကြံပေး တဲ့အတိုင်း သူ လိုက်လုပ်စရာ မလိုဘူး"

(အာဂါသာခရစ္စတီ)

☺ ☺ ☺

www.burmeseclassic.com



၃၄။ "တွေးခေါ်ရှင်တွေရဲ့ဒုက္ခ - အမှန်တရားနဲ့ နီးစပ်လေ လေလေ၊ အရှိတရားနဲ့ဝေးလေလေ"

☺ ☺ ☺

"ဒဿနပညာရှင်တွေဟာ ကြယ်တွေနဲ့တူတယ်။ အလင်းရောင် နည်းနည်းပဲ ပေးတယ်။ အမြင့်ကြီးမှာ ရှိနေတာကိုး"
(ဖရန့်စစ်ဘေကွန်/၁၅၆၁ - ၁၆၂၆/ အင်္ဂလိပ်တွေးခေါ်ရှင်)

☺

"အမှန်တရားနဲ့ အနီးစပ်ဆုံးသူဟာ တွေးခေါ်ရှင်ရဲ့ဇနီး"

☺

"သိပ်မစဉ်းစားဘူးဆိုရင် အရာခပ်သိမ်းဟာ သူ့ဟာ အဓိပ္ပာယ် ရှိပါတယ်"

☺

"မစဉ်းစားရတဲ့အတွေးဆိုရင် လူတွေကြိုက်ကြတယ်"





"လိုချင်တာအကုန်လုံးကို ရဖို့ဆိုတာ ရှိတာအားလုံးကို မလိုချင်ဖို့ထက် ပိုလွယ်ပါတယ်"

☺

"အကုန်လုံးကို လိုချင်သလား၊ အဲဒါဆို ပိုတာကို စွန့်ပစ်"

☺

"ရုပ် အဓိကမဟုတ်ဘူး။ ရုပ်ရဲ့ဈေးနှုန်းသာ အဓိက"

☺

"စဉ်းစားပြီး လုပ်တာပဲ။ ဒါပေမဲ့ မစဉ်းစားထားတဲ့ အကျိုးဆက်တွေ ထွက်လာတယ်"

☺

"အားလုံးသိတဲ့ကိစ္စကို တွေးခေါ်ရှင် နားလည်နိုင်စွမ်းရှိတယ်"

www.burmeseclassic.com



"နောက်အကျဆုံး ယုံကြည်သူ ဖြစ်ရတာထက် အစောဆုံးတ် ပိုကောင်းပါတယ်"
သံသယရှိသူ ဖြစ်ရတာ ပိုကောင်းတယ်"

☺

☺

"အများကြီးကို မသိတော့ သိတာလေးပဲ အမှန်ဆိုတဲ့
"ကြက်ဥနဲ့ကြက်မ ဘယ်ဟာက အရင်စသလဲ ဆိုတာ ယုံကြည်မှု ပိုခိုင်လာတယ်"
ကြက်ဖပဲ သိတယ်"

☺

☺ ☺ ☺

"ရိုးသားမှု ရာခိုင်နှုန်းကို မုသားက အဆုံးအဖြတ်ပေး
၃၅။ "အမှန်တရားအကြောင်း ပြောတဲ့အခါမှာ သူနဲ့ သိကျွမ်းတယ်"
တဲ့ပုံမျိုး မလုပ်ပါနဲ့"

☺

☺

"နိုင်ငံတော်သီချင်းကို မတ်တပ်ရပ်ပြီး ရေးကြတယ် ထင်
"အမှန်တရားနဲ့ မသိကျွမ်းဘူးဆိုတာ ဖြစ်နိုင်ပါတယ်တယ်"
ဒါပေမဲ့ သူနဲ့တွေ့တဲ့အခါ ဦးညွှတ်ဖို့လိုတယ်"

☺

☺

"အမြန်ရထားဟာ နောက်ကျရင်လည်း ခပ်မြန်မြန်လေး
"ခေါင်းငုံ့ပြီး သွားတာဟာ ခေါင်းမတ်ပြီး တွားသွားတာက်ကျတယ်"

www.burmeseclassic.com



"တရားမျှတမှု အောင်ပွဲအခမ်းအနား ကျင်းပတဲ့အခါ နစ်နာဆုံးရှုံးရသူတွေကို ဖိတ်လေ့မရှိပါ"

☺

"ကိုယ်နေတဲ့နေရာမှာပဲ သိက္ခာရှိသူဖြစ်ရတာ ခက်တယ်"

☺

"ရောင်းဖို့မဟုတ်ဘူးဆိုရင် ဈေးမဆစ်ဘဲ ဝယ်ကြတယ်"

☺

"ရောင်းသူ မရှိတဲ့အခါ ဝယ်သူ အမြဲတမ်း မှန်တယ်"

☺

"ဝယ်သူ အမြဲတမ်း မှန်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ အများစုဟာ ရောင်းသူတွေ"

☺





"ကျောင်းပိတ်ရက်မှာ ကျောင်းသားလေးတွေ ဉာဏ်ရည် တက်လာကြတယ်"

☺

"ဘိုးသက်ရှည်၊ ဘွားသက်ရှည်တွေကို လေးစားကြသူတွေ ဟာ သူတို့ကို မွေးကတည်းက သိခဲ့ကြသူတွေ မဟုတ်ဘူး"

☺

"ချီးမွမ်းတာခံရတော့ နေမထိထိုင်မသာဖြစ်ရတယ်။ ချီးမွမ်းတာနဲ့ ညီအောင် နေရတော့တာကိုး"

☺

"ကျွန်တော်တို့အကြောင်း ကောင်းကောင်းသိတဲ့လူကို သည်းခံရ ခက်လိုက်တာ"

☺

"အရောင် မခွဲခြားတတ်တဲ့သူတွေရှေ့မှာ ပုတ်သင်ညို

www.burmeseclassic.com



တွေ အကာအကွယ် ကင်းမဲ့ကြတယ်"

☺

"မရှိတဲ့ အခွင့်အလမ်းတွေကို စွန့်လွှတ်ရတာ တစ်ခ
တလေ သိပ်ခက်တာပဲ"

☺

"သူ့ရဲ့ဘောကြောင်တယ်ဆိုတာ ဝန်ခံဘို့အတွက် သတ္တိရှိ
လိုတယ်"

☺

"ကိုယ့်အကြောင်းကို ကြက်တူရွေးထံက ကြားရတဲ့အခါ
ဒေါသ ပိုဖြစ်ရတယ်"

☺

"အယုံလွယ်တဲ့လူတွေကြားမှာ ဟာသ မပြောနဲ့"

☺





"ဟာသရဲ့လေးနက်မှုကို ရှင်းပြစရာ မလို"

☺

"ပစ်စာတွေကို လက်မှတ်ထိုးယူနိုင်းတာ ပိုစိတ်ချရ
တယ်"

☺

"မပွင့်တဲ့လေထီးကို ကိုယ်စားလှယ်လွှဲစာနဲ့ လဲနိုင်ပါသတဲ့"

☺

"ခွေးဟာ လူရဲ့မိတ်ဆွေ၊ လူသားရဲ့မိတ်ဆွေမဟုတ်ဘူး"

☺

"တစိမ်းတွေကို ရန်သူ မရွေးခိုင်းနဲ့"

☺

www.burmeseclassic.com



“တကယ့်မိတ်ဆွေဆိုတာ အချိန်စောပြီး ဘယ်တော့မှ သ မဖောက်ဘူး”

☺

“ရန်သူရှိဖို့ လိုတယ်၊ ဒါမှ သူတို့နေရာကို သူငယ်ချ တွေ ဝင်မယူနိုင်မှာ”

☺

“ရှေးဟောင်းဖြစ်လေလေ၊ သမိုင်းကို ဖန်တီးရတာ ရှ လေလေ”

☺

“အတိတ်ကို လုံးဝ ကြိုပြောလို့မရဘူး”

☺

“ရှုံးနိမ့်သူတွေကို မေ့တတ်အောင် သမိုင်းက လူ သင်ပေးတယ်”





“ခေတ်တိုင်း ကိုယ့်အတိတ်ကို ထူထောင်ကြတယ်”

☺

“အဆင်မပြေမှုတွေကို မကြောက်နဲ့။ နောက်အသစ်တွေ ပါလာရင် စောစောက အဆင်မပြေမှုတွေ ပျောက်သွားမှာပါ”

☺

“ကာစီနို (လောင်းကစားရုံ) မှာ အကောင်းမြင်သမားတွေ ို တန်ဖိုးအထားဆုံး”

☺ ☺ ☺

ဉ်၊ “မိန်းမတွေကို သိတဲ့လူ ယောကျ်ားတွေကို သနားတယ်။ ယောကျ်ားတွေကိုသိတဲ့လူ မိန်းမတွေကို ခွင့်လွှတ်တယ်”

☺

“မချစ်ဖူးဘဲနဲ့ အချစ်မရှိဘူးဆိုတာ ဘယ်လိုလုပ် သိနိုင်ပါ့

www.burmeseclassic.com



မလဲ”

(ကူလစ်ချ်- ရုရှားစာရေးဆရာ)

☺

“ခင်ဗျားမေးတဲ့မေးခွန်းကို မိန်းမက ဖြေတယ်ဆိုရင် မေ
နဲ့။ အဲ မဖြေဘဲ ဆိတ်ဆိတ်နေတယ်ဆိုရင် ပိုလို့တောင် မယုံလေ

(မာကူရှင်းစကီး - ပိုလန်စာရေးဆ

☺

“အမျိုးသမီးတစ်ယောက်ကို နမ်းရမလား၊ မနမ်းရဘူးလာ
ဆိုတာ ဝေခွဲမရဖြစ်နေရင် လိုလိုမယ်မယ် နမ်းသာနမ်းလိုက်
(အီပေါ်ဟောစကားယား/၁၉၁၄-၁၉၈၁/ ပိုလန်စာရေးဆရာ

☺

“ခင်ဗျားကြိုက်လောက်တဲ့ မိန်းမချောနဲ့ ခင်ဗျားကို ကြိုက်
လောက်အောင် မိုက်မဲတဲ့မိန်းမကို ရှာရတာ အခက်ဆုံးပဲ”

☺





“ယောက်ျားတစ်ယောက်အဖို့ အသက် ၂၀-အရွယ် အမျိုး
သမီးနဲ့ရှိတဲ့ ဆက်ဆံရေးထက် နှစ်ပေါင်း ၂၀-ကြာပြီဖြစ်တဲ့ ဆက်
ဆံရေးကို ဖြတ်တောက်ရတာ ပိုလွယ်တယ်”

(မယ်လီဟာန် - ရုရှားစာပြောင်ဆရာ)

☺

“ကျွန်တော့်ကို ပစ်သွားခဲ့တဲ့မိန်းမတွေကို သနားလိုက်
တာ”

(ဗီရှုညက်စကီး - ရုရှားစာပြောင်ဆရာ)

☺

“မိန်းမနှစ်ယောက်အထဲက ----- တတိယတစ်ယောက်ကို
ရွေးပါ”

(ဂီယိုဂီးယက် - ရုရှားစာရေးဆရာ)

☺

“မိန်းမဆိုတာ သူ့မအတွက် လုပ်ပေးတာကို ဘယ်တော့မှ
သတိမထားမိဘူး။ အဲ၊ သူ့မအတွက် မလုပ်ပေးတာဆိုရင်တော့

www.burmeseclassic.com



အမြဲတမ်း သတိထားမိတယ်"

(ကူတဲလင်- ရုရှားစာရေးဆရာ)

☺

"သူမ ရှင်းပြဖို့ မကြိုးစားဘူးဆိုရင် မိန်းမတစ်ယောက်ရဲ့ နားလည်ရတာ လွယ်ပါတယ်"

☺

"အချစ်ခံရသူဖြစ်ဖို့ လှဖို့လိုတယ်။ လှတဲ့သူဖြစ်ဖို့ အချစ် ခံရဖို့လိုတယ်"

(Sangan - စာဂန်း - ၁၉၃၅ - ပြင်သစ်စာရေးဆရာ)

☺

"မိန်းမတိုင်းလိုလို ယောကျ်ား နားထောင်နိုင်တာထက် ပိုပြောနိုင်ကြတယ်"

(အမည်မသိ)

☺





"၁၅-နှစ် အရွယ်အမျိုးသမီးငယ်ဟာ ယောကျ်ားတွေကို မုန်းတယ်။ အားလုံးကို သတ်ပစ်ချင်စိတ်ပေါ်တယ်။ နောက် ၂-နှစ်၊ ၃-နှစ်ကြတဲ့အခါကျတော့ မျက်စိပွင့်လာပြီး တစ်ယောက် ယောက်များ အသက်ရှင်လျက် ကျန်ရစ်သလားဆိုပြီး လိုက်ကြည့် တယ်"

(ဂီစ်ဂဲ - ပိုလန်စာပြောင်ဆရာ)

☺

"ဘာသာစကား ၁၈-မျိုးကို သူမ ပြောတတ်တယ်။ ဒါပေမဲ့ 'ဟင့်အင်း' ဆိုတဲ့စကားကို ဘယ်ဘာသာနဲ့မှ မပြောတတ်ဘူး" (ဒေါ်ရသီပါကာ/၁၈၉၃ - ၁၉၆၇/ အမေရိကန်စာရေးဆရာမ)

☺

"ကွန်မယောကျ်ား ကွန်မကို သစ္စာမရှိဘူးထင်တယ်။ ကွန်မ ရဲ့ကလေးတွေတောင် သူနဲ့ရတာမှ ဟုတ်ရဲ့လားလို့ သံသယ ဝင်ချင် တယ်"

(အမည်မသိ)

☺

www.burmeseclassic.com



"ကျွန်မ မချစ်တဲ့ယောက်ျားတွေအထဲမှာ ပထမယောက်ျား
က အတော်ဆုံးရှင့်"
(Stael - စတားလ်/၁၇၆၆ - ၁၈၁၇/ပြင်သစ် စာရေးဆရာမ)

☺

"မိန်းမယူတယ်ဆိုတာ ကိုယ့်အခွင့်အရေးကို တစ်ဝက်
လျှော့ပြီး တာဝန်ကျတော့ နှစ်ဆတိုး ယူလိုက်ခြင်းပါပဲ"
(ရှိုပင်ဟောင်းဝါး)

☺

"ပိုက်ဆံမက်လို့ မိန်းမယူတဲ့လူမှာ ခိုင်လုံတဲ့အကြောင်းပြ
ချက် ရှိသေးတယ်"
(လာအု/ချက် - ဂျာမန်စာရေးဆရာ)

☺

"တစိမ်းမိန်းမတွေကိုတောင် ချစ်နိုင်သေးရင် ကိုယ့်မိန်းမ
ကို ဘာလို့ မချစ်နိုင်ရမှာလဲ"
(ဒျူးမား)





"ပထမအကြိမ်မှာ မအောင်မြင်ရင် မိန်းမရဲ့ပြောစကား
ကို နားထောင်ကြည့်ပါ"
(အော်ဘင် - အမေရိကန်ဟာသစာရေးဆရာ)

☺

"အသက် ၆၀ -အရွယ်မှာ အသက် ၁၈ -နှစ်သမီးကို
သက်ထပ်တယ်ဆိုတာဟာ သူငယ်ချင်းတွေ ဖတ်ပြမှာပဲဆိုပြီး စာ
အတတ်တဲ့သူ စာအုပ်ဝယ်သလိုမျိုး ဖြစ်နေတယ်"

☺ ☺ ☺

၃၇။ "ဘာပဲဖြစ်ဖြစ် မိန်းမယူပါ။ မိန်းမကောင်းကိုရရင်
ခြင်းချက်ဖြစ်မယ်။ ဆိုးတဲ့မိန်းမကိုရရင် တွေးခေါ်ရှင် ဖြစ်
မယ်"
(ဆိုကရေးတီးစ်)

☺

"တခြားမိန်းမကို ကိုယ့်မိန်းမမှာ သတိမထားမိတဲ့ အရည်

www.burmeseclassic.com



အချင်းကြောင့် ကြိုက်မိတယ်"

☺

"တစ်နာရီဖြစ်ဖြစ် လူပျို မဖြစ်ချင်တဲ့ယောက်ျား ရှိတယ်လို့ မကြားဖူးပါဘူး"

☺

"လေမုန်တိုင်းတိုက်နေတဲ့အချိန် ပင်လယ်ကမ်းစပ်မှာ မိန်းမနဲ့ လမ်းလျှောက်ရတာ အရမ်းစိတ်ချမ်းသာတယ်။ ဒင်းဘာပြောပြော မကြားရဘူး"

(ထရူရှုကင် - ရုရှားစာပြောင်ဆရာ)

☺

"မီးပိတ်ထားရင် မိန်းမအားလုံး လှကြတာချည်းပဲ"

(ပလူတတ်- ရှေးဟောင်းဂရိသမိုင်းပညာရှင်)

☺





"ယောက်ျား အသက်ကြီးလေလေ၊ သူ နောက်ယူတဲ့မိန်းမ အသက်ငယ်လေလေ"

(အဲလီဇဘက်တေလာ - ဟောလီးဝုဒ်ရုပ်ရှင် မင်းသမီး)

☺

"အချစ်ဟာ ထာဝရတည်မြဲတယ်။ ချစ်တဲ့သူတွေသာ ပြောင်းသွားကြတာကလား"

(မာတင်ကဲရိုးလ်)

☺

"ကိုယ့်ကိုမချစ်တော့ရင် ကိုယ့်ကိုယ်ကိုယ်လည်း မချစ်တော့ဘူး"

(စတားလ်)

☺

"ဘဝမှာ အချစ်ဟာ အဓိကလို့ လူချမ်းသာတွေ ထင်ကြတယ်။ ဆင်းရဲသားတွေကတော့ ဘဝမှာ ငွေသာ အဓိကလို့ အတိအကျ သိနေကြတယ်"

(ဂျယ်ရာဘရင်နန်း/ ၁၈၉၄ - ၁၉၈၇/ အင်္ဂလိပ်စာရေးဆရာ)

www.burmeseclassic.com



"အချစ်ရေးနဲ့ နိုင်ငံရေးမှာ ဘာစည်းကမ်းချက်ကိုမှ အသ် အမှတ်မပြုတဲ့သူ အနိုင်ရစမြဲ"

(ရှုကော့စကားယား - ပိုလန်စာရေးဆရာမ)

☺

"အချစ်တောင်ပံနဲ့ဆို ရာသီဥတု ဘယ်လောက်ဆိုးဆိုး ပျံလို့ရတယ်"

(ကရုတီယဲ)

☺

"အချစ်ဆိုတာ နေ့စဉ်နဲ့အမျှ သက်သေထူရတဲ့ သီအိုရမ် ပဲ"

(ဂရီဂိုရီ ဂိုရင် - ရုရှားဇာတ်ညွှန်းရေးဆရာ

☺

"မိန်းမတစ်ယောက်ပြောတဲ့ စကားအားလုံးကို ယောကျ်ား က ကြားတယ်ဆိုရင် အဲဒီမိန်းမ မလှလို့ပဲ ဖြစ်ရမယ်"

(ဟာတ်စကင်း - အမေရိကန်စာရေးဆရာ





"ယောကျ်ားအားလုံး အတူတူပဲလို့ မိန်းမတွေထင်တယ်။ အဲဒါ သူတို့ရဲ့အင်အားပဲ။ မိန်းမတွေ တစ်ယောက်နဲ့တစ်ယောက် မတူဘူးလို့ ယောကျ်ားတွေထင်တယ်။ အဲဒါ သူတို့ကို ဒုက္ခပေးတာ

(ဒီလာဆဲနာ)

☺

"ယောကျ်ားနှစ်ယောက် စကားပြောနေကြရင် သူတို့အကြောင်း သူတို့ပြောနေတာဖြစ်တယ်။ အဲ၊ မိန်းမနှစ်ယောက် စကားပြောနေကြရင်တော့ တခြားမိန်းမတစ်ယောက်အကြောင်း ပြောနေကြတာ ဖြစ်တယ်"

(အီပေါ်ဟောစကားယား)

☺

"တစ်စုံတစ်ယောက်သော ယောကျ်ားထက် ရှင် ဉာဏ်ပို ကောင်းတယ်ပဲထား၊ ရှင့်ဆီမှာ မရှိတဲ့အရာတစ်ခု သူ့ဆီမှာ ရှိနေတယ်ဆိုတာ အမြဲတမ်း သတိရပါ"

(မူရာဗျော့ဟာ - ရုရှားစာရေးဆရာမ)

www.burmeseclassic.com



"ယောက်ျားဟာ ခွင့်လွှတ်တယ်။ ပြီးရင်မေ့တယ်။ မိန်း ကတော့ ခွင့်ပဲခွင့်လွှတ်တယ်"

(ဖီးလစ်ဂျယ်ဖိုး)

☺

"ခွင့်မလွှတ်တဲ့လူ အားလုံးကို မှတ်မိတယ်"

☺

"မိန်းမ စကားစမပြောခင် သတင်းစာဖတ်တာ အစိုး မရှိဘူး"

☺

"မိန်းမကိုဝေဖန်ရမှာကြောက်တာနဲ့ ယောကျ်ားမအငြေ ဟာသရေးသတဲ့"

☺

"မိန်းမတစ်ယောက်ကို သူမ ဆုံးဖြတ်ပြီးမှ အကြံပေး





"ဆန္ဒရှိတာထက်ပိုပြီး SEX အကြောင်း မပြောပါနဲ့"

☺

"စိတ်ကြိုက်ဖြစ်တဲ့အလုပ်ဆိုရင် အကျိုးရှိတဲ့အလုပ် ဖြစ် ခဲ့တယ်"

☺

"စိတ်ထဲရှိတာထက် ပိုပြီး ကိုယ့်အကြောင်းကို မပြောနဲ့"

☺

"လူတစ်ယောက်အကြောင်းကို သိချင်ရင် သူ့ကို အချိန် မတော် နှိုးလိုက်"

☺ ☺ ☺

www.burmeseclassic.com



၃၈။ “အကျိုးစီးပွားချင်း တူနေရင် အပြစ်ဒဏ်ကို ရှော
တာလွယ်တယ်”

☺

“ကိုယ့်ရန်သူကို ချစ်တဲ့လူ နိုင်ငံ့သစ္စာဖောက်တဲ့”
(မားလ်ကင်

☺

“မှန်ရုံနဲ့ မလုံလောက်ဘူး၊ အဖမ်းမခံရဖို့ကလည်း အရေး
ကြီးတယ်ဗျ”

☺

“အမှားလုပ်မိလို့ နောင်တရကြတာ မဟုတ်ဘူး၊ ဒါ
အမှား မထိရောက်လို့ဗျို့”

☺

“လူညံ့လူဖျင်းတွေရဲ့ ဆုံးဖြတ်ချက်တွေကို ပုံမှန်အား





ခိုက်မဲ့သူတွေ အကောင်အထည်ဖော်ကြတာ ကံကောင်းတယ်လို့
အောက်မေ့ပါ”

☺

“နဂါးတွေအားလုံးအထဲမှာ ခေါင်းမပါတဲ့နဂါး အညံ့ဆုံး”

☺

“လက်တွေ့လုပ်ဘို့ အမြဲတမ်း အဆင်သင့် ဖြစ်နေရင်
ဦးနှောက်ကို အသုံးချရမှာ ပျင်းလို့ပဲ”

☺

“ပင်လယ်အနားမှာ ပေါ်လာတဲ့အတွေးကို မြစ်အနားမှာ
ထုတ်မပြောနဲ့”
(ကရုတီယံ)

☺

“တော်တဲ့လူ မြင်တာကိုပဲ လူညံ့လူဖျင်း မြင်တယ်။ ဒါပေမဲ့

www.burmeseclassic.com



အနားကပ်ပြီး ကြည့်ရတယ်”

“ကြိုတင်စိတ်ကူးထားတဲ့ မေးခွန်းမှာ လိုချင်တဲ့အဖြေ ပြီးသား”

“ဉာဏ်နည်းတာဟာ အသုံးချလိုက်တာ များသွား မဟုတ်ဘူး”

“ပိုမိုထိရောက်စေချင်ရင် ဘာသာမျိုးစုံနဲ့ စဉ်းစား

“ခေါင်းထက် ညှံ့တဲ့အတွေး မရှိပါ”





“တစ်ခုနဲ့တစ်ခု ဆန့်ကျင်တဲ့ စကားပုံတွေလောက် ပြည်သူ တွေရဲ့ အမြော်အမြင်ကို ထင်ဟပ်တာ မရှိဘူး”

“ဝယ်ချင်းဝယ်ရင် စကားပြောတတ်တဲ့ ကြက်တူရွေးကို ဝယ်နဲ့၊ ဉာဏ်ကောင်းတဲ့အကောင်ကို ဝယ်”

“ကြက်တူရွေး စကားပြောတတ်အောင် ကျင့်သလို န်တော်တို့လည်း စဉ်းစားတတ်အောင် ကျင့်ရင်ကောင်းမယ်”

“ကြက်တူရွေးကသာ လိုက်ပြောတယ်ဆိုရင် ဘယ်စကား ဲ့ အဓိပ္ပာယ် ပိုရှိလာသလိုပဲ”

“အတွေးတို့ မှန်က မထင်ဟပ်တာ ဝမ်းနည်းစရာ”

www.burmeseclassic.com



"သီလစောင့်တဲ့လူတွေအတွက် ဆယ်ပါးသီလဟာ နည်း
များနေသလား မသိ"

☺

"ကောင်းကင်ဘုံကို ကိုယ်စားလှယ်လွှဲစာနဲ့ သွားလို့မရ
ဘူး"

☺ ☺ ☺

၃၉။ "မိဘရဲ့ဝင်ငွေ တိုးလာတာထက် ကလေးတွေ ကြီးထွား
တာ ပိုမြန်လာတယ်"

☺

"သားသမီးတွေကို အကြံပေးပါ။ ခင်ဗျားဆီက သူတို့ မလို
ချင်တာ အဲဒါပဲရှိတယ်"

☺

"ကျွန်တော်တို့ မျောက်က ဆင်းသက်တယ်ဆိုတော





းသမီးတွေလည်း လူဖြစ်လာနိုင်ကောင်းပါရဲ့"

☺

"အသက် ၁၆ နှစ် မပြည့်သေးတဲ့ကလေး လူကြီးအိပ်မက်
က်ရ"

☺

"မိဘတွေ ပင်ပင်ပန်းပန်း သွန်သင်ဆုံးမနေကြရတာကို
နားလို့ ကလေးတွေ ငိုကြတာလားမသိ"

☺ ☺ ☺

၀။ "စာအုပ်ကောင်းတွေကို မဖတ်ဘဲနဲ့လည်း ယုံလို့ရပါ
ယ်"

☺

"သူ မနေခဲ့ရတဲ့ဘဝမျိုးမှာ နေဖို့ စာရေးသူက သူ့ရဲ့စာအုပ်
ကျွန်တော်တို့ကို သင်ပေးတယ်"

www.burmeseclassic.com



"ရေးသလို နေ၊ နေသလို ရေး"

☺

"ကျွန်တော် နားလည်တဲ့စာအုပ်တွေ ဘာမှလည်း အတိုး မရှိပါလားနော်"

☺

"စာအုပ်ကို စာရေးသူထံက လက်ဆောင်ရရင် မဖတ်ခင် သူ့ကို ကျေးဇူးတင်တာ ကောင်းတယ်"

☺

"တချို့က မြင်လို့ရေးတယ်။ တချို့က ကြားလို့ရေးတယ်" (ကားလ်ကရောက်စ်/၁၈၇၄ - ၁၉၃၆/ဩစထရီးယား စာရေး ဆရာ)

☺





"ကိုယ့်စာအုပ်ကို ပုံနှိပ်ထုတ်ဝေတယ်ဆိုတာဟာ မိမိဆန္ဒ အလျှောက် ဘောင်းဘီမဝတ်ဘဲ လူရှေ့ထွက်ပြတာနဲ့တူတယ်"

(အက်နာမီလီ)

☺

"မသိတဲ့ အကြောင်းအရာတွေကိုသာ ရေးဖွဲ့လိုက်ရရင် စာအုပ်ကောင်းတစ်အုပ် ထွက်လာနိုင်ပါရဲ့"

(ဆစ်ဒနီစမတ်)

☺

"ကျွန်တော် စာအုပ်ခြောက်အုပ် ရေးခဲ့တယ်။ စာနှစ်အုပ် ဖတ်ဖူးတဲ့လူအဖို့ မဆိုးလှပါဘူး"

(ဂျော့ဘန်းစ်)

☺

"ထုတ်ဝေသူဟာ အကျိုးအမြတ်ရှိမလား ဆိုတာကိုပဲ ဆုံးစားတယ်။ ခင်ဗျားရေးတာ ကောင်းတယ်ဆိုရင် ခင်ဗျားဟာ သောက်ကျူးလား၊ မိန်းမလား၊ ဒါမှမဟုတ် ဆင်လားဆိုတာ သူ လုံးဝ

www.burmeseclassic.com



စိတ်မဝင်စားဘူး”

(မာဂရက် အတ်ဝုဒ် + ၁၉၃၉ ကနေဒါစာရေးဆရာမ)

☺

“ကျွန်တော်ရေးတဲ့စာအုပ်တွေ ရေနဲ့တူတယ်။ တကယ့်လူထူးလူချွန်တွေရေးတဲ့ စာအုပ်တွေကတော့ ဝိုင်အရက်နဲ့တူတယ်။ ရေကို လူတိုင်းသောက်တယ်ဗျာ”

(မာတ်ခ်တွိမ်း)

☺

“(ဘားနတ်ရှော) ဟာ တကယ့်လူကောင်း။ ရန်သူ မရှိဘူး။ တစ်ခုပဲရှိတယ်။ သူ့ငယ်ချင်းတွေ တစ်ယောက်မှ သူ့ကို မချစ်ဘူး”

(အော်စကာဝိုင်းလ်)

☺

“အချက်သုံးချက်ကြောင့် မာတ်ခ်တွိမ်းကို ကျွန်တော်ကြိုက်တယ်။ တစ်၊ စာရေးကောင်းတယ်။ နှစ်၊ ကျွန်တော့်ကို ဖြေဖျော်မှု





းတယ်။ သုံး၊ သူ သေသွားပြီ”

(ဟဲမင်းဝေး)

☺

“လူသားထက်ဝက်က ဘုရားသခင်ကို မယုံဘူး။ ကျန်တစ်ဝက်က ကျွန်တော့်ကို မယုံဘူး”

(အော်စကာဝိုင်းလ်)

☺

“ကျွန်တော့်မှာ စာရေးတဲ့ ပါရမီမရှိဘူးဆိုတာ နှစ်ငါးဆယ်ကြာမှ ကျွန်တော် နားလည် သဘောပေါက်လာတယ်။ ဒါပေမဲ့ ဒီအချိန်မှာ ကျွန်တော် နာမည်ကြီးနေပြီ”

(ဘင်ချလီ)

☺

“ကျွန်တော် မရေးတဲ့စာအုပ်က တခြားလူတွေ ရေးတဲ့ စာအုပ်ထက် ပိုကောင်းတယ်ဗျ”

(ကွန်နယ်လီ/ ၁၉၀၃ - ၁၉၇၄/ အင်္ဂလိပ်ဝေဖန်ရေးဆရာ)

www.burmeseclassic.com



"ဘာဖြစ်လို့ စာအုပ်ကို မီးရှို့မှာလဲ၊ စာရေးဆရာကို မီးရှို့လိုက်ရင်ပြီးရော

(ဟီလာရီဘဲ)

☺

"စာရေးဆရာ အတော်များများဟာ ရေးတာနဲ့ အလုပ်များနေတာ စဉ်းစားချိန်တောင် မရှိကြရှာဘူး"

(အယ်လ်တင်ရေး)

☺

"စာရေးဆရာကို စာဖတ်သူ မသိဘူးဆိုရင် စာရေးဆရာရဲ့အပြစ်၊ စာဖတ်သူရဲ့အပြစ် မဟုတ်ဘူး"

(အီလျာအိဖ် - ရုရှားစာရေးဆရာ)

☺

"'ရေးထားတာဘာမှ အဓိပ္ပာယ်မရှိဘူး' လို့ တစ်ယောက်က ဝေဖန်တော့ 'ဘာဖြစ်လို့ ဒီလို ပြောနိုင်တာလဲ' လို့ ကျွန်တော် ပြန်မေးတယ်။ အဲဒီတော့ သူက 'ကျွန်တော်လည်း ဒီလိုစာအုပ်





မျိုး ရေးနိုင်တာပဲဗျာ' လို့ ပြန်ဖြေတယ်"

(ပုရှကင်- ရုရှားကဗျာ ဆရာ)

☺

"ကိုယ့်အတွက် ကိုယ်ရေးပြီး စာဖတ်သူကို ဆုံးရှုံးရတာဟာ စာဖတ်သူအတွက် ရေးပြီး ကိုယ့်ကိုယ်ကိုယ် ဆုံးရှုံးရတာထက် ပိုကောင်းပါတယ်"

(ကွန်နယ်လီ)

☺

"သူ ဂန္ထဝင်စာရေးဆရာကြီး ဖြစ်လုနီးနေပြီ။ သူ့စာကို ဘယ်သူမှ မဖတ်ကြတော့သလောက်ပဲ"

(ဂါဘရီလယ်လာအု)

☺

"ဂန္ထဝင်မြောက် စာရေးဆရာကြီးလည်း ဖြစ်ချင်တယ်။ ခင်ဗျားရေးတာကိုလည်း လူတွေ ဖတ်စေချင်တယ်ဆိုတာ တစ်ပြိုင်တည်း မဖြစ်နိုင်ဘူး"

www.burmeseclassic.com



"စာရေးဆရာများအသင်းကို စာရေးဆရာတွေနဲ့ ဖွဲ့ထား တာ မဟုတ်ဘူး။ စာရေးဆရာ အသင်းဝင်တွေနဲ့ ဖွဲ့ထားတာ"

(ပါပဲနီး)

☺

"စာရေးဆရာဆိုတာ သေတမ်းစာပဲဖြစ်ဖြစ် တစ်ခုခု အမြဲတမ်း ရေးနေရမယ်"

(အမည်မသိ)

☺

"ကချို့စာရေးဆရာတွေဟာ သူတို့မှာ ပြောစရာ ဘာမှ လို့ စာရေးကြတယ်လို့ ထင်စရာပဲ"

(လက်...)

☺

"ကျွန်တော့်ထက်ပိုပြီး မြန်မြန်ရေးနိုင်တဲ့လူထက် ... ကောင်းအောင် ကျွန်တော်ရေးနိုင်တယ်။ အဲ၊ ကျွန်တော့်ထက် ပိုကောင်းအောင် ရေးနိုင်တဲ့ ဘယ်သူမဆိုထက် ပိုမြန်အောင် ကျွန်တော်ရေးနိုင်တယ်"





☺

"ကဗျာဆရာနဲ့ လူလိမ်လူညာဆိုပြီး မွေးကတည်းက ဖြစ် လာကြတာ မဟုတ်ဘူး"

(အော်စကာဝိုင်းလ်)

☺

၄၁။ "အတုခိုးတယ်ဆိုတာ အကောင်းဆုံး ချီးမွမ်းခြင်းပါပဲ"

(ကော်လတွန်/၁၇၈၀ - ၁၈၃၂/အင်္ဂလိပ်စာပေပညာရှင်)

☺

"ကျွန်တော့်ခွက် သိပ်မကြီးဘူး။ ဒါပေမဲ့ ကျွန်တော့်ခွက်နဲ့ ကျွန်တော် သောက်တယ်"

(အဲဖရက် ဒီမျူစယ်)

☺

www.burmeseclassic.com



"စကားပြောတဲ့ ကြက်တူရွေးချည်းရှိတာ မဟုတ်ဘူး စာရေးတဲ့ကြက်တူရွေးလည်း ရှိတယ်"

(ကရွတ်ကီး)

☺

"တခြားလူကို ခိုးချတဲ့အခါ ခင်ဗျားဟာ ရိုးရိုးမိတ္တူ ... စောင်ပဲ ဖြစ်သွားတယ်"

☺

"စာအခိုးခံရတဲ့ စာရေးဆရာတွေ မကျေမနပ် မဖြစ်သ... ဘူး၊ ဝမ်းတောင်သာသင့်တယ်။ သစ်ခိုးသမားတွေ မသားတဲ့... တော ဘယ်မှာတန်ဖိုးရှိလို့တုန်း"

(ဂျိုနသန်ဆွစ်ဖ်/၁၆၆၇ - ၁၇၄၅/အင်္ဂလိပ်စာရေးဆ...

☺

"လှလိုက်တဲ့စကားလုံးတွေပါလား။ ခင်ဗျား ဘယ်သူ့ဆီ... ခိုးတာလဲဟင်"

(ဂျိုနသန်ဆွဖ်/၁၆၆၇ - ၁၇၄၅/အင်္ဂလိပ်စာရေးဆ...





"အပျော်ဖတ်စာပေကို ပြည့်တန်ဆာလိုပဲ သဘောထား ကြတယ်။ ရှုတ်ချကြတယ်။ ဒါပေမဲ့ မကင်းနိုင်ကြဘူး"

(အီဂျီကော့စကီး/၁၈၇၃ - ၁၉၄၄/ပိုလန်စာရေးဆရာ)

☺

"ကျွန်တော် ငယ်တုန်းကဆိုရင် ဖြစ်ခဲ့တာရော၊ မဖြစ်ခဲ့ တာတွေကိုပါ အားလုံးကို သတိရတယ်။ အခု ကျွန်တော် အသက် ကြီးလာပြီ၊ မကြာခင် မဖြစ်ခဲ့တာတွေကိုပဲ သတိရတော့မယ် ထင် တယ်"

(မတ်ခ်တွိမ်း)

☺

"အတိတ်က ဖြစ်ခဲ့တာကို ဘာမှ ပြန်ပြင်လို့ မရတော့ဘူး လို့ ခင်ဗျားယူဆတယ်ဆိုရင် ကိုယ်ရေးအတ္ထုပ္ပတ္တိကို ခင်ဗျား စ ရေးရသေးလို့ ဖြစ်ရမယ်"

(ဂါလင်)

☺

www.burmeseclassic.com



"ကျွန်တော် စာအုပ်တစ်အုပ်ရေးလိုက်တယ်။ စာအု
ခေါင်းစဉ်က 'ကျွန်တော့်ကို သိခဲ့သော လူထူးလူချွန်များ' တဲ့"

☺

"သရော်စာဆိုတာ ကြည့်လိုက်တိုင်း ကိုယ့်မျက်နှာက
လို့ လူအားလုံးရဲ့မျက်နှာကို မြင်ရတဲ့မှန်တစ်မျိုးပါပဲ"

(ဂျိုနသန် ဆွစ်ဖ်

☺

"သရော်စာဆိုတာ အနားမှာ ဘာမှမရှိရင် အထိရောက
ဆုံး လက်နက်ပါပဲ"

(ရူးဒီး - ယူကရိန်းစာရေးဆရာ

☺

"သရော်စာ ရေးတော့ အကောင်းမြင်သမားဆိုတာ ပေ
သွားတယ်"

(အက်စ်လက်

☺





"စာပြောင်ဆရာဆိုတာ ရယ်စရာ မဟုတ်တဲ့နေရာမှာ
ယ်စရာကို မြင်တတ်တဲ့လူ"

(သန်ဒေါင်း/၁၈၇၇ - ၁၉၄၁/တွေးခေါ်ရှင်၊ ဝေဖန်ရေးဆရာ)

☺

"တချို့လူတွေ ခဏခဏ ကိုးကားတော့ ကိုးကားတာကလွဲ
ဘာမှ မရေးတတ်ဘူးလို့ ထင်စရာပဲ"

(ဒါဗစ်ဒိုဗစ်ချ် - ရုရှားစာရေးဆရာ)

☺

"ပိုညံ့တဲ့လူတွေရှေ့မှာ ညံ့တဲ့လူတွေကို ဝေဖန်ရတာ ခက်
ယ်"

(ဂဂျဲရှစ် - ပိုလန်စာပြောင်ဆရာ)

☺

"မတရားဘူးပဲထား၊ ဝေဖန်တာကို အလေးထား။ တရား
ယ်ပဲထား၊ မကိုးစားနဲ့"

☺

www.burmeseclassic.com



"ဝေဖန်ရေးသမားဆိုတာ ကိုယ်ထမင်းစားရဖို့အတွက် တခြားလူ ထမင်းစားချင်စိတ် ပျောက်အောင်လုပ်တဲ့လူ"

(အမည်မသိ)

☺

"ဝေဖန်ရေးသမားဆိုတာ လမ်းကိုသိတယ်။ ဒါပေမဲ့ ကား မမောင်းတတ်ဘူး"

(တိုင်းနန်/၁၉၂၇ - ၁၉၈၀/အင်္ဂလိပ်ဝေဖန်ရေးဆရာ)

☺

"ဝေဖန်ရေးသမားဆိုတာ သူထက်တော်တဲ့လူကို အ ဖြတ်ဖို့အတွက် ရပ်တည်နေတဲ့လူ။ ဒါပေမဲ့ သူထက်တော်တဲ့လူ သူ ဘယ်တော့မှ ရှာမတွေ့ဘူး"

(ရစ်ချတ်ရှိုင်းယ

☺

"စာအုပ်တွေကို နှစ်မျိုးနှစ်စားခွဲလို့ ရတယ်။ တစ်မျိုး ဘယ်သူမှ မဖတ်တဲ့စာအုပ်။ နောက်တစ်မျိုးက ဘယ်သူမှ မ





သင့်တဲ့စာအုပ်"

(မင်းကင်)

☺

"မဖတ်တဲ့လူတွေက ဖတ်ပြီးပြီလို့ပြောရင် အဲဒီစာအုပ် ကယ် အောင်မြင်တယ်မှတ်"

(မက္ကင်ဇီ/၁၈၈၃ - ၁၉၇၂/အင်္ဂလိပ်စာရေးဆရာ)

☺

"ခပ်ညံ့ညံ့စာအုပ်ကို ရေးလိုက်ရုံနဲ့ မပြီးသေးဘူး။ ကောင်း ပါတယ်ဆိုတာကို ကြော်ငြာရသေးတယ်"

(ဂေနင် - ရုရှားဟာသစာရေးဆရာ)

☺

"အံ့မခန်း တိုးတက်လာလိုက်တာ။ စာမတတ်တဲ့လူတောင် အယ်ဒီတာ ဖြစ်လာနေကြပါလား"

(အက်စ်လက်စ်)

☺

www.burmeseclassic.com



“အတွေ့အကြုံ ရင့်ကျက်တဲ့ အယ်ဒီတာဟာ Aphorism ကိုတောင် ဆုံးအောင်မဖတ်ဘူး”

(မယ်လီဟန်)

☺

“ဘာမှမဖတ်ဘူး။ သူက စာရေးသူလေ၊ စာဖတ်သူမဟုတ်ဘူး”

(ကရွတ်ကီး)

☺

“ဘာမှမဖတ်တဲ့လူဟာ သတင်းစာကလွဲလို့ ဘာမှမဖတ်တဲ့လူထက် ပညာရှိတယ်”

(သောမတ်ဂျက်ဖာဆင်/၁၇၄၃-၁၈၂၆/အမေရိကန်သမ္မတဟောင်း)

☺

“စာအုပ်ကောင်း မဖတ်တဲ့လူဟာ အဲဒီစာအုပ်ကို မဖတ်တတ်တဲ့လူထက် မသာပါဘူး”

(မာတ်ခ်တွိန်း)





“ကိုယ့်စာအုပ်ကို ဘယ်သူ့မှ မငှားနဲ့။ ငှားလိုက်ရင် အဲဒီစာအုပ်ကို ခင်ဗျား ပြန်မတွေ့ရတော့ဘူးမှတ်။ ကျွန်တော့်ကိုယ်ပိုင်စာကြည့်တိုက်မှာ တခြားလူဆီက ငှားဖတ်တဲ့စာအုပ်တွေပဲ ရှိတော့တယ်”

(အနာတိုဖရန့် + ၁၈၄၄ - ၁၉၂၄ + ပြင်သစ်စာရေးဆရာ)

☺ ☺ ☺

၄၂။ “မိန်းမတစ်ယောက် ချောလှလေလေ၊ အချိန်နဲ့ ပိုက်ဆံ အကုန်မြန်လေလေ”

☺

“ဘယ်သူ့ကိုမှ မချစ်တဲ့မိန်းမကို ဘယ်သူမှ မနာလိုမဖြစ်ကြပါ”

(ဆယ်ဗန်းတက်)

☺

“အမှောင်ထဲမှာ မိန်းမတွေ လိုက်လျောလွယ်ကြတယ်”

(ရှိတ်စပီးယား)

www.burmeseclassic.com



"ရှီးသားတယ်ဆိုတဲ့ မိန်းမအများစုဟာ ဘယ်သူမှ မရှာသေးလို့ ခြေရာလက်ရာ မပျက်ဘဲရှိနေတဲ့ ရတနာသိုက်နဲ့ တူတယ်"

(လာရိုဖူးကို)

☺

"သူ့ကို မကြည့်ဘူးဆိုရင် မိန်းမချော အနာကြည်းဆုံး"

(သောမတ်ဖူးလား)

☺

"သူမကလွဲလို့ ဘယ်သူ့ကိုမှ မချစ်ဘူးလို့ ကတိမပေးခင် မိန်းမတွေအားလုံးကို ကြည့်ဖို့လိုတယ်။ ဒါမှမဟုတ် ဒင်းတစ်ယောက်ကိုပဲ ကြည့်"

(ဘူအတ်)

☺

"ချောလည်း ချောမယ်။ အညာလည်း လွယ်တယ်ဆိုရင်





ဒီမိန်းမကို ကျွန်တော်အကြိုက်ဆုံး"

(ဖော်လ်တိုင်းယား)

☺

"အသက်ကြီးတဲ့ယောက်ျားကို ရထားတဲ့ မိန်းမတွေဟာ သူတို့ရဲ့ မျက်ရည်တွေကို ဘယ်သူ လာသုတ်ပေးမလဲဆိုတာ ယောက်ျား အသက်ရှင်နေတုန်းမှာကတည်းက စဉ်းစားကြတယ်"

(ကာလိုဂိုဒိနီ)

☺

"မိန်းမတစ်ယောက်မှာ ခေါင်းအပါအဝင် အရာခပ်သိမ်း အသည်းနှလုံးချည်းပဲ"

(ဂျန်ပေါလ်)

☺

"ချစ်စိတ်ဝင်တဲ့အခါ ယောက်ျားတွေ မနာလိုဖြစ်တယ်။ မိန်းမကတော့ အချစ်မရှိဦးတော့ မနာလိုဖြစ်တယ်"

(အင်မာနျူဝယ် ကန့် + ၁၇၂၄ - ၁၈၀၄ + ဂျာမန်တွေးခေါ်ရှင်)

www.burmeseclassic.com



"သမိုင်းကို မိန်းမတွေ ဖန်တီးတယ်။ ဒါပေမဲ့ ယောကျ်ား
တွေရဲ့နာမည်ကိုပဲ သမိုင်းက မှတ်မိတယ်"

(ဖာဂိန်းနယ်)

☺

"တကယ်ချစ်တဲ့မိန်းမကို အမှန်အတိုင်း ချစ်ကြောင်း
လှကြောင်းပြောရင်းနဲ့ ကျန်တဲ့မိန်းမတွေကိုပါ ကျွန်တော်တို့ မြှော
ပင့်တတ်လာကြတယ်"

(ဝီလျံဂဲလ

☺

"လင်ငယ်နေတဲ့ မိန်းမဟာ ယောကျ်ားသစ္စာ မရှိကြောင်း
အမြဲတမ်းပြောတယ်"

(ပီစာရက်

☺





"မိန်းမဟာ ရွေးပိုင်ခွင့်လည်း ရချင်တယ်။ တစ်ချိန်တည်း
အရွေးခံရသူလည်း ဖြစ်ချင်တယ်"

(ရှိုစ်တန်း)

☺ ☺ ☺

**"ဈေးကြီးပေးပြီး အလှပြင်ထားဦးတော့၊ အပေါစားမိန်းမ
ပေါက်နေတတ်တယ်"**

(တကာချောတာ)

☺

"မိန်းမချောတွေရဲ့မျက်လုံးတော့ မျက်ရည်တွေနဲ့ ဖုံးလာရင်
ယောကျ်ားတွေ ကောင်းကောင်း မမြင်ရတော့ဘူး"

(တူဟောစတီး)

☺

"ယောက္ခမဟာ သမက်ရဲ့အောင်မြင်မှုကို နောက်အကျဆုံး
ယုံတယ်"

(ရှုးပတ်ဟျူးစ်)

www.burmeseclassic.com



“ငြင်းတယ်ဆိုတာ ဈေးတိုးပေးဖို့ အကြံပြုလိုက်ခြင်းပါ”
(ဂျော့အယ်ဂိုစီ)

☺

“မိန်းမဆိုတာ ယောကျ်ားတစ်ယောက်တည်းအတွက် လှတဲ့သူ မဖြစ်ချင်ဘူး”

☺

“မိန်းမတွေရဲ့အမြင်မှာ မလှတဲ့ယောကျ်ား မရှိဘူး မချမ်းသာတဲ့ ယောကျ်ားပဲရှိတယ်”

☺

“မိန်းမတစ်ယောက် အသက်ကြီးလေလေ၊ သူမ လက်ခံနိုင်တဲ့ယောကျ်ား များလေလေ၊ ဒါပေမဲ့ သူမအနားကို ကပ်တဲ့လူ နည်းလေလေ”

☺





“မလှတဲ့မိန်းမတွေ မရှိပါဘူး။ သူတို့ရဲ့ ဓာတ်ပုံတွေပဲ ညံ့တာပါ”

(မယ်လိုဟန်)

☺

“ယောကျ်ားတွေ သူမကို ဂရုစိုက်ကြောင်း ခဏခဏ ပြောတဲ့ အမျိုးသမီးဟာ အဲဒီဂရုစိုက်မှုကို အများဆုံး လိုအပ်နေတဲ့သူ”
(မဲလ်နီကော့ဗာ)

☺

“ယောကျ်ားရဲ့ရည်ရွယ်ချက် မြင့်သာလေလေ၊ မိန်းမရဲ့ ထိုးထွင်းသိဉာဏ် ပိုမှန်လေလေ”
(နေတန်)

☺

“မိန်းမရဲ့အလှကြောင့် ကန်းသွားတဲ့မျက်လုံး နောက်တစ်ယောက်ကိုတွေ့မှ ပြန်မြင်လာတယ်”

☺

www.burmeseclassic.com



"မိန်းမသာ မရှိရင် ကမ္ဘာပေါ်မှာ ရှိရှိသမျှ ပိုက်ဆံတွေ အားလုံး အဓိပ္ပာယ် ကင်းမဲ့သွားကြလိမ့်မယ်"

(အရစ္စတိုတယ်အိုနားဆစ်)

☺

"ငယ်ငယ်တုန်းကသာ မမှားခဲ့ကြရင် ကျွန်တော်တို့တတွေ သည့်ထက်နည်းမှာ သေချာတယ်"

☺

"လူပျိုကြီးဟာ အကာအကွယ်ကင်းမဲ့တဲ့ သတ္တဝါ။ ---နှ မှ မရှိဘဲ"

☺

အမြဲတမ်း ငယ်ရွယ်နုပျိုနေတဲ့မိန်းမတွေမှာ မြစ်တော် မြေးအဖြစ်နဲ့ မွေးလာကြတယ်"

☺





ယောကျ်ားတစ်ယောက်ရဲ့ဘဝမှာ မိန်းမဟာ အသက်ကြီး တဲ့အခန်းကို ကပြရတာ အခက်ဆုံး"

☺

"စကတ်တိုလေလေ မျက်နှာပေါ်က အရေးအကြောင်း တွေ မသိသာလေလေ"

☺

"ဘယ်လို လည်ပတိုက်အကျႌမျိုးလဲဆိုတော့ မျက်နှာကို တောင် စေ့စေ့မကြည့်နိုင်ဘူး"

☺

"ခါး မရှိတာကို အဆိုးမြင်သမား သတိထားမိတယ်။ အကောင်းမြင်သမားကတော့ လည်ပင်း ရှိသားပဲတဲ့"

☺

"သဘောတူတဲ့အခါ မိန်းမ မှန်တယ်။ မငြင်းတဲ့အခါ

www.burmeseclassic.com



ယောက်ျားမှန်တယ်”

☺

“အချစ်ကြောင့် ဆင်ခြင်တုံတရားပျောက်တယ် ဆိုတာ တူညီတဲ့ တုံ့ပြန်မှု မရှိရင် မိုက်မဲတယ်”

☺

“အမျိုးသမီးကို နှင်းဆီပန်း လက်ဆောင်ပေးတဲ့အခါ ဆူးတွေအတွက် ဘယ်လောက်ပေးခဲ့ရသလဲဆိုတာ မပြောနဲ့”

☺

“မိန်းမနဲ့ ငြင်းတဲ့အခါမှာ အမှန်တရားဟာ ခင်ဗျားဆီက မွေးဖွားလာမှာ မဟုတ်ဘူး”

☺

“မိန်းမအကြိုက် လိုက်လေလေ၊ သူမရဲ့မျက်စိအောက်မှာ ခင်ဗျား ညာဏ်ကောင်းလာလေလေ”





“စိတ်ဝင်စားစရာကောင်းတဲ့ မိန်းမနဲ့ဆိုရင် ဒင်း ဘာကို စိတ်ဝင်စားသလဲဆိုတာ မေ့သွားတယ်”

☺

“မိန်းမကို ကွာလိုက်ပြီလား။ အဲဒါဆို ဘဝသစ်ကို စ။ မိန်းမ ယူလိုက်ပြီလား၊ အဲဒါဆို ဘဝဟောင်းကို စွန့်”

☺

ငှ။ “ကိုယ့်ကိုယ်ကိုယ် ပညာရှိလို့ ယူဆရလောက်အောင် ရှန်တော်တို့ မမိုက်မဲပါဘူး”

☺

“လှည့်လှဖျင်းတွေနဲ့ ဆက်ဆံရလေလေ၊ ဉာဏ်ရည်တက် ဘာ မြန်လေလေ”

☺

“လှည့်လှဖျင်းအချင်းချင်း အဝေးက မြင်ကြတယ်။

 www.burmeseclassic.com 

အမြင့်မှာ ထိုင်နေကြတာကိုး"

☺

"ကိုယ့်ကိုယ်ကိုယ် နပိုလီယံလို့ ထင်တဲ့လူတွေအထဲမှာ ဘိုနာပါတ် တစ်ယောက်မှ မပါဘူး"

☺

"ဘိုနာပါတ်က သူ့ကိုယ်သူ နပိုလီယံလို့ ကြွေးကြော်လိုက်တော့ သူ့ကိုလည်း အရူးလို့ သတ်မှတ်ခဲ့ကြတယ်"

☺

"အကုန်လုံးကို နားလည်လို့ရတယ်။ စဉ်းစားလိုက်ဦးမယ်ဆိုရင် ပိုတောင် နားလည်နိုင်သေး"

☺

"အပြင်ပန်းပုံသဏ္ဌာန်ဟာ လှည့်ဖြားတတ်တဲ့သဘောတယ်။ ဒါပေမဲ့ ငထုံကတော့ ငထုံပုံပဲ ပေါက်တယ်"



"ဒီ့ထက် ပိုတော်ချင်ပါရဲ့။ ဒါပေမဲ့ မမှန်မကန် နားလည်သွားမှာစိုးတယ်"

☺

"နားမထောင်တော့ဘူးဆိုတဲ့အခါမှာ မပြောဘဲ နေရတာ အခက်ဆုံး"

☺

"မှုလပင်ရင်းကို ကိုးကားပြီး လိမ်ကြတာ အများဆုံး"

☺

"အကုန်လုံးကို ရထားပြီးပြီ။ ဒါပေမဲ့ ကျန်တာအားလုံးကို လိုချင်သေးသတဲ့"

☺

"အပြစ်ရှိသူတွေအထဲက ဘယ်သူမှန်သလဲဆိုတာ အနာဂတ်က အဆုံးအဖြတ် ပေးလိမ့်မယ်"

www.burmeseclassic.com



"တစ်ချိန်လုံး စာပဲသင်နေရတယ်။ ဘွဲ့လက်မှတ်ကို ဝယ်လိုက်ရင်တောင် စျေးသက်သာလိမ့်ဦးမယ်"

(စွမ်ဘားတော့)

☺

"မြို့ပြင်က အမှိုက်ပုံတွေအရ မြို့ထဲမှာ သန့်ရှင်းတယ်လို့ ပြောနိုင်တယ်"

☺

"ကိုယ် သူ့ရဲဘောကြောင်တာကို သတိရှိခြင်းသာ ဖြစ်ပါတယ်လို့ ရဲရဲကြီး ယူဆလို့ရတယ်"

☺

"သည့်ထက် ပိုကောင်းတာကို ကတိမပေးတာ ကောင်းပါတယ်"

☺





"သည့်ထက် ပိုမကောင်းနိုင်ဘူးဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ"

☺

"အလံဖြူကို လွှင့်မပစ်နဲ့။ အသုံးကျနိုင်သေးတယ်"

☺

"ယာယီအခက်အခဲတွေနဲ့ အမြဲတမ်း ရင်ဆိုင်နေရပါလား"

☺

"တစ်နှစ်ပြောင်းတိုင်း နှစ်သစ်တွေချည်းဆိုတော့ အိုချိန်တောင် မရှိဘူး"

☺

"ညွှန်းတာကို လူနာတွေ သောက်တယ်။ ကြော်ငြာတာကို ကျန်းမာသူတွေ သောက်တယ်"

☺

www.burmeseclassic.com



"နှစ်တွေကြာလေလေ၊ ဘဝသစ်ကို စရတာ ခက်လေလေ [illegible] ဒါပေမဲ့ ဘဝဟောင်းကို စွန့်ရတာ လွယ်လေလေ"

☺

"တော်တော်ဆိုးတဲ့ သတိမေ့ရောဂါ။ ဘယ်တုန်းက နော[illegible]ရတယ်" ဆုံးအကြိမ် ဖျားခဲ့သလဲဆိုတာ မမှတ်မိဘူး"

☺

"တာဝန်ခွဲတဲ့လူမှာ အခွင့်အရေး အများဆုံး"

☺

"ပြည်သူတွေရဲ့ကြမ္မာကို အဆုံးအဖြတ်ပေးသူတွေ[illegible] ပြည်သူတွေနဲ့ အတူနေဖို့ ကံမပါလာကြဘူး"

☺

"ကိုက်ဖို့သွားမှ မရှိတာ၊ ဘာလို့ မာန်ဖီနေမှာလဲ"

☺





"ဈေးနှုန်းတွေထက် ရယ်စရာကောင်းတာ လစာပဲရှိတယ်"

☺

"ဒီထက်ဆိုးတာ မဖြစ်နိုင်တော့ဘူးဆိုတဲ့အခါ ဝမ်းသာ

☺

"အာဏာရ ပုတ်သင်ညိုတွေကို အရောင်မခွဲတတ်သူတွေ [illegible]ာ ရွေးတင်လိုက်တာဖို့"

(ကရုတီယဲ)

☺

"ဘယ်ကိုပဲ တံတွေးထွေးထွေး၊ ထွေးပြီးသား ဖြစ်နေပြီ"

(ကရုတီယဲ)

☺

"ကျွန်စိတ်ဓာတ်- ဈေးမြှင့်ပြီး အရောင်းခံရလေလေ၊

www.burmeseclassic.com



သူ့ကိုယ်သူ ဂုဏ်ယူလေလေ"

☺

"ကျွန်တော်တို့ရဲ့အိုအေဆစ်တွေကို သူတို့ဆီက သဲကန္တာ တွေနဲ့ နှိုင်းယှဉ်လိုက်တာနဲ့ တံလျှပ်တွေ ပျောက်သွားပါလေရော"

(ကရုတီယ်)

☺

"ရေစီးကြောင်းအတိုင်း ကူးနေရင် 'ရှဘီကွန်' ကို ဖြတ် ရမှာမဟုတ်ဘူး"

☺

"သူတို့မှာသာ အားလုံးကို ရောင်းတုန်း၊ ကျွန်တော် (ရုရှား) မှာ အားလုံးကို ဝယ်ပြီးကြပြီ"

(ကရုတီ

☺





"မှောင်မိုက်တဲ့ အတိတ်ပြီးတဲ့နောက်မှာ အရောင်မှိန်တဲ့ ပစ္စုပ္ပန်သည်ပင်လျှင် တောက်ပြောင်တဲ့ အနာဂတ်လို့ ထင်ချင်လာတယ်"

☺

"ဆယ်ပါးသီလထဲက မကြာခဏ ချိုးဖေါက်တဲ့ သီလတွေကိုပဲ လူတွေ မှတ်မိကြတယ်"

☺

"လောကနိဗ္ဗာန်တည်ဆောက်ဖို့ ကတိပေးသူတွေကို ငရဲပြည်က စောင့်နေရတာ မောလှပြီတဲ့"

☺

"ကိုယ့်တန်ဖိုးကို သိတဲ့လူနဲ့ ဈေးညှိရတာ ပိုလွယ်တယ်"

☺

"အရေးနိမ့်သူတွေ ရှေ့ကို ရောက်နေမှတော့ ကျွန်တော်

www.burmeseclassic.com



တို့ ရတဲ့အောင်ပွဲကို ဘာလုပ်ရမှာလဲ"

☺

"ပိုက်ဆံဆိုတာ အာဏာနဲ့တူတယ်။ အမြဲတမ်း မ[illegible]
လောက်ဘူး"

☺

"မရယ်နိုင်ဘူးဆိုရင် ပြုံးပါ"

☺ ☺ ☺

၄၅။ "ဥပဒေရှေ့မှောက်မှာ အခွင့်အရေးမရှိသူ[illegible]
တန်းတူဖြစ်ကြတယ်"

(ကရုတီ[illegible]

☺

"ခွေးတစ်ကောင် ဘယ်လောက်ပဲ ပြေးပြေး၊ လှေး [illegible]
ကတော့ ခွေးကို သူ့ရဲ့ မရွေ့မပြောင်းနိုင်သောပစ္စည်းလို့ သ[illegible]





[illegible]ားတယ်"

(စွမ်ဘားတော့)

☺

"ဘာမှ ဆုံးရှုံးစရာမရှိတဲ့ မျိုးနွယ်ဆက်ဟာ လက်လွတ်
ဆုံးရှုံးလိုက်ရတဲ့ မျိုးနွယ်ဆက်"

☺

"စကားနည်းတဲ့လူကို ပွဲတင်သံ ကြိုက်တယ်"

☺

"ရှေ့တိုးချီတက်လာတဲ့ရန်သူဟာ နောက်ဆုတ်စရာ လမ်း
[illegible]ရှိတဲ့ ရန်သူလောက် ကြောက်စရာ မကောင်းဘူး"

☺

"ဖြစ်စေချင်တာကို အရှိတရားပါလို့ ပြောနေချိန်မှာ
[illegible]င်ဗျားရဲ့ သဘောတူညီချက်ကို တောင်းမှာမဟုတ်ဘူး"

www.burmeseclassic.com



“ကိုယ့်ကိုယ်ကိုယ် ဘယ်လိုမှ ရှာမတွေ့ဘူးဆိုရင် ခင်ဗျား ရှာနေတာ မဟုတ်လို့များလား”

☺

“တခြားလူအတွက် တွင်းမတူးနဲ့၊ ကိုယ့်တွင်းကို ပေးလိုက်”

☺

“အကန်းတွေ မိုးခြိမ်းတာကို ကြောက်တယ်၊ မျက်စိမြင် သူတွေ လျှပ်စီးလက်တာကို ကြောက်တယ်”

☺

“အရာခပ်သိမ်းကို မျက်စိမှိတ်ထားဖို့ အကျင့်ပါနေ လူထက် ပြန်မြင်ဖို့ အခွင့်အလမ်း အကန်းမှာ ပိုများတယ်”

☺

“ရေနစ်သူကို ကယ်မယ့်လူ များလေလေ၊ သူ အသက်ရှင် မယ့် အခွင့်အလမ်း နည်းလေလေ”

☺





“ကိုယ့်ဘဝကို ပိုကောင်းအောင် ပြောင်းလဲတာဟာ တခြားလူရဲ့ဘဝကို ပိုဆိုးအောင် လုပ်တာထက် ခက်တယ်”

☺

“အမြော်အမြင်- အားလုံးထက် တော်တယ်လို့ ခင်ဗျား ကိုယ်ခင်ဗျား မယူဆတော့ဘဲနဲ့ ကျန်တဲ့လူတွေထက် မမိုက်မဲ အောင်ပဲ ကြိုးစားခြင်း”

☺

“တစ်ဝက်တပျက် ဆုံးဖြတ်ချက်တွေ ဖြစ်လေလေ၊ ပြဿနာတွေ တိုးပွားလေလေ”

☺

“ခေါင်းထက် မြင့်အောင် ခုန်ချင်ရင် ခေါင်းရှိဖို့ လိုတယ်”

☺

“အားလုံး ကောင်းနေပြီ၊ ဒါပေမဲ့ ဘယ်လိုမှ ပိုကောင်း

www.burmeseclassic.com



မလာတာမျိုးနဲ့ ကြုံရတတ်ပါတယ်"

"စီးပွားရေးလျှို့ဝှက်ချက်တွေက နိုင်ငံတော်လျှို့ဝှက်ချက်တွေထက် ပိုများနေပါလား"

"ဆုကြေးနည်းလေလေ၊ အရေးနိမ့်သူ စိတ်ဖြေရတာ လွယ်လေလေ"

"အစွန်းနှစ်ဖက် ဆုံမိရင် အလယ်ကလူ ခံပေတော့ပဲ"

"ကိုယ့်အတွေးထက် တခြားသူရဲ့အတွေး ခေါင်းထဲ ရောက်လာတာ ပိုများတယ်"





"ပိုကောင်းတာကိုသာ စောင့်မနေဘူးဆိုရင် ကောင်းတာအတော်များများကို ကျွန်တော်တို့ လုပ်ဖြစ်ကြမှာပါ"

"တစ်ခါတလေ အရှိကိုအရှိအတိုင်း ပြောချလိုက်ချင်တယ်။ ဒါပေမဲ့ စုံစမ်းစစ်ဆေးမှုကို အနှောက်အယှက် မဖြစ်စေချင်တာနဲ့ ပါးစပ်ကို ပိတ်ထားလိုက်ရတယ်"

"ဥပဒေဟာ ဘယ်သူ့မျက်နှာကိုမှ မကြည့်ဘူး။ အထူးသဖြင့် ၎င်းရဲ့တရားမျှတမှုကို ယုံတဲ့လူတွေရဲ့မျက်နှာ"

"ဥပဒေကို မရှောင်ကွင်းတတ်တဲ့လူတွေပဲ တရားဥပဒေရှေ့မှောက်မှာ တန်းတူဖြစ်ကြတယ်"

www.burmeseclassic.com



၄၆။ "လူပုတွေရဲ့နိုင်ငံမှာ အုပ်စိုးသူကို မှန်ဘီလူးနဲ့ပဲ ကြည့်ခွင့်ပြုတယ်"

☺

"မရေးထားတဲ့ဥပဒေ (unwritten laws) တွေနဲ့အညီ နေနိုင်ဖို့ အထောက်အကူပြုတဲ့အတွက် ရေးထားတဲ့ဥပဒေ (written laws) တွေကို ကျေးဇူးတင်တယ်"

☺

"မရေးထားတဲ့ဥပဒေတွေဟာ လူအန္တတွေအတွက် မဟုတ်ဘူး"

☺

"လုပ်ခွင့်မရှိတာကို လူတိုင်းလုပ်နိုင်ကြတာ မဟုတ်ဘူး"

☺

"ထူးခြားတဲ့အမှား ဖြစ်လေလေ၊ သူ့ကို ထပ်လုပ်ရခက်လေလေ"





☺

"ဘယ်အယူဝါဒ မဆို သူ့ကို သရုပ်ဖျက်လိုက်သူတွေအတွက် တာဝန်မရှိပါ"

☺

"ကန့်လန့်ကာနောက်က လူတွေကို စင်မြင့်ပေါ်က ဆင်းခိုင်းရတာ အခက်ဆုံး"

☺

"အရွဲ့တိုက်ချင်လို့ ကောင်းမှုပြုသတဲ့ဗျာ၊ မှတ်ကရော"

☺ ☺ ☺

www.burmeseclassic.com





၄၇။ "လင်မယားတွေ စောင့်ထိန်းအပ်တဲ့ သစ္စာတရားကို အိမ်မှာ သိမ်းထားတာ အကောင်းဆုံး"

☺

"တချို့လင်မယားတွေမှာ ကွာရှင်းပြတ်စဲပြီးမှ ပျားရည်ဆမ်းလ စတင်တတ်ကြတယ်"

☺

"လက်ထက်စာချုပ်ကို အပြင်မထွက်ရ ခံဝန်ချက်လို ကြည့်လိုက်မိသတဲ့"

☺

"တစ်ခုမကျန် အမှန်ကိုပဲပြောလို့ မိန်းမက တောင်းဆိုတဲ့ အခါမှ မိန်းမကို လိမ်တဲ့လူ"

☺

"သဝန်တိုတဲ့ယောကျ်ားဟာ လင်ငယ်ကို ဗီရိုထဲမှာ ရှာတယ်။ ဉာဏ်ရှိတဲ့ယောကျ်ားကတော့ မိန်းမကို သူ ဝယ်မပေးဖူးတဲ့ပစ္စည်းကို ရှာတယ်"

☺

"ခင်ဗျား တတ်နိုင်တာထက်ပိုပြီး မိန်းမဆီက မတောင်းဆိုနဲ့"

☺

"ကျွန်တော့်မိန်းမရဲ့မှတ်ဉာဏ် အရမ်းစိတ်ညစ်စရာ ကောင်းတယ်။ လက်မထပ်ခင်က ကျွန်တော် ကတိပေးထားတာ သမျှကို ဒင်း သတိရနေတယ်တဲ့ဗျာ"

☺

"ခင်ဗျားကို မိန်းမက ရွေးလိုက်လို့ အောက်ခြေမလွတ်နဲ့။ သူမမှာ တခြားရွေးစရာ မရှိလို့ ဖြစ်ချင်ဖြစ်နေမယ်"

☺

www.burmeseclassic.com



"အားနွဲ့တဲ့ မိန်းမသားဖြစ်လေလေ၊ ဒင်းရဲ့လက်တ လွှ
အောင်ရှုံးရတာ ခက်လေလေ"

☺

"သူ့အမေနဲ့ တူလို့ဆိုပြီး သူမကို လက်ထပ်လိုက်တယ်
နောက် ဒင်းရဲ့အမေနဲ့ တူနေတာ တွေ့ရတော့ သူမကို ကွာလိုက်
တယ်"

☺

"မိန်းမဟာ စာအုပ်တွေလိုပဲ။ တချို့ဆို ဘယ်သူမှ
မဖတ်ရသေးဘူး။ တချို့ကျတော့ ဖတ်ထားလွန်းလို့ ကြေမွနေ

☺

"မိန်းမတစ်ယောက် သူမရဲ့တန်ဖိုးကို သူမ သိနေတ
ဆိုရင် ဈေးမဆစ်တာ ကောင်းတယ်"

☺





"မိန်းမတစ်ယောက် လိုချင်တာကို ဘုရားတောင် အမြဲ တမ်း
ဖြည့်ဆည်းပေးနိုင်ဘူး"

☺

"ယောကျ်ားဟာ မုဆိုးလိုပဲ။ မိန်းမရဲ့ တစ်မိနစ်တာ
အားနည်းမယ့်အချိန်ကို နာရီပေါင်းများစွာ စောင့်ဖို့ အသင့်ဖြစ်
တယ်"

☺

"ငယ်ရည်းစားနဲ့ တွေ့တာလောက် လူတစ်ယောက်ကို
စေတာ မရှိပါ"

☺

"ဒုတိယအချစ်ကို မတွေ့မချင်း ပထမအချစ်ကို နောက်
ဆုံးအချစ်လို့ ထင်ခဲ့တယ်"

☺

www.burmeseclassic.com



"တစ်ခါတလေ တွေ့ရာမိန်းမနောက်ကို ယောကျ်ား
ပြေးလိုက်နေတာဟာ သူမကို မီဖို့မဟုတ်ဘူး။ သူ ပြေးနိုင်ေ
တယ်ဆိုတာကို သက်သေထူချင်လို့ပဲ ဖြစ်တယ်ဗျာ"

☺

"ဘယ်မိန်းမ,မဆို ကိုယ့်မိန်းမထက် လှတာချည်းပဲ"

☺

"မိန်းမ လိုချင်တာကို ဘုရားသခင်လည်း လိုချင်တ
ဒါပေမဲ့ တခြားမိန်းမတစ်ယောက် မလိုချင်ဘူး"

☺

"နောက်လူတွေ အတုမခိုးချင်အောင်နေပါ"

☺

"ဘယ်လောက် မကောင်းတဲ့ ထောက်ခံစာ ဖြစ်
သေပြီးမှ ပြောတဲ့ ချီးမွမ်းစကားထက်တော့ နှစ်သက်





ကောင်းသေးတယ်"

☺

"ဖြင်းခုံခြင်း- ရောင်းတဲ့လူပဲရှိပြီး ဝယ်သူ မရှိတဲ့ဈေး"

☺

"စိတ်မှန်နေတဲ့အချိန်မှာ သေတမ်းစာ ရေးကြတယ်။ ဒါ
သဘာဝကျတယ်။ အဲဒီအချိန်မျိုးက သိပ်ကြာတတ်တာမှ မဟုတ်
ဘဲ"

☺

"စိတ်ဝါဒီဆီမှာ ရုပ်ဝတ္ထုအကူအညီ သွားမတောင်းနဲ့"

☺ ☺ ☺

www.burmeseclassic.com



၄၈။ "သဲကန္တာရက အော်သံတွေကို အိုအေဆစ်က မကြားရဘူး"

☺

"သူတို့ကို နားမထောင်တဲ့အခါ ပြည်သူတွေ မှန်တယ်တယ်"

☺

"ပြည်သူတွေ မှန်လေ့ရှိတယ်။ အခွင့်အရေး ကင်းမဲ့တဲ့ဘ မှာ ဒီအချက်နဲ့ပဲ စိတ်ဖြေစမ်းပါ"

☺

"ပျော်ရွှင်မှုဟာ ငွေအပေါ် မတည်ဘူးဆိုတဲ့အခါ မရွှေ့ မပြောင်းနိုင်တဲ့ပစ္စည်းကို ဝယ်ကြတယ်"

☺

"လူတွေကို မရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းနဲ့အတူ တန်ဖိုးဖြတ် ရတာ ပိုလွယ်တယ်"

☺





"ဆင်းရဲခဲ့တဲ့ ဘဝဟောင်းကို လူချမ်းသာတွေ တစ်ခါ ာလေ သတိရ အောက်မေ့ကြတယ်။ ဒါပေမဲ့ အဲဒီဘဝကို ပြန်ယူဖို့ ကြိုးစားကြဘူး"

☺

"ရှိရှိသမျှ အခွင့်အရေးတွေထဲမှာ မှားခွင့်ဟာ လက်လှမ်း အမီဆုံး"

☺

"စာတိုက်နဲ့ကြေးနန်းကို သိမ်းပိုက်ပြီးရင် မနက်ဖြန် အတွက် မိုးလေဝသခန့်မှန်းချက်ကို ကြေငြာလို့ရပြီ"

☺

"မမှန်ဘူး။ ဒါပေမဲ့ နောက်လိုက်တွေ အများကြီး"

☺

"ထာဝရမှန်တယ်ဆိုတဲ့ ခံယူချက်နဲ့ ရှေ့ကို ဆက်မသွားချင်

www.burmeseclassic.com



တော့ဘူး"

☺

"ဘာလုပ်ရမလဲဆိုတဲ့ မေးခွန်းကို ပုံမှန်အားဖြင့် အပြ[illegible] သူတွေ ဖြေကြတယ်"

☺

"နောက်ဆုတ်လိုက်တဲ့အခါ ရှေ့ကို ပိုမြင်ရတယ်"

☺

"တောက်ပြောင်တဲ့ အနာဂတ်ဟာ လူတိုင်းနဲ့ လိုက်ပ[illegible] တယ်လို့ မဆိုနိုင်ပါ"

☺

"လက်တွေအားနေမှ ကြိုးတွေကို ထုတ်လုပ်နိုင်မှာပေါ့"

☺





"အနောက်ကို နေဝင်လို့ အရှေ့တိုင်းနိုင်ငံတွေ သိပ်မကျေနပ်ချင်ဘူး"

☺

"ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးတဲ့နိုင်ငံတွေ အများကြီး၊ ဒါပေမဲ့ သူတို့ရဲ့ နိုင်ငံတော်တံဆိပ်တွေမှာ အသားမစားတဲ့ သတ္တဝါကို မတွေ့ရဘူး"

☺

" 'ချစ်ခင်လေးစားရပါသော ပြည်သူများခင်ဗျား' ဆိုတဲ့ စကားလောက် ဈေးပေါ်တာ မရှိဘူး"

☺

"အရာရှိတွေကို မဝယ်တာ သူတို့ရဲ့ အထက်လူကြီးတွေပဲ ရှိတယ်"

☺

www.burmeseclassic.com



"နယ်ရုပ်တွေ ဘာဖြစ်လို့ ဘုရင်ကြီးနဲ့ အနီးဆုံး ဖြစ်နေရပါ လိမ့်နော်"

☺

"ကျွန်တော်တို့ရဲ့ (ရုရှား) အစိုးရအကြောင်းကို ကျွန်တော် တို့ဘယ်လောက်ပဲ မကောင်းပြောပြော၊ သူက ကျွန်တော်တို့ အကြောင်းကို ပိုပြီးတောင် မကောင်းတွေးသေးတယ်"

(မားလ်ကင်)

☺

"တံခါးပိတ် လူ့အဖွဲ့အစည်းအဝေးမှာ အပေါ်ပိုင်းမှာ ပိုပြီး နွေးနွေးထွေးထွေး ရှိတယ်"

☺

"ပြည်သူတွေကို ချစ်တဲ့ပုံပေါက်အောင် သရုပ်ဆောင်ခ ပြည်သူတွေကပဲ ပေးဆပ်ရပါလား"

☺





"သတင်းအစအန မရှိဘဲ ပျောက်ဆုံးသွားတဲ့ မျှော်လင့် ချက်တွေဟာ စတေးခံလိုက်ရတွေထက် ပိုများတယ်"

☺

"လူညံ့လူဖျင်းတွေ ဒီလောက် မများပါဘူး။ သူတို့ရဲ့ နောက်လိုက်တွေပဲ တအားများနေတာပါ"

☺

"လိမ်လိမ်မာမာ ကျင့်ကြံဖို့ မေ့သွားတာနဲ့ ကိုယ့် အသိုင်း အဝိုင်းထဲ ပြန်ရောက်သွားတယ်"

☺

"သဘောမတူခွင့် ရှိတယ်ဆိုတဲ့အချက်ကို သဘောတူလိုက် ကြရအောင်"

☺ ☺ ☺

www.burmeseclassic.com



၄၉။ "မီးနီကိုဖြတ်ရင် တွန်မြူနစ်တောင် အန္တရာယ်ရှိတယ်"

☺

"နွားတွေကို အထွက်အမြတ် ထားတဲ့အခါ လူတွေ အားတ
စိတ် ဝင်လာတယ်"

☺

"ခေါင်းထဲရှိတာ အားလုံးကို ထုတ်ပစ်လိုက်ချင်တယ်
ဒါပေမဲ့ ပတ်ဝန်းကျင်ကို အားနာတယ်"

☺

"ခေါင်းထဲ ဝင်မလာတဲ့ အတွေးဆိုရင် ထူးခြားတယ်
ထင်ချင်တယ်"

☺

"ဘယ်အရာမဆို ရီလေတစ်ဗီတီ သီအိုရီလောက် မလွ
ဘူးနော်"





"လက်လှမ်းမမီတာကို လိုချင်တဲ့လူ နီးတာနဲ့ပဲ ကျေနပ်ရ
တတ်တယ်"

☺

"ပိုကောင်းတာကို အရမ်းလိုချင်တဲ့လူ မထိုက်တန်သူကို
ညွှတ်တယ်"

☺

"ကျွန်တော်တို့သာ မလိမ်ဘူး၊ မညာဘူးဆိုရင် ဘယ်သူမှ
ဘယ်သူ့ကိုမှ ယုံမှာမဟုတ်ဘူး"

☺

"ယုံဖို့ကြိုးစားပါ။ အဲဒါဆို နိစ္စဓူဝ လိမ်နေကြတာကို
ခင်ဗျား လျစ်လျူရှုတတ်လာမယ်"

☺

"ခင်ဗျားကို မယုံဘူးဆိုရင် ဆက်သာလိမ်"

www.burmeseclassic.com



"ကိုယ့်ကိုယ်ကိုယ် ယုံရင် တခြားလူကို လိမ်ရတာ လွ
တယ်"

☺

"မလိမ်ဘဲနေနိုင်တဲ့လူ လွတ်လပ်တဲ့လူ"
(ကာမျူး - ပြင်သစ်တွေးခေါ်ရှ

☺

"လူလတ်ပိုင်းအရွယ်ကို ရောက်ရင် ယောကျ်ားဟာ မိမိ
ထုရဲ့ထက်ဝက်ကို လက်လွှတ်လိုက်ရပြီလို့ မှတ်ပါ"

☺

"အသက်ကြီးလာလေလေ၊ မှန်ကို ကြည့်လိုက်တိုင်း လူ
ဟာ အဆိုးဘက်ကို ပြောင်းနေပါလားဆိုတာ သတိထားမိ
လေလေ"

☺





"လူငယ်တွေကို အပြစ်မတင်နဲ့၊ ကိုယ့်ကိုယ်ကိုယ် ပြန်သတိ
စမ်းပါ။ သတိရနိုင်စွမ်းရှိသေးရင်ပေါ့လေ"

☺

"ဘဲလေးအကမှာ အဓိက အရေးကြီးတာက ဘယ်သူ့မှ
တား မပြောဖို့ပဲ"

☺

"မထိုက်တန်တာကို လူတိုင်း ထိုက်တန်ကြတာ မဟုတ်ပါ"

☺

"မင်းတစ်ယောက်တည်းနဲ့ပဲ ငါသေဖို့ ကတိပေးပါတယ်"

☺

"မင်းအမေဆီ သွားတဲ့ခရီး ကြာနိုင်သမျှ ကြာပါစေ"

☺

www.burmeseclassic.com



"မိန်းမတွေထက် ဈေးပိုကြီးတာ သူတို့ရဲ့ အဝတ်အစား
ရှိတယ်"

"တခြားလူတွေ ဆင်းရဲဒုက္ခဖြစ်ကြရတာကို ကြည့်ပြီး ကျွ
ပေါ်မှာ ထင်သလောက် တရားမျှတမှု မကင်းမဲ့သေးပါလား ဆိုတာ
ကို လက်ခံချင်လာတယ်"

"မသိဘူးဆိုရင် သိစရာမလိုလို့ပဲ လို့မှတ်"

"ဈေးသည် မရှိတဲ့အခါ ဈေးဝယ်သူ အမြဲတမ်း မှန်တယ်"

"ကျွန်တော့် စည်းကမ်းချက်တွေနဲ့ဆိုရင် ခင်ဗျားအ
အတိုင်းဖြစ်စေဖို့ သဘောတူပါတယ်"





"ရယ်မောခြင်း- လွတ်လပ်မှုရသွားတဲ့အပြုံး"

"ဝက်တွေကို ရေတွက်တဲ့အခါ အသားကင်အကြောင်း
ဉ်းစားနဲ့"

"အဲဒီ စားသောက်ဆိုင်ကို ဘယ်သူမှ မသွားတော့ဘူး။
မြဲတမ်း လူပြည့်နေတာကိုး"

"မနက်ဖြန်အတွက် မိုးလေဝသ သတင်းခန့်မှန်းချက်
တိအကျကို သဘက်ခါကျရင် သိရမယ်"

"လူတွေအကြောင်း မကောင်းပြောတာ အင်မတန်
သနာပါတဲ့ ကျွန်တော်တောင် သူ့အကြောင်း မကောင်းတာ ဘာမှ

www.burmeseclassic.com



မပြောနိုင်ဘူး"

☺

"လူတွေအကြောင်း အကောင်းပဲ ပြောတတ်တဲ့ ကျွန်တော်တောင် သူ့အကြောင်း ကောင်းတာ တစ်ခုမှ မပြောနိုင်ဘူး"

☺

"တခြားလူတွေရဲ့ ရိုးသားမှုကို သည်းခံတတ်စမ်းပါ"

☺

"မိန်းမချောကို လက်ထပ်လိုက်တာနဲ့ ကွာရှင်းဖို့ အကြောင်းပြချက် တစ်ခါတည်း ရသွားတယ်"

☺

"ကိုယ့်ရဲ့ ချို့ယွင်းချက်တွေနဲ့ ပက်သက်ပြီး အရင်စဉ်းစား ဂုဏ်မယူနဲ့။ တခြားသူတွေ အကဲဖြတ်ပါစေ"





"တရားမျှတမှုကို တန်းစီစောင့်နေတဲ့အခါမှာ နောက်သားကောင် ရောက်မလာမချင်း မထူးပါဘူးဆိုပြီး စိတ်ပျက်လက်ပျက် ထွက်မသွားပါနဲ့"

☺

"သမိုင်းအမှန်တရားကို အောင်နိုင်သူတွေပဲ သိကြတယ်"

☺

"တိုက်ပွဲဝင်ရဲဘော်တွေဟာ အောင်ပွဲရပြီးတဲ့အခါမှာ အချင်းချင်း ဆက်ပြီး တိုက်ပွဲဝင်ကြတယ်"

☺

"ပြည်သူကို အလုပ်အကျွေးပြုမယ့်သူ အမြန်ဆုံး ဘဝရှင်မင်းတရားဖြစ်ဖို့ ကြိုးစားတယ်"

☺

"ဘဝတစ်လျှောက်လုံး နွေးထွေးတဲ့နေရာကို ရှာခဲ့တယ်။

www.burmeseclassic.com



သေတော့ ငရဲကို ရောက်သွားတယ်”

☺

“တစ္ဆေသရဲဟာ သူ့ကို ကြောက်အောင် ခြောက်တဲ့လူလောက် ကြောက်စရာ မကောင်းဘူး”

☺

“ဆင်းရဲသားတွေကို ဘုရားသခင်ချစ်တယ်။ သူတို့ပဲ နေ့စဉ်နဲ့အမျှ အားတိုးတကြီး ဘုရားကို ရှိခိုးတာကလား”

☺

“တရားစာအုပ်ကို တချို့လူတွေ မဖတ်ကြဘူး။ သူတို့ပဲ ရေးတာကိုး”

☺

“အချို့ကိစ္စတွေကို တစ်ဆင့်ကြားနဲ့ သိရတာ ပိုကောင်းတယ်”





“ပိုင်ဆိုင်မှုပစ္စည်းတွေကို ခွဲတဲ့အခါကျမှ သူနဲ့ သူ့မိန်းမ အကြား တူတာ အင်မတန် နည်းပါလားဆိုတာ သိလာရတယ်”

☺

“ယောကျ်ားတွေရဲ့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးစိတ်ထက် အားကောင်းတာ မိန်းမတွေရဲ့ ကိုယ့်ကိုယ်ကိုယ် ချစ်တဲ့စိတ်ပဲ တယ်”

☺

“ ‘ဒီထက်ကောင်းတာ ရှင် မစဉ်းစားတတ်တော့ဘူးလား နော်’ ဆိုတဲ့စကားကို အိုင်စတိုင်းရဲ့ဇနီးဟာ သူ့ယောကျ်ားကို ပြောခဲ့မှာပါပဲ”

☺

“မိန်းမကို သူ ဘာပြောခဲ့သလဲဆိုတာ ယောကျ်ားက မေ့နေပြီ။ မိန်းမက နားထောင်နေတုန်း”

☺

www.burmeseclassic.com



"မယားဆိုတာ လူသူ မရောက်တဲ့ကျွန်းမှာ မြှုပ်ထား
အတော်များများ ဝန်မလေးတဲ့ ရတနာသိုက်"

☺

"ဘောလုံးသမား တစ်ကွင်းလုံးကို မြင်တယ်။ အရန်ကတ
သမားတွေ ထိုင်တဲ့နေရာက ကြည့်တာကိုး"

☺

"လူဟာ သူ့ရဲ့ ရောဂါရာဇဝင်ကို သူ့ဟာသူ ဖန်တီးတယ်"

☺

"အခုခေတ်မှာ ဆေးတွေအပါအဝင် အားလုံးနီးပါး
မျှက်စိမှိတ် ယုံနေရတယ်"

☺

"ကိုယ့်ကိုယ်ကိုယ်ချစ်တဲ့ ရောဂါစွဲကပ်နေရင် ကိုယ့်နည်း
ကိုယ့်ဟန်နဲ့ကုတာ အန္တရာယ်မရှိပါဘူး"





"အပြစ်ရှိသူကို ရှာဖွေဖော်ထုတ်ခွင့်ရဖို့ တိုက်ပွဲဝင်သတဲ့"

☺

"ကောင်းတာကို ယုံလို့ရပါတယ်။ ဒါပေမဲ့ ဆိုးတာကိုတော့
မျှော်လင့်ထားသင့်တယ်"

☺

"အလယ်အလတ်လမ်းကို ရှာရင်း အတော်များများ အစွန်း
ဆို ရောက်ကုန်ကြတယ်"

☺

"ရိုးရိုးသားသား အားပြိုင်တဲ့အခါမှာ အရိုးသားဆုံးလူ
အနိုင်ရမယ်လို့ တထစ်ချ မပြောနိုင်ဘူး"

☺

"တစ်နေရာတည်းမှာ ရပ်နိုင်ဖို့ အဲဒီနေရာကို ပထမဆုံး
ရောထားဖို့ လိုတယ်"

www.burmeseclassic.com



"ကိုယ် ဘယ်လောက်တန်တယ်ဆိုတာ အတိအကျ သိ
တာတောင် စျေးနှုန်းစာရင်းကို ကြည့်ချင်စိတ်ပေါ်တယ်"

☺

"လူညံ့လူဖျင်းတွေ အင်မတန် သနားစရာကောင်းတယ်
ဘယ်ကိစ္စမဆို ဉာဏ်ကြီးတဲ့ပုံနဲ့ သူတို့ခမြာ ပြောကြရရှာတယ်"

☺

"ကျတာမှန်သမျှကို ကမ္ဘာ့ဆွဲငင်မှုနိယာမနဲ့ ရှင်းပြလို့
ဘူး"

☺

"အိုင်စတိုင်းဟာ သူ့ရဲ့ရီလေတစ်ဗီတီသီအိုရီကို နေ့တိုင်
ရှင်းပြတယ်။ တဖြည်းဖြည်းနဲ့ သူ့ရဲ့သီအိုရီကို သူ တကယ် နားလည်
တယ်လို့ ကျွန်တော် ယုံလာတယ်"
(ဝိုက်စမန် - အစ္စရေးနိုင်ငံ၏ ပထမဆုံးသမ္မတ၊ ဓါတု
ပညာရှင်)





"ရီလေတစ်ဗီတီသီအိုရီ မှန်ကြောင်း ထင်ရှားလာရင်
ကျွန်တော်ဟာ ဂျာမန်လူမျိုးလို့ ဂျာမန်တွေ ပြောကြလိမ့်မယ်။
ပြင်သစ်တွေက ကျွန်တော်ဟာ ကမ္ဘာ့နိုင်ငံသားလို့ ပြောကြလိမ့်မယ်။
ကျွန်တော့် သီအိုရီမမှန်ဘူးဆိုရင်တော့ ကျွန်တော်ဟာ ဂျာမန်လူမျိုး
လို့ ပြင်သစ်တွေပြောမယ်။ အဲ ဂျာမန်တွေကတော့ ကျွန်တော်ဟာ
လူမျိုးလို့ ပြောမှာသေချာတယ်ဗျို့"
(အိုင်စတိုင်း)

☺ ☺ ☺

၂၀။ "စာရင်းဇယားတွေ မလိမ်ဘူး။ ဒါပေမဲ့ စာရင်းဇယား
တွေအကူအညီနဲ့ လွယ်လွယ်လေး လိမ်လို့ရတယ်"
(ဇဗွန်နာရော့- သတင်းစာဆရာ)

☺

သစ်ခုခုကို တီထွင်ရုံနဲ့ မပြီးသေးဘူး။ အဲဒါကို တစ်ယောက်
ယောက်က တန်ဖိုးထားတတ်ဖို့ ဒါမှမဟုတ် တစ်ယောက်ယောက်
ခိုးသွားဖို့ လိုသေးတယ်"
(အီဒီကော့စကီး - ၁၈၇၃ - ၁၉၄၄ + ပိုလန် စာရေးဆရာ)

☺

www.burmeseclassic.com



"ခွေးတွေ သစ္စာရှိလွန်းတာကို ကြည့်ပြီး လူတွေ ဒီလိုအ
မျိုး ရထိုက်ပါရဲ့လားဆိုတာ သံသယ ဝင်ချင်လာတယ်"
(အီလျာအိဖ် - ၁၈၉၇ - ၁၉၇၇ + ရုရှားစာရေးဆ

☺

"မုန်းရင်မုန်းပါစေ၊ ကြောက်ရင်ပြီးရော"
(ကာလီဂူလာ - ရောမဘု

☺

"ရုရှားမှာ ဘာတွေလုပ်နေကြသလဲဆိုတဲ့ မေးခွန်း
'ခိုးနေကြတယ်' လို့ တစ်ခွန်းတည်း ဖြေလိုက်မယ်"
(နီကိုလိုင်ကာရမ်ဇင်-၁၇၆၆-၁၈၂၆+စာရေးဆရာ၊ သမိုင်းပညာ

☺

"မိုက်မဲတာတွေ ကျွန်တော်လုပ်လေလေ၊ ကျွန်တေ
ပေါ်ပြူလာ ဖြစ်လေလေ"
(ဂွန်က

☺





"ကမ္ဘာ့တံခါးကို သတင်းစာနဲ့ ပိတ်လို့ရတယ်"
(လက်စ်)

☺

"ကျွန်တော့်အဘိုး ဘာဖြစ်ခဲ့သလဲဆိုတာ ကျွန်တော်
သိဘူး။ သူ့မြေး ဘာဖြစ်လာမလဲဆိုတာကိုပဲ ကျွန်တော်စိတ်ဝင်
စားတယ်"
(လင်ကွန်း - ၁၈၀၉ - ၁၈၆၅ + အမေရိကန်သမ္မတ)

☺

"ကျွန်တော့်အကြောင်း မမှန်တာ ပြောနေသမျှ ကာလပတ်
လုံး ကျွန်တော့်နောက်ကွယ်မှာ ဘာပဲပြောနေပြောနေ၊ ကျွန်တော်
ဂရုမစိုက်ဘူး"
(လင်ကွန်း)

☺

"ချောက်ကမ်းပါးကို နှစ်ခါခုန်ပြီး ဖြတ်ကျော်ဖို့ကြိုးစား

www.burmeseclassic.com



တာလောက် အန္တရာယ်များတာမရှိဘူး"
(ဒေးဗစ်လွိုက်ဂျော့ - ၁၈၆၃ - ၁၉၄၅ + ဗြိတိသျှနိုင်ငံရေးသမာ

☺

၅၁။ "နိုင်ငံရေးသမားဆိုတာ သူ့ကို လူတွေ မချစ်ကြဘူး
တာကို နောက်ဆုံးအချိန်ထိ မယုံတဲ့သူ"
(လူရှ်ကော့ - ၁၉၃၆ + မော်စကို မြို့တော်ဝ

☺

"ကျွန်တော့်ခံယူချက်က ရှင်းရှင်းလေး၊ ပြည့်ဝတဲ့ ဒီမိုကရေ
စီစနစ်အောက်မှာ အရင်းရှင်လို အလုပ်လုပ်၊ ပြီးတော့ ဆိုရှယ်လ
လို ခွဲဝေပေးဖို့ပဲ"
(လူရှ်ကော့

☺

"ခင်ဗျားစာအုပ်ကို ဖွင့်ဖတ်မယ်လုပ်တာနဲ့ ရယ်ချင်စိ
ပေါ်လာတယ်။ စိတ်ချ၊ ခင်ဗျားစာအုပ်ကို တစ်ရက်ရက်တော





ျွန်တော် ဖွင့်ဖြစ်မှာပါ"
ရောင်ချိုမက်စ်-၁၉၈၅-၁၉၇၇+အမေရိကန်ဟာသမင်းသား)

☺

"လူတွေရဲ့မျက်နှာကို ကျွန်တော် ဘယ်တော့မှ မမေ့ဘူး။
ပေမဲ့ ခင်ဗျားနဲ့ပက်သက်လို့တော့ ကျွန်တော် ကျေကျေနပ်နပ်
ြီး ခြွင်းချက်လုပ်လိုက်မယ်"
(မက်စ်)

☺

"မိန်းမတွေကို ထွင်းဖောက်မြင်တယ်ဆိုတဲ့လူ အများကြီး
ဲ ဆုံးရှုံးလိုက်ရတယ်မှတ်" (မက်စ်)

☺

"အာရပ်နဲ့ကုလားအုပ်ကို ခွဲလို့မရဘူး။ အာရပ်ဟာ သူ့
ိန်းမကို ပေးချင်ပေးလိုက်မယ်၊ ကုလားအုပ်ကိုတော့ ဘယ်တော့မှ
ပေးဘူးတဲ့။ ကျွန်တော့်မှာ ကုလားအုပ် မရှိဘူး။ ဒါပေမဲ့

www.burmeseclassic.com



အင်မတန် ကောင်းတဲ့အကြံဗျ"

(မက်

☺

"တော်တော်များများဟာ ချီးမွမ်းတော့ တစ်အုပ်၊ တာက
ဖတ်တော့ နောက်တစ်အုပ်"

(မာစီရယ် - ၄၀ - ၁၀၄ အေဒီ + ရောမ ကဗျာဆရ

☺

"ကျေနပ်မှုပေးတဲ့ မိုက်မဲမှုတွေကိုပဲ လုပ်ပါ"

(မယ်ရီမယ် - ၁၈၀၃ - ၁၈၇၀ + ပြင်သစ်စာရေးဆရ

☺

"ကိုယ့်အကြောင်း မကောင်း ဘယ်တော့မှ မပြောနဲ့။ ခင်ဗျ
အစား သူငယ်ချင်းတွေ ပြောပေးလိမ့်မယ်"

(မယ်ရီမယ်

☺





"ကျွန်တော် အသက် ၇၁-နှစ်ရှိပြီ။ ဒါပေမဲ့ ၁၉၉၅ခုနှစ်မှာ ကျွန်တော့်အသက် ၇၈-နှစ်ပဲရှိဦးမှာဖြစ်ပါတယ်"

(သမ္မတအဖြစ် ဒုတိယအကြိမ် အရွေးခံရန် ဆုံးဖြတ်လိုက်သည့် ပြင်သစ်သမ္မတ မီးထရောင်း ၁၉၈၈ ခုနှစ်တွင် ပြောသည့်စကား)

☺

"ကျွန်တော့်ရဲ့ဆန္ဒ အင်မတန် သေးနုပ်ပါတယ်။ နိုင်ငံတော်ခေါင်းဆောင်ရဲ့ရုပ်ပုံကို တံဆိပ်ခေါင်းထက် ပိုမကြီးစေချင်တာ တစ်ခုပါပဲ"

(နာဘော့ကော့ + ၁၈၉၉ - ၁၉၇၇ + စာရေးဆရာ)

☺ ☺ ☺

၅၂။ "တိုတိုနဲ့ မရှင်းအောင် ရေး"

(နပိုလီယံ + ၁၇၆၉ - ၁၈၂၁ + အခြေခံဥပဒေ ရေးဆွဲသူတို့ကို ပြောသောစကား)

☺

www.burmeseclassic.com



"ကတိတည်ချင်ရင် ကတိ မပေးနဲ့"

(နပိုလီယန်)

☺

"မြောက်ပင့်တဲ့လူ အသရေလည်း ဖျက်တတ်တယ်"

(နပိုလီယန်)

☺

"ဘုရင်တွေနဲ့ ချိုပေါက်နေတဲ့ယောကျ်ားတွေဟာ သူတို့ကို ဝိုင်းပြီး ရယ်သွမ်းသွေးနေကြတယ် ဆိုတာကို နောက်အကျဆုံးမှ သိတဲ့လူတွေ"

(နပိုလီယန်)

☺

"အချစ်- လူနှစ်ယောက် ကျူးလွန်တဲ့ မိုက်မဲမှု"

(နပိုလီယန်)

☺





"ဘယ်လို မဲပေးကြသလဲဆိုတာ အရေးမကြီးဘူး။ မဲတွေ ဘယ်လို ရေတွက်သလဲဆိုတာကိုပဲ အရေးကြီးတယ်"

(စတာလင် + ၁၈၇၈ - ၁၉၅၃ + ဆိုဗီယက်ခေါင်းဆောင်)

☺

"လူရှိတယ်နော်၊ ပြဿနာရှိတယ်။ လူမရှိဘူးနော်၊ ပြဿနာ တော့ဘူး"

(စတာလင်)

☺

"ပန်းချီကားကို နားလည်ဖို့ လူတိုင်း ကြိုးစားနေကြတယ်။ ငှက်တွေ သီချင်းဆိုတာကို နားလည်ဖို့ ဘာဖြစ်လို့ ဘယ်သူမှ ကြိုးစားကြသလဲ မသိဘူး"

(ပါဘလို ပီကာဆို + ၁၈၈၁ - ၁၉၇၃ + ပြင်သစ်ပန်းချီဆရာ)

☺

"အင်မတန်ကောင်းတဲ့လူနဲ့ အင်မတန်ချမ်းသာတဲ့လူ

www.burmeseclassic.com



တစ်ချိန်တည်း မဖြစ်နိုင်ဘူး"
(ပလေးတိုး + ၄၂၇ - ၃၄၇ ဘီစီ + ဂရိတွေးခေါ်ရှ

☺

"အညာခံရတဲ့ ယောက်ျားဟာ နေရာတကာမှာ အညာ
တဲ့ယောက်ျားကိုပဲ မြင်တယ်"
(မာစယ် ပရုစ် + ၁၈၇၁ - ၁၉၂၂ + မြင်သစ်စာရေးဆ

☺

"ဥပဒေတွေကို ရေးဆွဲပြဋ္ဌာန်းဖို့ လူတွေ ရာနဲ့ချီပြီး စဉ်
ကြရတယ်။ အဲ၊ ဥပဒေတွေကို ဘယ်လို ရှောင်ရမလဲဆိုတာတ
လူတွေ သန်းနဲ့ချီပြီး စဉ်းစားနေကြတာကလား"
(ပူတင် + ရုရှား သ

☺

"အရက်သမားအိုတွေကို ဆရာဝန်အိုတွေထက် ပို
တယ်"
(ဖရန်ဆွာ ရာဘလယ် + ၁၄၉၄ - ၁၅၅၃ + မြင်သစ်စာရေ

☺ ☺ ☺





၃၊ "လူမိုက်ကို မမြင်ချင်ဘူးဆိုရင် ပထမဦးဆုံး ကိုယ့်ရှေ့
မှန်ကို ရိုက်ခွဲပစ်ပလိုက်"
(ရာဘလယ်)

☺

"ဒီမိုကရေစီခေတ်မှာ လူညံ့လူဖျင်းတွေ မဲပေးပိုင်ခွင့် ရကြ
ယ်။ အာဏာရှင်ခေတ်မှာ အုပ်စိုးပိုင်ခွင့် ရကြတယ်"
ဘာထရန်ရပ်ဆယ် + ၁၈၇၂ - ၁၉၇၀ + ဗြိတိသျှတွေးခေါ်ရှင်)

☺

"ရန်သူကို မုန်းရတာက မိတ်ဆွေတွေကို ချစ်ရတာထက်
လွယ်တယ်"
(ဘာထရန်ရပ်ဆယ်)

☺

င်းရေဟာ ဒုတိယ ရှေးအကျဆုံး အသက်မွေးဝမ်း ကြောင်းပညာလို့
ကြတယ်။ အင်း ရှေးအကျဆုံး အသက်မွေး ဝမ်းကြောင်းပညာနဲ့

www.burmeseclassic.com



အတော်တူနေပါလား"

(ရော်နယ်ရေဂင် + အမေရိကန်သမ္မ

☺

"ကျွန်တော် သမ္မတရာထူးက ထွက်ပြီးတဲ့အခါမှာ ဝေါက်
ရိုက်တာ မနိုင်တော့ဘူး"

(အိုက်စင်ဟောင်ဝါ + ၁၈၉၀ - ၁၉၆၉ + အမေရိကန်သမ္မ

☺

"လူတစ်ယောက်အကြောင်းကို သူ ကိုယ့်ရဲ့အထက်အ
ဖြစ်လာတဲ့အခါ ပိုသိကြရတယ်"

(ရီမတ် + ၁၈၉၈ - ၁၉၇၀ + ဂျာမန်စာရေးဆ

☺

"ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတဲ့လူကို အထင်သေး
အန္တရာယ်ရှိတယ်"

(ဖရန်ကလင်ရူစဘဲ့ + ၁၈၈၂ - ၁၉၄၅ + အမေရိကန်သမ္မ





"တချို့ဆေးတွေ ရောဂါထက် ကြောက်စရာကောင်း
တယ်"

(ဆီနက်ကာ + ၄ဘီစီ - ၆၅ အေဒီခန့်)

☺

"တစ်ယောက်နဲ့တစ်ယောက် မေတ္တာမျှမှအိမ်ထောင်ပြု
ကြစတမ်းဆိုရင် လူပျိုကြီး၊ အပျိုကြီးဘဝနဲ့ သေသွားကြမယ့် လူတွေ
ဒုနဲ့ဒေး ရှိလိမ့်မယ်"

(ရောဘတ် စတီဗင်ဆင်+၁၈၅၀-၁၈၉၄+အင်္ဂလိပ်စာရေးဆရာ)

☺

"ဘုရားသခင်ကို ကျွန်တော်ရှာတွေ့ဖို့ ကြိုးစားနေသလား
လို့ မေးတယ်နော်။ ဘုရားသခင်ဟာ ကျွန်တော့်ထက် ဉာဏ်ကြီးပါ
တယ်။ ကျွန်တော့်ကို သူပဲရှာပါစေ"

(အိုက်ဇက်အာဇီးမော့+၁၉၂၀-၁၉၉၂+အမေရိကန်စာရေးဆရာ)

☺

"ကျွန်တော့်ကို ပြန်ပေးဆွဲသွားတယ်ဆိုတဲ့သတင်းလည်း

www.burmeseclassic.com



ကြားရော၊ တစ်မိနစ်မဆိုင်းဘူး။ ကျွန်တော့်အခန်းကို ကျွန်တော့် မိဘတွေ အငှားချလိုက်တယ်"

(ဝူဒီအာလင်+၁၉၃၅-အမေရိကန်ရုပ်ရှင်မင်းသား၊ ဒါရိုက်တာနှင့် ဇာတ်ညွှန်းရေးဆရာ)

☺

"ဘဟားမားကျွန်းကို သွားရမလား၊ ကွာရှင်းပြတ်စဲမလား ဆိုတာကို ကျွန်တော်တို့ အတန်ကြာ စဉ်းစားမိကြတယ်။ ဘဟားမား ဆိုတာက နှစ်ပတ်ကြာရမယ့် ကျေနပ်မှု၊ ကွာရှင်းတာက ရာသက် ပန်ဖြစ်မယ့် ကျေနပ်မှုလို့ နောက်ဆုံးမှာ ကျွန်တော်တို့ ဆုံးဖြတ်လိုက် ကြတယ်"

(ဝူဒီအာလင်)

☺

"ခင်ဗျားတို့ အမြင်မှာသာ ကျွန်တော် ဘုရားမဲ့ဝါဒီ။ ဘုရားသခင်ရဲ့မျက်စိမှာတော့ ကျုပ်ဟာ အပြုသဘောဆောင်တဲ့ အတိုက်အခံပဲဗျ"

(ဝူဒီအာလင်)

☺





"မိန်းမသည် ယောက်ျား၏အနာဂတ် ဖြစ်သည်"

(လူဝီ အရာဂွန် + ၁၈၉၇ - ၁၉၈၂ + ပြင်သစ်စာရေးဆရာ)

☺

"တချို့တွေ စုနေလိုက်ကြတာ ရာသက်ပန် နေကြရတော့ မယ့်အတိုင်း။ တချို့တွေ သုံးဖြုန်းနေလိုက်ကြတာ မနက်ဖြန်ပဲ သေကြရတော့မယ့်အတိုင်း"

(အရစ္စတိုတယ်လ် + ၃၈၄ - ၃၂၂ဘီစီ + ဂရိတွေးခေါ်ရှင်)

☺

"ကျွန်တော့်အဖေသာ ပိုရဲခဲ့မယ်ဆိုရင် ကျွန်တော့်အသက် နှစ် ပိုကြီးနေမယ်ဗျ"

(မာစယ် အရှား + ၁၈၉၉ - ၁၉၇၄ + ပြင်သစ်စာရေးဆရာ)

☺

"လူတွေကို နှစ်မျိုးနှစ်စား ခွဲလို့ရတယ်။ ထောင်ကျနေတဲ့ လူနဲ့ ထောင်ကျသင့်တဲ့လူ"

(အရှား)

www.burmeseclassic.com



"အချစ်ရေးမှာ ကံကောင်းချင်ရင် အကန်းဖြစ်စရာ ...
ဘူး။ မျက်စိကို ရုံဖန်ရံခါ ပိတ်ထားရင် လုံလောက်ပြီ"

(အ...

☺

"သူဟာ လူကြီးလူကောင်း။ မိန်းမတစ်ယောက်ကို ဦး...
မချွတ်ဘဲ ဘယ်တော့မှ မရိုက်ဘူး"

(အ...

☺

"စစ်ပွဲအတွင်း၊ အမဲလိုက်ပြီးတဲ့အခါနဲ့ ရွေးကောက်ပွဲ...
မီမှာလောက် လိမ်ကြတာ မရှိဘူး"

(ဘစ်စ်မတ် + ၁၈၁၅ - ၁၈၉၈ + ဂျာမန်ဝန်ကြီး...

☺

"ကိုယ့်ကို ဒုက္ခမပေးတာ တစ်ခုထဲနဲ့ပဲ အထက်အရာ...
ကျေးဇူးတင်ဖို့ တောင်းနေပြီ"

(ဘိုမာရှယ် + ၁၇၃၂ - ၁၇၉၉ + ပြင်သစ်စာရေးဆ...

☺





"အရင်တုန်းက ခင်ဗျားကို ကျွန်တော် အကုန်လုံးပြောခဲ့တယ်။ အခု ခင်ဗျားကို ကျွန်တော် ဘာမှ မထိန်ချန်တော့ဘူး"

(ဘိုမာရှယ်)

☺

"တိုးတက်မှုကို ကျွန်တော်တို့ မယုံတော့ဘူး။ အဲဒါ ဆုတ်ယုတ်မှု မဟုတ်ဘူးလား"

(ဘောဟတ်စ် + ၁၈၉၉ - ၁၉၈၆ + အာဂျင်တီးနားစာရေးဆရာ)

☺

"အခြေမနေတွေ ပိုဆိုးမလာဘူးဆိုရင် ကျွန်တော့်ပြိုင်ဘက် အရွေးခံရမှာ မဟုတ်ဘူး။ အဲ သူ့ကို မရွေးဘူးဆိုရင် အခြေအနေတွေ ပိုဆိုးလာမှာ မဟုတ်ဘူး"

(ဂျော့ဘုရှ် စီနီယာ + ၁၈၅၆ - ၁၉၂၄ + အမေရိကန်သမ္မတ)

☺

"ကျွန်တော့်အဖေဆီက သူ့ရဲ့ရန်သူတွေအားလုံးနဲ့ မိတ်ဆွေ

www.burmeseclassic.com



တစ်ဝက်ကိုပဲ အမြွေရလိုက်တယ်"
(ဂျော့ဘုရှ် ဂျူနီယာ + ၁၉၄၈ အမေရိကန်သမ္မတ)

☺

"ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ ဆုံးဖြတ်ထားတဲ့ လူတစ်ယောက်ကို ဘာဖြစ်လို့ သတ်ရမှာလဲ"
(ဝူးဒရိုး ဝီလ်ဆင် + ၁၈၅၆ - ၁၉၂၄ + အမေရိကန်သမ္မတ)

☺ ☺ ☺

**၅၄။ "ဘာမှမရှိလည်း ကျွန်တော် နေတတ်တယ်။ ဒါပေမဲ့ ဒီအကြောင်းကို ဘယ်သူမှ မသိစေချင်ဘူး"**
(ဗော်လ်တိုင်းယား + ၁၆၉၄ - ၁၇၇၈ + ပြင်သစ်တွေးခေါ်ရှင်)

☺

"ပျော်ရွှင်မှုကို ရှာတဲ့သူဟာ ကိုယ့်အိမ်ရှိမှန်း သိပေမယ့် အဲဒီအိမ်ကို ဘယ်လိုမှ ရှာမတွေ့တဲ့ အရက်သမားနဲ့တူတယ်"
(ဗော်လ်တိုင်းယား)

☺





"သူဟာ တကယ့်မျိုးချစ်ပုဂ္ဂိုလ်၊ လူသားချင်း စာနာတတ်တဲ့လူ၊ မိတ်ဆွေစစ် မိတ်ဆွေမှန်၊ အင်း သူသေသွားတာ တကယ်မှန်ရင်ပေါ့လေ"
(ဗော်လ်တိုင်းယား)

☺

"ဘုရင်တွေဟာ သူတို့ရဲ့ဝန်ကြီးတွေအကြောင်းကို ချီးပေါက်တဲ့ယောက်ျားတွေ သူတို့မိန်းမအကြောင်း သိတာထက် ပိုမသိကြဘူး"
(ဗော်လ်တိုင်းယား)

☺

"လူတိုင်းလူတိုင်း နားလည်တာကိုပဲ ကြားကြတယ်"
(ဂိုသေ + ၁၇၄၉ - ၁၈၃၂ + ဂျာမန်ကဗျာဆရာ)

☺

"မိန်းမရဲ့ လက်ကိုနမ်းတဲ့အလေ့အထကို ကျွန်တော်

www.burmeseclassic.com



ထောက်ခံတယ်။ တစ်ခုခုက စ,ရမယ် မဟုတ်လားဗျာ"
(စားရှာ ဂီထရီ+၁၈၈၅-၁၉၅၇+ပြင်သစ်ရုပ်ရှင်မင်းသား၊ ဒါရိုက်တာ)

"စံပြမိန်းမ- ခင်ဗျားအပေါ် သစ္စာမရှိတဲ့မိန်းမလို ခင်ဗျားကို သစ္စာရှိပြ၊ ယုယပြတဲ့မိန်းမ"

(ဂီထရီ)

"ခင်ဗျားဆီက တစ်ပြားတချပ်မှ မယူဘူးဆိုတဲ့ မိန်းမတွေကိုသတိထား။ ခင်ဗျားကို မွဲအောင်လုပ်မှာ သူတို့ပဲ"

(ဂီထရီ)

"ကျွန်တော့်သူငယ်ချင်းတွေအကြောင်း မကောင်းမပြောပါနဲ့။ ခင်ဗျားတို့ထက်မညံ့အောင် ကျွန်တော် ပြောတတ်ပါတယ်"

(ဂီထရီ)





"ကျန်တဲ့မိန်းမတွေက ငါ့ရဲ့ဇနီးတွေ။ မင်းကတော့ ငါ့ရဲ့ ...ဆိုးမဖြစ်မယ်"

(ဂီထရိ + ပဥ္စမမြောက်မယားကို ပြောသောစကား)

"ကျွန်တော် အမြဲတမ်း မမှန်နိုင်ဘူးဆိုတာ ဖြစ်နိုင်ပါ ...ယ်။ ဒါပေမဲ့ ကျွန်တော် ဘယ်တော့မှ မမှားဘူးဗျ"
...ယ်မြူရယ် ဂေါလ်ဒွင်+၁၈၈၂-၁၉၇၄+ ရုပ်ရှင်ထုတ်လုပ်သူ)

"ကျွန်တော့်ကို ခင်ဗျား မကန့်ကွက်ဘူးဆိုရင် ကျွန်တော် ...တယ်ဆိုတာ ကျွန်တော် ဘယ်လိုလုပ်သိမှာလဲဗျ"

(ဂေါလ်ဒွင်)

www.burmeseclassic.com



၅၅။ “နိုင်ငံရေးသမားဟာ သခင်ဖြစ်ချင်တော့ အစေခံ
ဆောင်ရတယ်”

(ဒီဂေါ + ၁၈၉၀ - ၁၉၇၀ + ပြင်သစ်သ

☺

“နိုင်ငံရေးမှာ ကိုယ့်ရဲ့နိုင်ငံကိုသော်လည်းကောင်း၊
ရဲ့မဲဆန္ဒရှင်တွေကိုလည်းကောင်း သစ္စာဖေါက်ရတတ်တယ်။
လိုဖြစ်လာရင် ကျွန်တော် ဒုတိယလမ်းကိုရွေးတယ်”

(ဒီဂေါ

☺

“ပညတ်တော်ဆယ်ပါးဟာ တိုတယ်၊ ရှင်းတယ်၊ နား
လွယ်တယ်။ အကြံပေးပုဂ္ဂိုလ်တွေ၊ ကျွမ်းကျင်သူတွေ မပါ
ရေးတာကိုး”

(ဒီဂေါ

☺

“ကျွန်တော့်ကို ဆန့်ကျင်တဲ့သူတွေကိုပဲ ကျွန်တော် လေး





တယ်။ ဒါပေမယ့် သူတို့ကို သည်းခံဖို့တော့ စိတ်မကူးဘူး”

(ဒီဂေါ)

☺

“ကျွန်တော့်ပုံကို မျက်နှာဖုံးမှာ ဖေါ်ပြနေသမျှ ကာလပတ်လုံး စာမျက်နှာ ၉၆-မှာ ကျွန်တော့်အကြောင်း ဘာရေးထားသလဲဆိုတာကို စိတ်မဝင်စားဘူး”

(မစ်ဂျာဂါ + ၁၉၄၃---ဗြိတိသျှအဆိုတော်)

☺

“တစ်ဖက်လူ ယုံအောင် လိမ်တတ်တဲ့ပါရမီ ပါမလာဘူးဆိုရင် ရိုးသားတာ အကောင်းဆုံးပါပဲ”

(ဂျယ်ရှမ် ဂျယ်ရှမ် + ၁၈၅၉ - ၁၉၇၂ + အင်္ဂလိပ်စာရေးဆရာ)

☺

“အချစ်ထက် စိတ်ကို လှုပ်ရှားစေတာ ပိုက်ဆံပဲရှိတယ်”

(ဘင်ဂျမင် ဒီဇရာအယ်လီ + ၁၈၀၄ - ၁၈၈၁ + ဗြိတိသျှနိုင်ငံရေးသမား၊ စာရေးဆရာ)

www.burmeseclassic.com



"မိန်းမတိုင်း ယောက်ျားရှိရမယ်။ ယောက်ျားတိုင်း လူပျို ကြီးဖြစ်ရမယ်လို့ ကျွန်တော် ယူဆခဲ့တယ်"

(ဒီဇရာအယ်လီ)

☺

"ကွန်မြူနစ်တွေပြီးရင် ကွန်မြူနစ်ဆန့်ကျင်ရေးသမားတွေ ကို အမုန်းဆုံးပဲ"

(ဆာဂေး ဒိုဗလာဖတာ့ + ၁၉၄၁ - ၁၉၉၀ + စာရေးဆရာ)

☺

"ကျွန်တော်တို့ဆီမှာ လူတိုင်း သမ္မတ ဖြစ်နိုင်တယ်။ ကျွန်တော့်ကိုပဲကြည့်"

(ဂျယ်ရယ်ဖို့ + ၀၉၁၃ --- အမေရိကန်သမ္မတ)

☺

"ငွေရှိရင် ဘာမဆို လုပ်လို့ရတယ်လို့ ယူဆတဲ့လူဟာ ငွေ အတွက်ဆိုရင် ဘာမဆိုလုပ်ဖို့ ဝန်မလေးတဲ့သူ ဖြစ်နိုင်တယ်"

(ဘင်ဂျမင် ဖရန့်ကလင် + ၁၇၀၆ - ၁၇၉၀)





"လွယ်လွယ်နဲ့ ရောင်းလို့ရတဲ့ စာအုပ်ကို ရေးဖို့အတွက် ၁်လွယ်နဲ့ ရောင်းလို့ရမယ့် ဦးနှောက် ရှိဖို့လိုတယ်"

ာ်လ်ဒေါ့စ် ဟတ်စလေ+၁၈၉၄-၁၉၆၃+အင်္ဂလိပ်စာရေးဆရာ)

☺

"ကျွန်တော်တို့ရဲ့ကမ္ဘာကြီးဟာ တခြားကမ္ဘာတစ်ခုရဲ့ ငရဲ နေမလား မသိ"

(ဟတ်စလေ)

☺

"ဇရာပိုင်း ရောက်တဲ့အခါ လူဟာ ဉာဏ်ရည်တက်မလာ သတိပဲ ထားတတ်လာတယ်"

ခင်းဝေး + ၁၈၉၉ - ၁၉၆၁ + အမေရိကန်စာရေးဆရာ)

☺

"အကောင်းဆုံးကိုရရင် ကျွန်တော် လွယ်လွယ်နဲ့ ကျေနပ်

(ချာချီ + ၁၈၇၄ - ၁၉၆၅ + ဗြိတိန်ဝန်ကြီးချုပ်)

www.burmeseclassic.com



"ငယ်ငယ်တုန်းက နေ့လယ်စာ မစားခင်အထိ အရေ[illegible] တစ်စက်မှ မသောက်မိအောင် ရှောင်တယ်။ အခု ကျွန်တော် မ[illegible] တော့ဘူး။ မနက်စာ မစားခင်အထိ အရက်တစ်စက်မှ မသော[illegible] တော့ဘူး"

(ချာ[illegible]

☺

"ကျွန်တော် ရိုက်တဲ့ကား ဘာအကြောင်းလဲလို့ ကျွန်တေ[illegible] ကို မမေးနဲ့။ ပန်းချီဆရာကို သူ ဆွဲနေတဲ့ ပန်းသီးရဲ့အရ[illegible] ဘယ်လိုရှိသလဲလို့ မေးတာနဲ့ အတူတူပဲ"

(အဲဖရက် ဟစ်ချ်ကော့+၁၈၉၉-၁၉၈၀+အင်္ဂလိပ်ရုပ်ရှင်ဒါရိုက်[illegible]

☺

"နိုင်ငံရေးသမားတွေဆိုတာ ဘယ်နေရာမှာမဆို အ[illegible] ပဲ။ မြစ်မရှိတဲ့နေရာမှာ တံတားဆောက်ဖို့ ကတိပေးကြတာချ[illegible]

(ကရူးရှက် + ၁၈၉၄ - ၁၉၇၁ + ဆိုဗီယက်ကွန်မြူနစ်[illegible] ခေါင်းဆောင်)

☺





"ကျွန်တော်တို့ရတဲ့သတင်းဟာ တူနေရုံတင်မကဘူး။ [illegible]သတင်းပေးတဲ့လူလည်း အတူတူပဲထင်တယ်"

([illegible]ရူးရှက် + စီအိုင်အေအကြီးအကဲ ဒါးလက်စ်ကို ၁၉၅၉ခုနှစ် [illegible]တွင် ပြောသောစကား)

☺

"ခင်ဗျား ကြောက်တဲ့သူကိုသော်လည်းကောင်း၊ ခင်ဗျားကို [illegible]ကြောက်တဲ့သူကိုသော်လည်းကောင်း ချစ်လို့မရပါ"

(စီစယ်ရွန် + ၁၀၆ - ၄၃ဘီစီ + ရောမတရားဟောဆရာ)

☺ ☺ ☺

၂၆။ "တခြားလူရဲ့ဒုက္ခကို ကြည့်ပြီး ကျတဲ့မျက်ရည် ခြောက် သွေ့တာ သိပ်မြန်တယ်"

(စီစယ်ရွန်)

☺

"ကျွန်ဖြစ်ရတာ အောက်ကျတယ်လို့ မခံစားရတဲ့လူမျိုး

www.burmeseclassic.com



ဟာ ကျွန်ပဲ ဖြစ်ထိုက်တယ်"
(ချာရိုဒေးယက် + ၁၇၉၄ - ၁၈၅၆ + တွေးခေါ်ရှ

☺

"ပြည်သူ့ဆန္ဒအကြောင်းကို ပုံမှန်အားဖြင့် သူ့ကို အမိ
တဲ့သူတွေ ပြောကြတယ်"
(ချားပက်+၁၈၉၀-၁၉၃၈+ချက် စာရေးဆ

☺

"အသံတိတ်ရုပ်ရှင်ခေတ်ကုန်သွားတာ ဝမ်းနည်း
ကောင်းတယ်။ စဉ်းစားကြည့်၊ မိန်းမတစ်ယောက် ပါးစပ်ဟ
တယ်။ ဒါပေမဲ့ ဘာကိုမှ မကြားရဘူး။ ဘယ်လောက် ကျေနပ်
ကောင်းလဲ"
(ချာလီချာပလင်+၁၈၈၉-၁၉၇၇+ရုပ်ရှင်မင်းသား၊ ဒါရိုက်

☺

"ကျွန်တော်တို့မှာ လမ်းစဉ်တစ်ခုပဲရှိတယ်။ မှန်တဲ့လမ်
(ချယ်နိုမီဒင် + ၁၉၃၈ --- ရုရှားဝန်ကြီးချုပ်ဟော





"လုပ်အားရဲ့ရလဒ်ကို ချက်ချင်းသိချင်ရင် ဖိနပ်ပြင်သမား
လုပ်"
(အိုင်စတိုင်း)

☺

"သေခြင်းတရားကို အနေးနဲ့အမြန် ပေးဆပ်ရမယ့် အကြွေး
ဟောင်းလို မြင်တတ်လာပြီ"
(အိုင်စတိုင်း)

☺

"ဘာသာရေးကိစ္စနဲ့ အိမ်ထောင်ရေးကိစ္စမှာ ကျွန်တော်
ဘယ်တော့မှ အကြံမပေးဘူး။ ကျွန်တော့်ကြောင့် ဒီဘဝမှာဖြစ်ဖြစ်၊
နောက်ဘဝမှာဖြစ်ဖြစ် တစ်စုံတစ်ဦး ဒုက္ခရောက်မှာကို ကျွန်တော်
မလိုလားဘူး"
(ဖီးလစ် ချက်စတာဖီးလ်+၁၆၉၄-၁၇၇၃+အင်္ဂလိပ်သံတမန်၊
စာရေးဆရာ)

☺

www.burmeseclassic.com



"ကျွန်တော့်ဂီတဟာ မော်ဒန်မဟုတ်ဘူး။ တီးတဲ့လူတွေ ညံ့လို့ပါ"
(အာနိုး ရှွန်းဘတ် + ၁၈၇၄ - ၁၉၅၁+ဩစထရီးယားဂီတစာဆို)

☺

"ဝါဒဖြန့်တယ်ဆိုတာ ခင်ဗျားကိုယ်တိုင် မယုံတာကို တခြားလူတွေ ယုံလာအောင်လုပ်ခြင်းပဲ"
(အာဘာ အီဗန် + ၁၉၁၅ - ၂၀၀၂ + အစ္စရေးနိုင်ငံရေးသမား)

☺

"မြစ်တွေနဲ့ ညံ့တဲ့အစိုးရတွေမှာ အပေါ့ဆုံးတွေ အပေါ်ကို တတ်လာကြတယ်"
(ဘင်ဂျမင်ဖရန့်ကလင်)

☺

"မုသားကို ယောက်ျားတွေ ဘယ်လောက်လိုအပ်သလဲ ဆိုတာ မိန်းမတွေနဲ့ ဆရာဝန်တွေပဲသိတယ်"
(အနာတိုလ် ဖရန့် + ၁၈၄၄ - ၁၉၂၄ + ပြင်သစ်စာရေးဆရာ)





"ကျွန်တော် စကားမပြောတဲ့အခါ စဉ်းလည်း မစဉ်းစားဘူး"
(ဒြိုဒဲ + ၁၈၄၀ - ၁၈၉၇ + ပြင်သစ်စာရေးဆရာ)

☺

"အသက် ၅၅-နှစ်အရွယ်ယောက်ျားနဲ့ တစ်သက်လုံးအတူနေဖို့ သဘောတူလိုက်သလားလို့ သူမကို မေးတော့ 'ဟင့်အင်း၊ သူ့ရဲ့တစ်သက်ပဲ အတူနေဖို့ သဘောတူတာပါ' တဲ့ဗျာ"
(ဒူးမား - ဂျူနီယာ + ၁၈၂၄ - ၁၈၉၅ + ပြင်သစ်စာရေးဆရာ)

☺

"ဘုရားကို သူတို့ယုံနေကြပုံကို ကြည့်ပြီး မာရ်နတ်ဆိုးကို ကိုးကွယ်ချင်စိတ် ပေါ်လာတယ်"
(ကလူချက်စကီး + ၁၈၄၁ - ၁၉၁၁ + သမိုင်းပညာရှင်)

☺

"ကြောင်ဟာ ကြွက်ကို ဖမ်းချင်တဲ့အခါ ကြွက်ဟန်

www.burmeseclassic.com



ဆောင်တယ်"

(ကလူချက်

☺

"မစဉ်းစားဘဲ ပြောတာဟာ မချိန်ဘဲ ပစ်တာနဲ့ အတူ
(မီဂဲ ဆယ်ဗန်းတတ် + ၁၅၄၇ - ၁၆၁၆ + စပိန်စာရေး

☺

"သူမဟာ ဘယ်လိုမှ သည်းခံလို့ မရတဲ့မိန်းမ။ အဲဒါ
တစ်ခုတည်းသော ချို့ယွင်းချက်"
(တာလေးရန် + ၁၇၅၄ - ၁၈၃၈ + ပြင်သစ်သံ

☺

"ကျွန်တော့်အမြင်ကို လက်မခံတဲ့လူတွေကို ကျွန်
ခွင့်လွှတ်တယ်။ ဒါပေမဲ့ ကိုယ်ပိုင်အမြင်ကို လက်မခံတဲ့လူ
ကိုတော့ ခွင့်မလွှတ်ဘူး"

(တာလေး

☺





"ရန်သူ မရှိတဲ့လူကို သူငယ်ချင်းတွေ ဖျက်ဆီးတယ်"
(တားစစ် + ၅၅ - ၁၁၇အေဒီ + ရောမသမိုင်းပညာရှင်)

☺

"မင်းဆိုးမင်းညစ် သေပြီးတဲ့နောက် အပျော်ရဆုံးနေ့ဟာ ပထမနေ့ပဲ"

(တားစစ်)

☺

"ဇီဇာမကြောင်စမ်းပါနဲ့။ တပတ်ရစ် စိန်အဟောင်းကို ပိုင်ထားတာဟာ ဘာမှ မရှိတာနဲ့စာရင် အများကြီး တော်ပါသေးတယ်"

(မာခ်တွိမ်း)

☺

"တစ်ရက်တည်းမှာ ပထမဦးဆုံး အမျိုးသမီးကို ကျွန်တော်နမ်းတယ်။ ပထမဆုံး စီးကရက်ကို သောက်တယ်။ အဲဒီနောက်မှာ စီးကရက်သောက်ဖို့ ကျွန်တော် အချိန်မရတော့ဘူး"
(အာတူရို တိုစကာနီနီ+၁၈၆၇-၁၉၅၇+အီတလီဂီတပညာရှင်)

www.burmeseclassic.com



"ကံကောင်းတဲ့လူကို ရေထဲ ပစ်ချကြည့်။ ငါးကို သွားနဲ့ ကိုက်ပြီး ပြန်တတ်လာလိမ့်မယ်"

(ယူနီယန် တူဝင် + ၁၈၉၄ - ၁၉၅၃ + ပိုလန်ကဗျာဆရာ)

☺

"ဝေဖန်ရေးသမားဟာ မော်တော်ကားနဲ့တူတယ်။ ညှဲ့လေလေ၊ အသံထွက်လေလေ"

(တူဝင်)

☺

"ကျွန်တော့်ကို အမှန်အတိုင်း နားလည်မှာ အမြဲတမ်း ကြောက်နေရတယ်"

(ဗော်လ်တိုင်းယား)

☺

"ဘယ်သူ့လက်ထဲ ရောက်နေတယ်ဆိုတာ မသိရင် အဝ တော်ကို သစ္စာစောင့်ရတာ ခက်တယ်"

(ပီတာ အူစတင်းနော့ + ၁၉၂၁ +-- အင်္ဂလိပ်ရုပ်ရှင်မင်းသား





ဒါရိုက်တာနှင့် စာရေးဆရာ)

☺

"ကျွန်တော် အသက်ကြီးလာလေလေ၊ ကျွန်တော့်ကို ဂရုတစိုက် နားထောင်လေလေဆိုတာကို ကျွန်တော် သတိထားမိလာတယ်။ အံ့ဩစရာတော့ ကောင်းသား။ အရင်တုန်းက ကျွန်တော် ပြောတာတွေကိုပဲ ကျွန်တော် ဆက်ပြောနေတာဗျ"

(ပီတာအူစတင်းနော့)

☺

"ကျွန်တော် ရှုံးတဲ့အခါ ဆင်းရဲသားကို သနားလို့ ပေးကမ်း စွန့်ကြဲတဲ့ ဘုရင်တစ်ယောက်လို ကျွန်တော့်ကိုယ် ကျွန်တော် ခံစားရတယ်"

(ရောဘတ်ဖစ်ရှာ + ၁၉၄၃ - ကမ္ဘာ့စစ်တုရင်ချန်ပီယံ)

☺

"ကမ္ဘာမှာ ဘယ်တော့မှမသေတဲ့ စစ်တုရင်သမား တစ်ယောက် ရှိတယ်။ သူ့နာမည်က ဖစ်ရှာ။ ကိုယ့်ကိုယ်ကို နှိမ့်ချတယ်

www.burmeseclassic.com



ဆိုတာ ကောင်းပါတယ်။ ဒါပေမဲ့ အမှန်ကို မပြောပြန်ရင်လည်း မိုက်မဲရာကျမယ်လေ"

(ဖစ်ရှာ)

"လူဟာ သူ စောင့်နေတဲ့ပိုက်ဆံနဲ့ အကြာကြီး နေလို့ရ တယ်"

(ဝီလျံဖော်လ်ကနာ+၁၈၉၇-၁၉၆၂+အမေရိကန်စာရေးဆရာ)





( မိန်းမတွေ စဉ်းစားဆင်ခြင်ဉာဏ်မရှိ၊ စဉ်းစားခွင့်လည်း ဟု ကျွန်တော်တို့ ယောကျ်ားတွေ အချိန်အတော်ကြာအထိ ယူဆ ကြပါသည်။ နောက်ဆုံး မတတ်သာ၍ လက်ခံလာကြသည့်တိုင် အင် ဟာသဉာဏ်တော့ မရှိပါဟု ဆိုချင်ကြပါသေးသည်။ ချက် ရေးဆရာကြီး 'ကာရဲချားပက်' က 'ဟာသသည် ယောကျ်ားတွေ သက်ဆိုင်သည်' ဟုပင်ပြောခဲ့ဖူးပါသည်။ ယခုအခါတွင် ကားမျိုးကို ၎င်း ပြောတော့မည် မထင်ပါ။ မည်သို့ပင်ဖြစ်စေ၊ သွင်းသော ဤအမြင်မျိုးကို မည်သူတစ်ဦးတစ်ယောက်မှ ဆက် က်ဆွဲကိုင် မထားစေချင်ပါ။ ထို့ကြောင့် မိန်းမသားနှင့်ဟာသ မိန်းတွေ မဟုတ်ကြ ဆိုသည်ကို ပေါ်လွင်သည်ထက်ပေါ်လွင် လိုသော ရည်ရွယ်ချက်ဖြင့် အမျိုးသမီးထု၏ ကိုယ်စားလှယ်တွေ သည့် စာရေးဆရာမ၊ ရုပ်ရှင်မင်းသမီး၊ နိုင်ငံရေးသမား၊ သိပ္ပံ ာရှင်စသည်တို့၏ အတွေး၊ အရေးနှင့် ဟာသမြောက်သော ဆိုချက်များကို စုစည်းပြီး တင်ဆက်လိုက်ပါသည်။ ဘဝ ကြောင်း၊ ယောကျ်ားတွေအကြောင်း၊ မိမိအကြောင်း၊ ကမ္ဘာကြီး ကြောင်း စသဖြင့် အကြောင်းအရာမျိုးစုံ ပါရှိပါသည်။ မိန်းမသား ၏ စဉ်းစားဆင်ခြင်ဉာဏ်၊ ဇဝနဉာဏ် မည်သို့ရှိသည်ကို ထိုက် တ်တန်တန် အကဲဖြတ်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

www.burmeseclassic.com





၅၇။ "သူ့ထက် ဖြတ်ထိုးဉာဏ် ပိုကောင်းတာ တစ်ခုတလွဲမှ ယောကျာ်းဟာ မိန်းမကို အားလုံးခွင့်လွှတ်တယ်"

(မင်းနာ အန်ထရင်း + ၁၈၆၁ ---အမေရိကန်စာရေးဆရာ

☺

"ဆွဲဆောင်မှုမရှိတဲ့မျက်နှာနဲ့ ဆိုးရွားတဲ့ကိုယ်လုံး တို့ ပေါ်က အမျိုးသမီးအတော်များများကို နိဗ္ဗာန်ရောက်အော အထောက်အကူပေးတယ်"

(အန်ထရင်း

☺

"ပျော်ရွှင်တဲ့အိမ်ထောင်ကို ဘယ်လို နားလည်ပါသ

"နောက်နှစ်အစိတ်ကြာရင် ပြန်လာခဲ့။ အဲဒီအခါကျ ကျွန်မ သိနေလိမ့်မယ်"

(အဲလီဇဘက်ဘုရင်မ၏ သမီး 'အင်' + ၁၉၅၀ - အိမ်ထောင်မ ခင် ပြောသောစကား)

☺



" Feminism ( မိန်းမတွေ တန်းတူ အခွင့်အရေးရရေး လှုပ်ရှားမှု ) ဆိုတာ ကျွန်မတို့မိန်းမသားတွေဟာ ရှင်တို့လိုပဲ လူတွေ ဖြစ်တယ်ဆိုတာ ယောကျာ်းတွေကို ပြောနေဖို့ မဟုတ်ဘူး။ ကျွန်မတို့ ဟာ ယောကျာ်းတွေလိုပဲ လူဖြစ်တယ်ဆိုတာ ဘဝတူမိန်းမသားတွေ ကို နှိုးဆော်ပေးခြင်းပါပဲ"

(မာရီယာအာဘတ်တောဗာ + ၁၉၅၇ + ရုရှားစာရေးဆရာမ)

☺

"မိန်းမတစ်ယောက်ရဲ့ဘဝဟာ ခင်ပွန်းသည်ရဲ့ဘဝအ ပေါ် မှီတည်နေရတယ်ဆိုတဲ့စကားကို ကြားရတိုင်း ဟာသတစ်ခုကို သတိရတယ်။ ဟာသက ဒီလို. . .

ယောကျာ်းက ပြောတယ်။

'မင်းကို တေးအလို့ အိမ်နီးချင်းတွေ ဘာကြောင့် ပြော သလဲကွ ဟေ'

မိန်းမက ပြန်ပြောတယ်။

'ရှင်သာ ဗိုလ်ချုပ် ဖြစ်ကြည့်ပါလား။ ကျွန်မကို ဗိုလ်ချုပ် ကတော်လို့ ခေါ်မှာပေါ့ရှင်' တဲ့"

(အာဘတ်တောဗာ)

☺

www.burmeseclassic.com



"ရှက်စိတ်ကြောင့် သေရတာထက် ဝေါ်ပြီး သေရတာ ပိုကောင်းပါတယ်"
(ဆိုဖီအာနွေး + ၁၇၄၀ - ၁၈၀၂ + ပြင်သစ်အော်ပရာအဆိုတော် ဇရာအရွယ်တွင် ဆင်းဆင်းရဲရဲ နေရသည့်အာနွေးကို ဇာတ်ခုံပေါ် ပြန်တက်ရန် လာပြောသည့်အခါတိုင်း ပြန်ပြောသည့်စကား)

☺

မိခင်ဖြစ်သူ ဆိုဖီအာနွေး အသက် မည်မျှရှိပြီနည်းဆိုသည်ကို သမီးအား မေးရာ ၎င်းက ဤသို့ပြန်ဖြေသည်။

"မသိဘူး။ မေမေက နှစ်တိုင်းနှစ်တိုင်း သူ့အသက်ကို တစ်နှစ် လျှော့ပစ်တာကလား။ မကြာခင် မေမေ့ထက် ကျွန်မ အသက်ကြီးလာတော့မယ်ရှင့်"

☺

"တိုရီ (ကွန်ဆာဗေးတစ်ပါတီ)တွေ အမြဲတမ်း မှားဘူး။ ဒါပေမဲ့ အရေးကြီးဆုံး အချိန်ရောက်ရင် မှားပြီ"
(မာဂိုအက်စကွစ် + ၁၈၆၅ - ၁၉၄၅ + ဗြိတိသျှဝန်ကြီးချုပ်ဇနီး)

☺





"ချမ်းသာတဲ့လူတွေဆီမှာ ကျွန်မ ကြိုက်တာ တစ်ခုပဲ ရှိတယ်။ သူတို့ရဲ့ ပိုက်ဆံ"
(နန်စီအက်စတာ + ၁၈၇၉ - ၁၉၆၄ + ဗြိတိသျှပါလီမန်၏ ပထမဆုံး အမျိုးသမီး ပါလီမန်အမတ်)

☺

"ကျွန်မရဲ့သားဟာ အဖေမပေါ်ဘဲ မွေးတဲ့ကလေးလို့ ဝန်ခံချင်ဝန်ခံမယ်၊ ကျွန်မ အသက် ၅၂ နှစ်ရှိပြီလို့ ဘယ်တော့မှ ဝန်မခံဘူး"

(နန်စီအက်စတာ)

☺

"ကျွန်တော့်မိန်းမတွေ အားလုံးလိုပဲ ကိုယ့်ထက် အဆင့်နိမ့်တဲ့ ယောကျ်ားကို ကျွန်မ လက်ထပ်လိုက်တယ်"

(နန်စီအက်စတာ)

☺

"အက်စတာက 'ချာချီ' (ဗြိတိသျှဝန်ကြီးချုပ်) ကိုပြော

www.burmeseclassic.com



သည်။ 'ကျွန်မသာ ရှင့်ဇနီးဖြစ်ရင် ရှင်သောက်မယ့် ကော်ဖီခွက်ထဲမှာ အဆိပ်ခပ်လိုက်မယ်'

ချာချီ ပြန်ပြောသည်။

'ခင်ဗျားသာ ကျွန်တော်မိန်းမဖြစ်ရင် အဲဒီကော်ဖီခွက်ကို ကျွန်တော် သောက်ပစ်လိုက်မယ်' "

☺

"ကွာရှင်းပြတ်စဲတယ်ဆိုတာ ခန္ဓာကိုယ် အစိတ်အပိုင်း တစ်ခုခုကို ဖြတ်တောက် ကုသလိုက်သလိုပဲ။ အသက်တော့ ဆက်ရှင်ပါရဲ့။ ဒါပေမဲ့ တစ်ခုခုလိုနေပြီ"

(မာဂရက် အက်ဝုဒ် + ၁၉၃၉ ကနေဒါစာရေးဆရာမ)

☺

"ကျွန်မ လက်နှိပ်စက် ကောင်းကောင်း ရိုက်တတ်ခဲ့တယ်။ ကျွန်မ တတ်ခဲ့တဲ့ကောလိပ်မှာ လက်နှိပ်စက် ရိုက်တတ်ခြင်းဟာ ရင်သားပြီးရင် မိန်းမတစ်ယောက်ရဲ့ ဒုတိယ ရှိအပ်တဲ့ အရည်အချင်းဖြစ်မယ် လို့ သတ်မှတ်ခဲ့တာကလား"

(အက်ဝုဒ်)

☺





"ထားလိုက်စမ်းပါ။ သူတို့ ပေးတဲ့ဆုပဲ။ သူတို့ ပေးချင်တဲ့လူကို ပေးမှာပေါ့"

(အန်နာ အာခ်မားတော့ဗာ+၁၈၈၉-၁၉၆၆+ရုရှားကဗျာဆရာမ။ ဘာလင်၏စာပေဆု ရွေးချယ်ချီးမြှင့်ခြင်းနှင့် ပက်သက်၍ သူမရှေ့၌ ဆွေးနွေးဝေဖန်နေကြသည်တွင် ပြောလိုက်သောစကား)

☺

"မိန်းမကောင်းတွေ ဒိုင်ယာရီ ထားတယ်။ မကောင်းတဲ့မိန်းမတွေကျတော့ အဲဒီအတွက် အချိန်မရှိဘူး"

(တာလူလာဘန်းခက် + ၁၉၀၃ - ၁၉၆၈ + အမေရိကန်ရုပ်ရှင်မင်းသမီး)

☺

"ဘဝကို အစက ပြန်စခွင့်ရမယ်ဆိုရင် အရင်အမှားတွေ ကျွန်မ ပြန်လုပ်ဖြစ်မှာပဲ။ တစ်ခုပဲရှိတယ်။ ပိုပြီး မြန်မြန်လုပ်"

(ဘန်းခက်)

☺

www.burmeseclassic.com



"ကျွန်မ ပြောခဲ့တယ်ဆိုတဲ့ စကားတွေ အားလုံးနီးပါးကို ကျွန်မ မပြောခဲ့ရပါဘူး။ တစ်ခုပဲရှိတယ်။ ကောင်းတဲ့စကားဆိုရင် တော့ ကျွန်မ ပြောခဲ့တာ အမှန်ပဲ"

(ဘန်းခက်)

☺

"ကျွန်မအတွက် ထင်ရှားကျော်ကြားခြင်းဆိုတာ နေရာ တကာမှာ ကိုယ့်ရဲ့နာမည်ကို တွေ့မြင်ရခြင်းပဲ။ တယ်လီဖုန်းစာအုပ် ထဲမှာ တွေ့တာကို ပြောတာမဟုတ်ဘူး"

(ဘရစ်ဂျစ်ဘားဒိုး + ၁၉၃၃ --- ပြင်သစ်ရုပ်ရှင်မင်းသမီး)

☺

"ဆရာဝန်ရှေ့မှာ အဝတ်အစားချွတ်ရမှာ ကျွန်မ ဘာလို့ ရှက်ရမှာလဲ။ သူလည်း ယောကျ်ားတွေအထဲက ယောကျ်ားတစ် ယောက်ပဲ မဟုတ်လား"

(ဘားဒိုး)

☺





"အိုတာက သေရတာထက် ပိုကောင်းပါတယ်"

(ဘားဒိုး)

☺

"သူမကို တခြားမိန်းမတွေထက် သူ ပိုချစ်တယ်။ ဒါပေမဲ့ တခြားမိန်းမတွေနဲ့ ဒါကို သေချာအောင် စစ်ဆေးတယ်"

(နာတာလီ ကလစ်ဖို့ ဘာနီ + ၁၈၇၆ - ၁၉၇၂ + အမေရိကန် စာရေးဆရာမ)

☺

"တစ်ခါတလေ ကျွန်မမျက်နှာ နီလာတယ်ဆိုရင် တော့နပ် ကြောင့်လို့ မှတ်ပါ"

(ဘာနီ)

☺

"ပိုက်ဆံစကား ပြောတဲ့လူကို နိုင်ငံတိုင်းမှာ နားလည် တယ်"

(အာဖရာဘင်း + ၁၆၄၀ - ၁၆၈၉ + အင်္ဂလိပ်စာရေးဆရာမ)

www.burmeseclassic.com



"လူပျိုကြီးရဲ့ဆုတောင်း ။   ။ အရှင်ဘုရား၊ မိန်းမ မယူဖြစ်အောင် တပည့်တော်ကို ကူညီစောက်ရှောက်တော်မူပါ။ ချို မပေါက်ဘဲ နေလို့ မရဘူးဆိုပါက အဲဒီအကြောင်းကို မသိသောသူ ဖြစ်ရပ် လို၏။ အဲဒီအကြောင်းကို သိလိုက်ရရင်လည်း ဘယ်လိုမှ မခံစားရ သူ ဖြစ်ရပါလို၏ဘုရား"
(ကာရင် ဘလစ်စင် + ၁၈၈၅ - ၁၉၆၂ + ဒတ်ချ်စာရေးဆရာမ)

☺

"စံယူစရာကောင်းတဲ့ မိန်းမတစ်ယောက်ကိုပဲ ကျွန်မ သိခဲ့ တယ်။ အဲဒါက အခု ကျွန်မအရွယ်မှာ ရှိခဲ့တဲ့ ကျွန်မရဲ့အမေပဲ"
(ဗန်ဒါဘလွန်းစကားယား + ပိုလန်စာရေးဆရာမ)

☺

"မိန်းမတွေကို ယောကျ်ားတွေ ဘယ်တော့မှ နားမလည် နိုင်ဘူး။ ဒါပေမဲ့ သူတို့တွေ စိတ်ဝင်တစား လေ့လာကြတာ ကလား"
(ဘလွန်းစကားယား)

☺





"ကျွန်မရဲ့မူသားကို မူသားနဲ့ ပြန်တုံ့ပြန်တာ ကျွန်မ သိပ် မုန်းတယ်။ ဒါ မရိုးသားတဲ့ ပြိုင်ဆိုင်မှုပဲ"
(ဘလွန်းစကားယား)

☺

"သူမအကြောင်း ပြောကြတာတွေဟာ အတင်းအဖျင်းဖြစ် ကောင်းဖြစ်နိုင်တယ်။ ဒါပေမဲ့ အမှန်တွေတော့"
(ဘလွန်းစကားယား)

☺

"လိမ်ရတာ လွယ်တယ်။ ဒါပေမဲ့ တစ်ကြိမ်ပဲ လိမ်ဖို့တော့ ခက်တယ်"
(ဘလွန်းစကားယား)

☺

"တချို့ယောကျ်ားတွေဟာ မိန်းမလိုပဲ ခဏခဏလိမ်ကြ တယ်။ ဒါပေမဲ့ ဘယ်သူမှ မိန်းမတွေလောက် မြန်မြန် မလိမ်တတ်

www.burmeseclassic.com



ကြဘူး"

(ဘာလွန်းစကားယား)

☺ ☺ ☺

၅၈။ "မိန်းမဟာ မှန်ကိုပဲ အကောင်းဆုံးပြုံးတယ်"

(ဘာလွန်းစကားယား)

☺

"လျှို့ဝှက်ချက်- တစ်ဦးချင်းကို သီးခြားပြောပြတဲ့ကိစ္စ"

(ဘာလွန်းစကားယား)

☺

"တစ်ယောက်ယောက် သူ့အကြောင်းသူ မကောင်းပြောနေရင် မယုံနဲ့။ သူ ကြွားနေတာ"

(ဘာလွန်းစကားယား)

☺





"မိတ်ဆွေသူငယ်ချင်းတွေ မရှိတော့ဘူးဆိုမှ ယောကျ်ားတစ်ယောက်ဟာ မိန်းမ တကယ်ရှိတယ် မည်တယ်"

(ဘာလွန်းစကားယား)

☺

"အကျင့်စာရိတ္တကောင်းတဲ့ မိန်းကလေး ဖြစ်သင့်တယ်။ အနည်းဆုံး ရှင့်ကို ဘယ်သူမှ မနာလိုဖြစ်မှာ မဟုတ်ဘူး"

(ဘာလွန်းစကားယား)

☺

"များများ နမ်းလေလေ၊ မိုက်မဲတဲ့စကား ပြောမိတာ နည်းလေလေ"

(ဘာလွန်းစကားယား)

☺

"တစ်နေ့နဲ့ တစ်နေ့ မတူဘူး။ ဆိုးတဲ့နေ့ပြီးရင် ပိုဆိုးတဲ့နေ့ လိုက်ဖြစ်လာတယ်"

(အဲရ်မာ ဘွန်းဘက်+၁၉၂၇-၁၉၉၆+အမေရိကန်စာရေးဆရာမ)

www.burmeseclassic.com



၅၉။ "မိန်းမတစ်ယောက်ဟာ အရွယ်တူယောကျ်ားထက် အဖြေ တမ်း ပိုငယ်တယ်"
(အဲလီလဇဘက်ဘရောင်းနင်း+၁၈၀၆-၁၈၆၁+အင်္ဂလိပ်ကဗျာဆရာမ)

☺

"အိပ်ရာထဲမှာ အသိအကျွမ်း ဖြစ်ရတာ အကောင်းဆုံးပဲ"
(လီလျာဘရစ် + ၁၈၉၁ - ၁၉၇၈ + စာရေးဆရာ)

☺

"အတွေ့အကြုံကိုသာ ဈေးရင်းအတိုင်း ရောင်းလို့ရမယ်ဆိုရင် ကျွန်မတို့အားလုံး သန်းကြွယ်သူဌေးတွေ ဖြစ်ကုန်လိမ့်မယ်"
(ဗန်ဘာယ်ရင် + ၁၉၁၈ အမေရိကန်သတင်းထောက်)

☺

"အတိတ်ကို ဖျက်ဆီးခြင်းဟာ ပြစ်မှုတွေထဲမှာ အဆိုးဆုံးပဲ"
(ဆိမ္မွန်နာဘေးလ် + ၁၉၀၉ - ၁၉၄၃ + ပြင်သစ်စာရေးဆရာမ





တွေးခေါ်ရှင်)

☺

"ကျွန်မအကြောင်း လူတွေ ဘာတွေးနေသလဲဆိုတာ အရေးမကြီးဘူး။ သူတို့အကြောင်း ကျွန်မ ဘာတွေးနေသလဲဆိုတာပဲ အရေးကြီးတယ်"
(ဗစ်တိုးရီးယားဘုရင်မ + ၁၈၁၉ - ၁၉၀၁)

☺

"သူ လိမ်ညာနေတယ်လို့ သွားမပြောနဲ့။ အမှန်ကို ပြောလိုက်မှဖြင့် ဒုက္ခ"
(ဗီလင်းစကားယား + ပိုလန်ဟာသစာရေးဆရာ)

☺

"သူ စကားသိပ်နည်းတယ်။ အမှန်ကိုတောင် တစ်ဝက်ပဲ ပြောတယ်"
(ဗီလင်းစကားယား)

www.burmeseclassic.com



"အချစ်ကိစ္စနဲ့ မိုးလေဝသ ခန့်မှန်းတဲ့ကိစ္စမှာ လိမ်ညာတာ မရှိဘူး။ မှားတာပဲရှိတယ်"

(ဗီလင်းစကားယား)

☺

"အမျိုးသမီးထုကို နှိုးဆော်ပါရစေ၊ ကြွက်တွေကို မကြောက်ပါနဲ့၊ ကြောင်တွေကိုပဲ ကြောက်ကြပါ"

(ဗီလင်းစကားယား)

☺

"မိန်းမတစ်ယောက်ရဲ့ ဆင်ခြင်ဉာဏ်ထက် သူမရဲ့အလှကို ယောကျ်ားတွေ ပိုပြီးတန်ဖိုးထားတယ်ဆိုရင် ကမ္ဘာပေါ်မှာ မျက်စိကန်းနေတဲ့လူထက် ထုံအတဲ့ယောကျ်ား ပိုများလို့ပဲ ဖြစ်မယ်"

(လူဝီစာ ဒီဗီမိုရင် + ၁၉၀၂ - ၁၉၆၉ + ပြင်သစ်စာရေး ဆရာ)

☺

"ကိုယ့်အကြောင်းကိုယ် အမှန်မပြောတဲ့လူ အခြားလူ အကြောင်း အမှန်ပြောနိုင်မည် မဟုတ်"

(ဗာဂျီးနီးယားဝုလ်ဖ် + ၁၈၈၂-၁၉၄၁ + အင်္ဂလိပ်စာရေးဆရာမ)

☺





"မိန်းမတစ်ယောက်ဟာ မိုက်မဲတဲ့ယောကျ်ား ကြိုက်လောက်အောင် ဉာဏ်ကောင်းသူ ဖြစ်ရမယ်။ တစ်ချိန်တည်းမှာ ဉာဏ်ကောင်းတဲ့ယောကျ်ား ကြိုက်လောက်အောင် မိုက်မဲသူဖြစ်ရမယ်"

(ဇာဇာ ဂါဘိုး + ၁၉၁၉ -- အမေရိကန်ရုပ်ရှင်မင်းသမီး)

☺

"Sex အကြောင်း ကျွန်မ ဘာမှမသိဘူး။ ကျွန်မ အမြဲတမ်း အိမ်ထောင်ရှင်ဖြစ်နေတာကိုး ရှင်"

(ဇာဇာဂါဘိုး)

☺

"ယောကျ်ားတစ်ယောက်ကို မုန်းချင်မုန်းပါ။ ဒါပေမဲ့ သူပေးထားတဲ့ စိန်လက်စွပ်ကို ပြန်ပေးချင်လောက်အောင် မမုန်း

www.burmeseclassic.com



ပါနဲ့" (ဇာဇာဂါဘိုး)

☺

"ယောကျ်ားတွေနဲ့ ငြင်းတာ လုံးဝအဓိပ္ပာယ် မရှိဘူး။ ထုံး
အတိုင်း သူတို့ ဘယ်တော့မှ မမှန်ဘူး"

(ဇာဇာဂါဘိုး)

☺

"ကိုယ့်ယောကျ်ားနဲ့ ကွာရှင်းပြတ်စဲတယ်ဆိုတာ ကျွန်မတို့
မိသားစုမှာ အစဉ်အလာ မရှိဘူး။ သူတို့ကို ကျွန်မတို့ မြေပဲ မြှုပ်
တယ်"

(ရှယ်ဂေါ်ဒွန် + ၁၈၉၆ - ၁၉၈၅ + အမေရိကန်စာရေးဆရာမ)

☺

"ချစ်မိတဲ့အကြောင်း သူ ရဲရဲရင့်ရင့် ဖွင့်ပြောပုံထောက်
တော့ အတွေ့အကြုံရှိတယ်ဆိုတာ သေချာတယ်"

(အင်နာဂေါ့ဖ် + ၁၉၂၈ - ၁၉၉၁ + ရုရှားစာရေးဆရာမ)

☺





"ကျွန်မနဲ့ အရွယ်တူမိန်းမတွေ အိုစာတာ သိပ်မြန်တော့
သူတို့ကို ကြည့်လိုက်တိုင်း စိတ်ချမ်းသာလိုက်တာရှင်"

(ဘက်တီဒေးဗစ် + ၁၉၀၈ - ၁၉၈၉ +အမေရိကန်စာရေးဆရာမ)

☺

"ဒေါ်လာသန်း ၅၀ ချမ်းသာပြီး တစ်ဝက်ကို လက်မထပ်
ခင် ကျွန်မကို ပေးမယ်။ နောက်တစ်နှစ်ကြာရင်လည်း သေမှာပဲ
ဆိုတဲ့ ယောကျ်ားကိုတွေ့ရင် ကျွန်မ နောက်အိမ်ထောင်ပြုဖို့
ဝန်မလေးဘူး"

(ဘက်တီဒေးဗစ်)

☺

"ကိုယ်ချစ်နိုင်မယ့် လူတစ်ယောက်ကို ရှာနေချိန်မှာ ကိုယ့်
ကိုချစ်တဲ့ လူတစ်ယောက်ရှိနေဖို့ လိုတယ်"

(ရှေလာ ဒီလေးနီး + ၁၉၃၀---အင်္ဂလိပ်စာရေးဆရာမ)

☺ ☺ ☺

www.burmeseclassic.com



၆၀။ "ဆွဲဆောင်မှုမရှိတဲ့အလှဟာ ငါးစာမပါတဲ့ ငါးများချိတ်နဲ့တူတယ်"

(နီနွန်ဒီနန်ကလို + ၁၆၂၀ - ၁၇၀၆ + ပြင်သစ်နန်းတွင်း

☺

"ချစ်မိပြီဆိုရင် ဘာကိုမှ မစဉ်းစားတော့ဘူး။ စဉ်းစား
ပြီဆိုရင် မချစ်တော့ဘူး"

(လန်ကယ်

☺

"ကိုယ့်ကလေးတွေနဲ့ နိုင်ငံရေးအကြောင်း မဆွေးနွေး
ခင်ဗျားတို့ထက် သူတို့ ပိုမသိဘူး"

(ဗရန် လီဘိုဝစ် + ၁၉၄၆ ---အမေရိကန်စာရေးဆရာမ။ သတ
ယောက်)

☺

"မိန်းမတစ်ယောက်ဟာ သူမရဲ့ သူငယ်ချင်းမတွေ
တာထက် ၇-နှစ် ပိုငယ်တယ်။ ဒါပေမဲ့ ယောက်ျားတွေ ထင်





သက် ငါးနှစ် ပိုကြီးတယ်"

(ဂျီနာလိုလိုဗရီဂျီဒါ + ၁၉၂၇ အီတလီရုပ်ရှင်မင်းသမီး)

☺

"မငိုဖူးတဲ့မျက်လုံး လှတဲ့မျက်လုံး မဖြစ်နိုင်ဘူး"

(ဆိုဖီယာလောရင်း+၁၉၃၄--အီတလီရုပ်ရှင်မင်းသမီး)

☺

"ယောက်ျားတစ်ယောက် ချမ်းသာတယ်ဆိုတာဟာ မိန်းမ
တစ်ယောက် လှတယ်ဆိုတာနဲ့ အတူတူပါပဲ"

(အနီတာ လုစ်+၁၈၉၃-၁၉၈၁+အမေရိကန်စာရေးဆရာမ)

☺

"စိန်တွေ ဘာကောင်းသလဲဆိုရင် အမြဲတမ်း သစ်တဲ့ပုံ
ပေါက်တယ်"

(လုစ်)

☺

www.burmeseclassic.com



"သူနဲ့ဆက်ဆံရတာ သိပ်ကောင်းတယ်။ ဘယ်အချိန်မှာ ရယ်ရမလဲဆိုတာ အမြဲတမ်းသိတယ်။ သူ အရင်ရယ်တာကိုးရှင့်"

(လုဝ်

☺

"ကိုယ်ချစ်တဲ့ယောကျ်ားကို မိန်းမတွေ လက်ထပ်ဖြစ်တာ ထက် ကိုယ်လက်ထပ်လိုက်တဲ့ ယောကျ်ားကို ချစ်ဖြစ်ကြတာ ပိုများ တယ်"

(လုဝ်

☺

"ကျွန်မရဲ့အမြင်ကို လူတိုင်း လက်ခံပိုင်ခွင့်ရှိတယ်"

(မက်ဒေါနား + ၁၉၅၈ - အမေရိကန်အဆိုတော်

☺

"လူနှစ်ယောက် ဘာကြောင့် လက်ထပ်လိုက်ကြသလဲ ဘာကြောင့် ကွာရှင်းလိုက်ကြသလဲဆိုတဲ့ အကြောင်းရင်းတွေ နှိုင်းယှဉ်ကြည့်လိုက်တဲ့အခါ အံ့သြစရာကောင်းလောက်အောင်





ညီနေတာကို တွေ့ကြရတယ်"

(မာကလိုဖလင်း + ၁၉၁၈ --အမေရိကန်စာရေးဆရာမ)

☺

"မိန်းမတိုင်း ကိုယ့်ယောကျ်ားကို သစ္စာရှိချင်ကြပါတယ်၊ ဒါပေမယ့် သစ္စာစောင့်ချင်တဲ့ယောကျ်ားကို ရှာတွေ့ဖို့ခက်တယ်"

(မာလင်ဒီထရစ် + ၁၉၀၁ - ၁၉၉၂ + ဂျာမန်ရုပ်ရှင်မင်းသမီး)

☺

"ကျွန်မကို တင်းနစ်ဘောလုံးလို ကြည့်ကြတယ်။ ဘယ်ကနေ ညာကိုကြည့်တာ မဟုတ်ဘူး။ အပေါ်ကနေ အောက်ကိုကြည့်တာ"

(ဒီထရစ်)

☺

"မိန်းမတစ်ယောက်ကို စကားပြောတတ်ဖို့ သင်ပေးတာ ခက်ဘူး။ ပါးစပ်ပိတ်ထားဖို့ သင်ပေးရတာပဲ ခက်တယ်"

(ပထမမြောက် အဲလီဇဘက်ဘုရင်မ + ၁၅၃၃ - ၁၆၀၃)

www.burmeseclassic.com



"ခလုတ်မတိုက်တဲ့လူဟာ လဲလျှောင်းနေတဲ့လူပဲ ဖြစ်မယ် ထင်တယ်"

(အူရှူလာ ဇီဘုရာ + ၁၉၅၂ - ပိုလန်စာရေးဆရာမ)

☺

"ပိုက်ဆံအိတ် ပေါ့လေလေ၊ ရင်ထဲမှာ လေးလေလေ"

(ဇီဘုရာ)

☺

"အရှင်ဘုရား၊ ထွက်ပေါက်မရှိတဲ့ နိဗ္ဗာန်ထဲက လွတ်မြောက်အောင် ကယ်တင်ကော်မူပါ"

(ဇီဘုရာ)

☺ ☺ ☺





ါ၊ "မိန်းမတစ်ယောက် မှန်ထဲမြင်တာလောက် အမှန်နဲ့ တူတာ မရှိဘူး"

ယာနီနာ အီပေါ်ဟောစကားယား + ၁၉၁၄ - ၁၉၈၁ + ပိုလန်စာရေးဆရာမ)

☺

"အချစ်မှာ အခမဲ့ဆိုလို့ လပဲရှိတယ်"

(အီပေါ်ဟောစကားယား)

☺

"သူမရဲ့အသက် ဘယ်လောက်ရှိပြီလဲဆိုတာ ကျွန်မ,မသိဘူး။ ဒါပေမဲ့ ပိုပြီးအိုစာတဲ့ပုံ ပေါက်တယ်"

(အီပေါ်ဟောစကားယား)

☺

"ကမ္ဘာကျော် ရှိတ်စပီးယားရဲ့ လက်ရာပေါင်းချုပ် ၆-တွဲလုံး ကို ကျွန်မလက်ထဲ ကိုင်ကြည့်ဖူးတယ်။ ဒီစာတွေအားလုံးကို သူ တကယ်ရေးခဲ့တာ ဖြစ်ကောင်းဖြစ်မယ်။ ဒါပေမဲ့ အားလုံးကို

www.burmeseclassic.com



သူ့ ဖတ်ဖြစ်မယ်မထင်ဘူး"

(အီပေါ်ဟောစကားယား)

☺

"ကျွန်မအကြောင်း သူငယ်ချင်းတွေ ဘာပြောနေကြသလဲဆိုတာ ကျွန်မ မသိဘူး။ ဒါပေမဲ့ မမှန်တာတော့ သေချာတယ်"

(အီပေါ်ဟောစကားယား)

☺

"ကိစ္စသုံးခုကို မိန်းမတွေ ခွင့်မလွှတ်ဘူး။ အဲဒါ ဘာတွေလဲ ဘာကြောင့်လဲဆိုတာ ဘယ်သူမှ မသိဘူး"

(အီပေါ်ဟောစကားယား)

☺

"ယောကျ်ားတစ်ယောက်ရဲ့ဘဝမှာ မိန်းမကို လုံးဝ နားမလည်တဲ့ အချိန်နှစ်ချိန်ရှိတယ်။ လက်မထပ်ခင်နဲ့ လက်ထပ်ပြီးတဲ့အချိန်"

(အီပေါ်ဟောစကားယား)





"ကျွန်မကို လက်ထက်ခွင့် တောင်းတာနဲ့ ကျွန်မတို့ လက်ထပ်ကြမယ်"

(အီပေါ်ဟောစကားယား)

☺

"ရှင့်ကို ရှင့်မိန်းမက ပုံမှန်ထက် ပိုပြောတယ်ဆိုရင် ရှင့်ကို မပြောချင်တာ တစ်ခုခုရှိလို့ ဖြစ်ရမယ်"

(အီပေါ်ဟောစကားယား)

☺

"သူဟာ ကျွန်မချစ်တဲ့ ပထမဆုံးယောကျ်ား။ ပြီးတော့ အဲဒါကို ပထမဆုံး ယုံတဲ့သူ"

(အီပေါ်ဟောစကားယား)

☺

"ယောကျ်ား ဆံပင်ဖြူလာတဲ့အခါမှာ အသက်ငါးနှစ် ပိုကြီးသွားတဲ့ပုံ ပေါက်လာတယ်။ အဲ သူ့မိန်းမကတော့ ဆယ်နှစ် ပိုငယ်

www.burmeseclassic.com



သွားတယ်"

(အီပေါ်ဟောစကားယား)

☺

"အကြွေးတွေကို ကျွန်မ မမေ့ပါဘူး။ ပြန်ဆပ်ဖို့ပဲ မေ့တာပါ"

(အီပေါ်ဟောစကားယား)

☺

"အချစ်ခံရတဲ့အခါ ဘာကိုမှ သံသယ မဖြစ်ဘူး။ ကိုယ်က ချစ်တယ်ဆိုတော့မှ အားလုံးကို သံသယ ဖြစ်လာတယ်"

(ကောလက် + ၁၈၇၃ - ၁၉၅၄= ပြင်သစ်စာရေးဆရာ)

☺

"ယောကျာ်းတွေ ရှေ့နောက် မညီညွတ်တာ ကြည့်ပြီး အံ့ဩရတယ်။ မိန်းမတွေအားလုံး အတူတူပါပဲလို့ သူတို့ပြောကြတယ်။ တစ်ချိန်တည်းမှာ နောက်မိန်းမတစ်ယောက်ကို သူတို့ အမြဲတမ်း ရှာတယ်"

(ကောလက်)





"မိန်းမဟာ ကြောင်နဲ့တူတယ်။ သူတို့ကိုယ်တိုင် လုပ်ချင်တာကိုမှ ခိုင်းလို့ရတယ်"

(ကောလက်)

☺

"မိန်းကလေးတစ်ယောက်ဟာ တစ်သက်လုံး အားကိုးရမယ့် ယောကျာ်းကို ရှာတွေ့ဖို့အတွက် အချိန်နည်းနည်း လိုတယ်။ ဒါပေမဲ့ အဲဒီအချိန်အတွင်းမှာ ယောကျာ်းယူလို့ရတယ်"

(ကောလက်)

☺

"တစ်ခါမှ မမှားဖူးဘူးဆိုတဲ့လူ ကျွန်မကို ပြစမ်းပါ။ အဲဒါဆို ဘာအောင်မြင်မှုမှ မရတဲ့လူကို ကျွန်မပြမယ်"

(ဂျိုကောလင်းစ် + ၁၉၃၃ - အမေရိကန်ရုပ်ရှင်မင်းသမီး)

☺

"ဓာတ်လှေကားမှာ ကျွန်မနဲ့ နှစ်ယောက်တည်း ကျန်လို့ ဓာတ်လှေကားမောင်းတဲ့ကောင်လေး ရှက်သွေးမဖြာသွားဘူးဆိုရင်

www.burmeseclassic.com



အဲဒီနေ့ဟာ ဟောလီးဝုဒ်မှာ ကျွန်မရဲ့နောက်ဆုံးနေ့ပဲ"
(ကောလင်းစ်)

☺

" 'ရှင်နဲ့ မရှင်းမရှင်းဖြစ်ခဲ့တဲ့ ယောကျ်ားတွေ အများကြီး လို့ ပြောကြတယ်။ သူတို့အထဲက ဘယ်သူ့ကို အကြိုက်ဆုံးလဲ" 'ရှင့်ယောကျ်ား' (ရုပ်မြင်သံကြားအစီအစဉ်တစ်ခုတွင် 'ဗျူး'သူ အမျိုးသမီးကို ပြန်ပြောသည့်စကား)

☺

"မိန်းမတစ်ရာကို သိတဲ့လူ မိန်းမတစ်ယောက်ကိုမှ မသိဘူး။ မိန်းမတစ်ယောက်ကို ကောင်းကောင်းသိတဲ့သူ မိန်းမတစ်ရာကို သိတယ်"
(ခရစ္စတီးနားကော့ဖ်တာ + ပိုလန်စာရေးဆရာမ)

☺

"တစ်ခုခုကို သိတဲ့ပုံလုပ်ရတာ အဲဒါကို တကယ်သိအောင်





လုပ်ရတာထက် ခက်တယ်"
(အာဂါသာခရစ္စတီ + ၁၈၉၀ - ၁၉၇၆ + အင်္ဂလိပ် စာရေးဆရာမ)

☺

"နောက်ကို ပြန်မလှည့်ရဘူး။ ပြန်လှည့်ဖို့လည်း မကြိုးစားရဘူးလို့ ကျွန်မ နားလည်လာတယ်။ ဘဝဆိုတာ တစ်လမ်းမောင်းမဟုတ်လားရှင်"
(အာဂါသာခရစ္စတီ)

☺

"ယောကျ်ားဖြစ်လို့ ယောကျ်ားတွေကို ကျွန်မ ချစ်တာမဟုတ်ဘူး။ မိန်းမ မဟုတ်လို့ ချစ်တာရှင့်"
(ခရစ္စတီးနားဩဂတ်စ် + ၁၆၁၂ - ၁၆၈၉ + ဆွီဒင်ဘုရင်မ)

☺

"ကျွန်မရဲ့အသက် ၃၉ နှစ်တိတိ၊ တစ်ရက်မှ မစွန်းဘူး။ မှန်တယ်၊ ကျွန်မမှာ အသက် ၂၈ နှစ်အရွယ် သမီးရှိတယ်။

www.burmeseclassic.com



အဲဒါ ဘာဖြစ်လဲ။ အိန္ဒိယမှာဆိုရင် အဲဒါကို ဘယ်သူမှ အံ့သြစရာ မဟုတ်ဘူး"

(စတယ်လာကင်းဘဲလ် + ၁၈၆၅ - ၁၉၄၀ + အင်္ဂလိပ်ပြဇာတ်မင်းသမီး)

☺

"ညည့်ခံပွဲတိုင်းမှာ ညည့်သည် နှစ်မျိုးနှစ်စား ရှိတယ်။ တစ်မျိုးက ခပ်စောစော ပြန်ချင်တယ်။ နောက်တစ်မျိုးက ခပ်ကြာကြာနေချင်တယ်။ခက်တာက သူတို့တွေ လင်မယားဖြစ်နေကြတယ်။"

(အင် လန်းဒါးစ် + ၁၉၁၈ -၂၀၀၂ + အမေရိကန်သူနာပြုဆရာမ၊ စာရေးဆရာ)

☺

"ကျွန်မတို့အကြောင်း လူတွေ ဘာမှ တွေးမနေပါဘူး ဆိုတာကိုသာ ကျွန်မတို့ သိလိုက်ရရင် ကျွန်မတို့အကြောင်းကို တခြားလူတွေ ဘာတွေများ တွေးနေမလဲဆိုတာကို ကျွန်မတို့ ... လောက်အထိ တွေးနေဖြစ်မှာ မဟုတ်ဘူး"

(လန်းဒါးစ်)

☺





"မိန်းမဟာ ယောကျ်ားထက် သာသလား၊ မသာဘူးလား ဆိုတာ ကျွန်မ မသိဘူး။ ဒါပေမဲ့ ယောကျ်ားထက် မညံ့တာတော့ သေချာတယ်"

(ဂိုလ်ဒါ မေယာ + ၁၈၉၈ - ၁၉၇၈ + အစ္စရေးဝန်ကြီးချုပ်)

☺

"ကျွန်မတို့ရဲ့သားသမီးတွေကို သတ်တဲ့အတွက် အာရပ်တွေကို ခွင့်လွှတ်တဲ့နေ့ ရောက်လာမှာပါ။ ဒါပေမဲ့ အာရပ်တွေရဲ့သားသမီးတွေကို ကျွန်မတို့ မလွှဲမရှောင်သာ သတ်ရတဲ့အတွက် သူတို့ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး"

(ဂိုလ်ဒါ မေယာ)

☺ ☺ ☺

www.burmeseclassic.com



၆၂။ "မိန်းမဆိုတာ နောက်မိန်းမတစ်ယောက်မှာ ယောကျ်ားတွေ အဖြေရှာနိုင်ဖို့ ကြိုးစားတဲ့ ပဟေဠိပါပဲ"

(ဂျန်နာမောရိုး + ၁၉၈၂ - ပြင်သစ်ရုပ်ရှင်မင်းသမီး)

☺

"ယောကျ်ားတိုင်းရဲ့ခေါင်းထဲမှာ အတွေးနှစ်ခုပဲရှိတယ်။ တစ်ခုကပိုက်ဆံ"

(မောရိုး)

☺

"နောက်ရေးမယ့်စာထဲမှာ အကြံတချို့ပေးလိုက်ပါ။ ယေ တဲ့အကြံအတိုင်း မလိုက်နာဘူးဆိုတာ ကတိပေးပါတယ်"

(အက်ဒနာမိလီ + ၁၈၉၂ - ၁၉၅၀ + အမေရိကန်ကဗျာဆရာ

☺

"မိန်းမအဖြစ် ဆက်နေခွင့်ရှိမယ်ဆိုရင် ယောကျ်ားေ အုပ်စိုးတဲ့ကမ္ဘာမှာ ကျွန်မနေဖို့ သဘောတူတယ်"

(မာရီလင်မွန်ရိုး+ ၁၉၂၆-၁၉၆၂ + အမေရိကန်ရုပ်ရှင်မင်းသမီး





"ပြက္ခဒိန်တွေမှာ ကျွန်မရဲ့ပုံတွေ ပါနေပေမယ့် ကျွန်မ အချိန် မမှန်တတ်ဘူးရှင့်"

(မွန်ရိုး)

☺

"အခုလမ်းလျှောက်ပုံကို ဘယ်သူ့ဆီက တတ်တာလဲ"

'၁ နှစ်သမီးအရွယ်မှာ ကျွန်မ လမ်းလျှောက်တတ်လာတယ်။ အဲဒီကတည်းက ဘယ်သင်တန်းမှ မတက်ဖူးဘူး'

(မွန်ရိုး-သတင်းထောက်၏မေးခွန်းကို ဖြေကြားခြင်း)

☺

"အကုန်လုံး အတူတူပဲဆိုတော့ ရွေးရတာ လွယ်တာပေါ့"

(မွန်ရိုး)

☺

"စားလို့ရတဲ့မှိုနဲ့ စားလို့မရတဲ့မှိုကို ခွဲသလို အချစ်စစ်နဲ့ အချစ်တုကို ခွဲလို့ရရင် ကောင်းမယ်"

(ကက်သရင်း မင်းစဖီး+၁၈၈၈-၁၉၂၃+အင်္ဂလိပ်စာရေးဆရာမ)

www.burmeseclassic.com



"မိန်းမချောတွေ ရထိုက်တဲ့ ပိုက်ဆံချမ်းသာတဲ့ယောကျာ်း ဒီကမ္ဘာမှာ လုံလုံလောက်လောက် မရှိသေးပါလား"
(ဂျိန်းအော်စတင် + ၁၇၇၅ - ၁၈၁၇ + အင်္ဂလိပ်စာရေးဆရာမ)

☺

"အထင်သေး ရွံရှာတဲ့လူအပေါ်မှာ မှီတည်ရတာလောက် ခံရခက်တာ မရှိပါ"
(ပျူအီဇယ် + ၁၇၂၀ - ၁၇၉၈ + ပြင်သစ်စာရေးဆရာမ)

☺

"ကိုယ်ထဲမှာ ဘုရားရှိတဲ့လူရှိသလို နတ်ဆိုးရှိတဲ့လူလည်း ရှိတယ်။ တချို့လူတွေကျတော့ သန်ကောင်ကလွဲလို့ ဘာမှမရှိဘူး"
(ရာညက်ဖ်စကားယား+၁၈၉၆-၁၉၈၄+ရုရှားပြဇာတ်မင်းသမီး)

☺

"ကျွန်မက မဟုတ်ဘဲ သူက ကျွန်မကို ကားမောင်းပို့ရတဲ့ အတွက် သူ ကျွန်မကို မုန်းနေတာ"
(သုန်မှုန်နေသောဒရိုင်ဘာနှင့် ပက်သက်၍ပြောသောစကား)





"ကျွန်မ အင်မတန် သန့်ရှင်းတဲ့ ခရာဇ်ယာန်ဖြစ်မယ် ထင်တယ်။ ရန်သူတင် မကဘူး။ ကိုယ့်သူငယ်ချင်းတွေကိုတောင် ခွင့်လွှတ်နိုင်နေတယ်"
(ရာညက်ဖ်စကားယား)

☺

"လူယုတ်မာတွေတောင် သတိရနေအောင် နေပြလိုက်စမ်းပါ"
(ရာညက်ဖ်စကားယား)

☺

"အမျိုးသမီးငယ်တစ်ယောက်ဟာ အပျိုသင်စလို နမ်းတတ်ဖို့အတွက် အတွေ့အကြုံ နည်းနည်းရှိဖို့လိုတယ်"
(ဂျူးရီးဗားစ် + ၁၉၃၃ + အမေရိကန်ဟာသမင်းသမီး)

☺

"ကျွန်မကို ကျွန်မအမေ အမြဲတမ်းပြောတယ်။ ကိုယ့်ယောကျာ်းကို ယုံကြည်အားကိုးပါ။ ချစ်ခင်လေးစားပါ။ ပြီးတော့

www.burmeseclassic.com



ပိုင်ဆိုင်မှုပစ္စည်းအများစုကို ကိုယ့်နာမည်နဲ့ထားပါတဲ့"

(ရှီးတား

☺ ☺ ☺

၆၃။ "သက်သက်လွတ်စားတဲ့ လူဆီမှာ သားမွေးဝတ်ရုံ ဘ
တော့မှ မဝယ်နဲ့"

(ရှီးတား

☺

"ကျွန်မ သူ့ကို ချစ်သလို သူ ကျွန်မကို ချစ်ရဲ့လား၊ သူ ကျွန်မထက် ပိုချစ်ရမယ့်သူ တစ်ယောက်များ ရှိနေသလာ ယောက်ျားနဲ့ ပက်သက်လာရင် စိတ်ဆင်းရဲစရာကောင်းလှတဲ့ အ မေးခွန်းတွေကို ကျွန်မကိုယ်ကျွန်မ ခဏခဏမေးမိတယ်။ ဒ ကျွန်မရဲ့ခွေးနဲ့ ပက်သက်လို့ကတော့ အဲဒီမေးခွန်းကို ဘယ်တော့ မမေးဖြစ်ဘူး"

(နာဒင်းဒီ ရော့တ်ရှီးလ် + ၁၉၃၂ ပြင်သစ်စာရေးဆရာ

☺





"ယောက်ျားတိုင်း စံပြမိန်းမကို ရှာတယ်။ အထူးသဖြင့် န်းမယူပြီးတဲ့နောက်မှာ"

ဘယ်လင်ရောင်းလင်း + ၁၈၇၅ - ၁၉၅၀ + အမေရိကန်အမျိုး သမီး သတင်းထောက်)

☺

"အမျိုးသမီးတစ်ယောက် အိမ်ထောင်ပြုလိုက်တယ်ဆိုတာ ာ ယောက်ျားအများစုရဲ့ အာရုံစိုက်မှုကို ယောက်ျားတစ်ယောက် ရဲ့ အာရုံမစိုက်မှုနဲ့ လဲလိုက်တဲ့အခါပဲ"

(ရောင်းလင်း)

☺

"လက်မထက်ခင်က ရှင် သူ့ကို ဘာပြောလိုက်သလဲဆိုတာ ကို တစ်ညလုံး မအိပ်ဘဲ သူစဉ်းစားတယ်။ လက်ထပ်ပြီးတဲ့အခါကျ တော့ ရှင်ပြောတာ မဆုံးသေးဘူး။ သူ အိပ်ပျော်နေပြီ"

(ရောင်းလင်း)

☺

www.burmeseclassic.com



"ယောကျ်ားနဲ့မိန်းမ လမ်းလျှောက်သွားလို့ တစ်ယောက်က ရှေ့ခြေတစ်လှမ်းအကွာက သွားနေတယ်ဆိုရင် အဲဒီတစ်ယောက် စိတ်ကောက်နေလို့ဖြစ်ရမယ်"

(ရောင်းလင်း)

☺

"ကိုယ်အလေးချိန် ပေါင်၁၄၀-ရှိတဲ့မိန်းမဟာ ကိုယ်အလေးချိန် ပေါင်၁၅၀-ရှိတဲ့မိန်းမကိုမြင်ရရင် အရမ်း စိတ်ချမ်းသာတယ်"

(ရောင်းလင်း)

☺

"မိန်းမဟာ ယောကျ်ားအားလုံးကို နားလည်ဖို့ ယောကျ်ား တစ်ယောက်နဲ့တင် လုံလောက်တယ်။ ယောကျ်ားကျတော့ မိန်းမ အားလုံးကို သိနေပေမယ့် ဘယ်သူကိုမှ နားမလည်ဘဲ ဖြစ်နေနိုင်တယ်"

(ရောင်းလင်း)

☺





"အပျော်ဆုံးမိန်းမဆိုတာ အကောင်းဆုံး ယောကျ်ားကို ရလိုက်တဲ့သူ မဟုတ်ဘူး။ ရလိုက်တဲ့အထဲက အကောင်းဆုံး ယောကျ်ားဖြစ်အောင် စွမ်းဆောင်နိုင်တဲ့သူဖြစ်တယ်"

(ရောင်းလင်း)

☺

"အချစ်အကြောင်းဖြစ်ရင် ယောကျ်ားတွေပြောတာထက် မိန်းမတွေ ကြားတာပိုမြန်တယ်"

(ရောင်းလင်း)

☺

"ဘာကိုမဆို သမီးရအောင် စွမ်းဆောင်နိုင်မယ်လို့ ကျွန်မ မိဘတွေ ကျွန်မကို အမြဲတမ်းပြောတယ်။ ဒါပေမဲ့ အချိန်ဘယ် လောက်ယူမလဲဆိုတာ မပြောဘူး"

(ရီတာ ရုနာ + ၁၉၅၆ + အမေရိကန်စာရေးဆရာမ)

☺

"ရှင့်မိန့်ခွန်းကို ကျွန်မ နားလည်ရင် ဘယ်သူမဆို

www.burmeseclassic.com



နားလည်မှုပါလို့ ကျွန်မယောကျ်ားကို ကျွန်မ အမြဲတမ်းပြော ပါတယ်"
(အီလီယာနော ရူစဘဲ့ + ၁၈၈၄ -၁၉၆၂ + အမေရိကန် သမ္မတကတော်)

☺

"စစ်မှန်တဲ့ခရာဇ်ယာန်ဟာ ပါးတစ်ဖက်ကို အရိုက်ခံရရင် နောက်တစ်ဖက်ကို ထိုးပေးတယ်။ အနမ်းခံဖို့အတွက်လေ"
(ရူကော့စကားယား + ၁၉၁၉ + ပိုလန်စာရေးဆရာမ)

☺

"လူကြီးလူကောင်းဆိုတာ သူ့အကြောင်း ရှင်ကောင်းကောင်း မသိသေးတဲ့လူ"
(ရူကော့စကားယား)

☺

"မိန်းမတစ်ယောက်ရဲ့ကျန်းမာရေးအတွက် ယောကျ်ားတွေရဲ့အံ့သြချီးမွမ်းတဲ့အကြည့်ဟာ ကယ်လိုရီတွေ၊ ဆေးတွေထက်ပို





အရေးကြီးတယ်"
(စာဂန်း + ၁၉၃၅ - ပြင်သစ်စာရေးဆရာမ)

☺

"ချီးမွမ်းစကားဟာ မိန်းမတွေရဲ့ ထုတ်လုပ်မှုစွမ်းအားကို နှစ်ဆတိုးစေတယ်"
(စာဂန်း)

☺

"မိန်းမနဲ့ယောကျ်ား ခွေးနဲ့ကြောင်လို မဟုတ်ဘဲ ခွေးနဲ့ ခွေးလို အတူတူ နေကြတာကိုက အတော်ကောင်းနေပြီ။ တစ်ခါတလေ ဟောင်လိုက်ကြ။ နောက် လျှာနဲ့ ပြန်လျက်လိုက်ကြ။ ပြီးသွားတာပဲ"
(ဆန်မာဇဗန်းညက်စ် + ၁၈၉၉ - ၁၉၇၂ + ပိုလန်စာရေးဆရာမ)

☺

"အလည်သွားတဲ့အိမ်ကနေ မိန်းမနဲ့အတူပြန်လာတဲ့အခါမှာ တက္ကစီဖိုး မနှမြောပါနဲ့။ အခြားမိန်းမနဲ့ဆို ရှင် လမ်းလျှောက်

www.burmeseclassic.com



သွားမှာ မဟုတ်ဘူးဆိုတာ သတိရပါ"

(ဆန်မာဇဗန်းညက်စ်)

☺

"ပျော်ရွှင်မှုဆိုတာ လိပ်ပြာလိုပဲ။ လူနောက်ကို လိပ်ပြာ မလိုက်ဘူး။ ဒင်းနောက်ကိုပဲ လူ လိုက်တာကလား"

(ဆန်မာဇဗန်းညက်စ်)

☺

"ရှင့်မိန်းမ ထုံတယ်၊ ထိုင်းတယ်ဆိုတာ သတိထားမိရင် သည်းခံ။ ဒီအကြောင်း ဒင်းကို သွားမပြောနဲ့။ အပြီးသတ် ထုံသွားရင်ဒုက္ခ"

(ဆန်မာဇဗန်းညက်စ်)

☺

"ပဟေဠိဆန်တဲ့မိန်းမ မရှိဘူး။ အကင်းမပါးတဲ့ ယောကျ်ားပဲရှိတယ်"

(ဆန်မာဇဗန်းညက်စ်)





"တိရစ္ဆာန်ရုံက လှောင်အိမ်မှာ စာတမ်းချိတ်ထားတယ်။ 'အစာမကျွေးရ၊ မကျီစားရ' တဲ့။ အဲဒီ လှောင်အိမ်ထဲမှာ ယောကျ်ားတစ်ယောက်သာ ထိုင်နေမယ်ဆိုရင် စာတမ်းက တစ်မျိုးဖြစ်လိမ့်မယ်။ 'အစာ ခဏခဏ ကျွေးပါ၊ ဒါပေမဲ့ မကျီစားပါနဲ့' "

(ဆန်မာဇဗန်းညက်စ်)

☺

"သူ သုံးကြိမ်တိတိ မိန်းမ ယူခဲ့တယ်။ ဇနီးတိုင်း သူ့ဆီက အဖိုးတန် သားမွေးဝတ်ရုံတစ်ထည် လက်ဆောင်ရတယ်။ တတိယမိန်းမဆို နှစ်ထည်တောင်ရတယ်"

(ဆန်မာဇဗန်းညက်စ်)

☺ ☺ ☺

www.burmeseclassic.com



၆၄။ "ယောက်ျားကို အိမ်ထောင်ဦးစီးလို့ သတ်မှတ်ရင် သူ့ခေါင်းပေါ် တက်ထိုင်ဖို့ မကြိုးစားနဲ့"

(ဆန်မာဇဗန်းညက်စ်)

☺

"စကားဝိုင်းမှာ ကိုယ့်ကိုယ်ကိုယ် အဘိုးကြီးဖြစ်ပြီ၊ အသွားကြီးဖြစ်ပြီလို့ ပြောလိုက်လို့ ဘယ်သူမှ မရယ်ကြဘူး၊ မကန့်ကွက်ဘူးဆိုရင် တကယ်ပဲ ဇရာပိုင်း ရောက်လာပြီလို့မှတ်ပါ"

☺

"ယောက်ျားမရှိတဲ့ မိန်းမဆိုတာ ထီးမရှိတဲ့ ငါးလိုပါပဲ"

(စတိုင်းနင် + ၁၉၃၄ - အမေရိကန်စာရေးဆရာမ)

☺

"ပိုက်ဆံတွေ အမြဲတမ်း ရှိပါတယ်။ အိတ်ထောင်တွေသာ ပြောင်းသွားကြတာကလား"

(ဂယ်ထရူဒါ စတိုင်း + ၁၈၇၄-၁၉၄၆ + အမေရိကန်စာရေးဆရာမ)





"ယောက်ျားအဖြစ်နဲ့ ကျွန်မ မမွေးလာတာ သိပ်ကံကောင်းတယ်။ နို့မဟုတ်ရင် အိမ်ထောင်ကျပြီး မိန်းမနဲ့ အတူနေနေရမှာတော့"

(စတားလ် + ၁၇၆၆ - ၁၈၁၇ + ပြင်သစ်စာရေးဆရာမ)

☺

"အခုခေတ်မှာ မနမ်းခင် စီးကရက်ကို ပါးစပ်က ချွတ်တဲ့ယောက်ျားကို လူကြီးလူကောင်းလို့ ခေါ်ရမယ်"

(ဘာဘရာ စထရိတ်စန် + ၁၉၄၂ + အမေရိကန်ရုပ်ရှင်မင်းသမီး)

☺

"အိပ်ရာထဲမှာ ကျွန်မကို ယောက်ျားတွေ ပေးခဲ့တဲ့ ကတိတွေကိုသာ စုပေါင်းလိုက်ရင် စာတစ်အုပ် ထုတ်လို့ရတယ်"

(စထရိတ်စန်)

☺

"ကျွန်မ ဆင်းလည်း ဆင်းရဲခဲ့တယ်။ ချမ်းလည်း ချမ်းသာ

www.burmeseclassic.com



ခဲ့တယ်၊ အဲ၊ ဒုတိယဟာက ပိုတော့ ကောင်းတာပေါ့လေ”
(ဆိုဖီတာကာ + ၁၈၈၄ - ၁၉၆၆ + အမေရိကန်ရုပ်ရှင်မင်းသမီး)

☺

“ရုပ်ရှင်တစ်ကားကို ဒေါ်လာသန်းနဲ့ချီပြီး ထုတ်လုပ်သူက ပေးတာ မိုက်မဲတယ်ပဲထားဦး။ အဲဒီပိုက်ဆံကို ကျွန်မ ငြင်းရလောက် အောင် မမိုက်မဲဘူးရှင့်”
(အဲလီဇဘက်တေလာ + ၁၉၃၂ + အမေရိကန်ရုပ်ရှင်မင်းသမီး)

☺

“နောက်ထပ် ယောက်ျား မယူတော့ပါဘူးဆိုတဲ့ ကြေငြာ ချက်ကို ကျွန်မဆီက မမျှော်လင့်ပါနဲ့”
(အဲလီဇဘက်တေလာ)

☺

“အချိန်ရလာသည်နှင့်အမျှ ကိုယ်လုပ်မိတဲ့ အမှားတွေ အတွက်ရော၊ မလုပ်မိတဲ့အမှားတွေအတွက်ပါ နောင်တရတယ်”
(အဲလီဇဘက်တေလာ)





“ဒီလို အပေါစားပုံ ပေါက်အောင် ကျွန်မ ဈေးကြီးပေးပြီး ပြင်ထားရတာပါလို့ ကျွန်မပြောရင် ရှင်တို့ ယုံမှာမဟုတ်ဘူး”
(ဒေါ်လီပါတွန် + ၁၉၄၆ + အမေရိကန်အဆိုတော်၊ ရုပ်ရှင် မင်းသမီး)

☺

“ ‘နှီး’ ဆိုတဲ့စကားကို ယောက်ျားတွေထက် မိန်းမတွေ ပိုပြောတတ်တယ်”
(မာဂရက်သက်ချာ + ၁၉၂၅ + ဗြိတိသျှဝန်ကြီးချုပ်ဟောင်း)

☺

“ကျွန်မရဲ့ဝန်ကြီးတွေကို လိုတာထက် ပိုပြီးစကားပြောတဲ့ အတွက် ကျွန်မ ဘယ်တော့မှ စိတ်မဆိုးဘူး။ ကျွန်မပြောတဲ့အတိုင်း လုပ်ရင်ပြီးတာပဲ”
(မာဂရက်သက်ချာ)

☺

“ကြက်ဖတွန်တာ ကောင်းချင်ကောင်းမယ်။ ဒါပေမဲ့

www.burmeseclassic.com



ကြက်မပဲ ဥဥတာရှင့်"

(သက်ချာ

☺

"ကျွန်မဟာ ဉာဏ်ကောင်း ခေတ်မီပြီး လွတ်လပ်တဲ့မိန်း
တစ်နည်းပြောရရင် ကိုယ့်အတွက် ယောကျ်ား ရှာမရသေးတဲ့မိန်း"

(ရှယ်လီဝင်းတားစ် + ၁၉၂၂ + အမေရိကန်ရုပ်ရှင်မင်းသမီ

☺

"ရေခဲလျှောစီးတဲ့စခန်းမှာ ကျွန်မ နှစ်ပတ်ကြာနေခဲ့တယ်
အဲဒီမှာ သိပ်ချမ်းတော့ ကံကောင်းလို့ ယောကျ်ားမယူဖြစ်တယ်

(ရှယ်လီဝင်းတား

☺

"ကျွန်မဘဝကို လွယ်အောင် လုပ်ပေးမယ့် ယောကျ်ား
ရှာရမယ် မဟုတ်လား။ ကျွန်မဘဝကို စိတ်ဝင်စားစရာဖြစ်အော
လုပ်ပေးမယ့် ယောကျ်ားကိုပဲ ရှာမယ်ရှင့်"

(အဲဒစ်ဝေါလ်တွန်+၁၈၆၂-၁၉၃၇+အမေရိကန် စာရေးဆရာ





"ကျွန်မရဲ့ အိမ်တံခါးရှေ့မှာ ယောကျ်ားဆယ်ယောက် စောင့်နေတယ် ဟုတ်လား။ အဲဒါဆို တစ်ယောက်ကို ပြန်လွှတ်လိုက်ပါ။ ကျွန်မ ဒီနေ့ ပင်ပန်းနေတယ်ရှင့်"

(မေဝက်စ် + ၁၈၉၂ - ၁၉၈၀ + အမေရိကန်ရုပ်ရှင်မင်းသမီး)

☺

"ဦးနှောက်ဆိုတာ ကောင်းကောင်း ဖွက်ထားရင် အင်မတန် အဖိုးတန်တဲ့ပစ္စည်း"

(မေဝက်စ်)

☺

"ဘယ်အရွယ်မှာမဆို ငယ်အောင် လုပ်လို့ရတယ်"

(မေဝက်စ်)

☺

"စန္ဒယားကို ရွှေ့ရတဲ့ ရှားရှားပါးပါးကိစ္စက လွဲရင် ယောကျ်ားမရှိလည်း နေလို့ရတယ်"

(ရီဘက်ကာ ဝက်စ် + ၁၈၉၂-၁၉၈၃ + အင်္ဂလိပ်စာရေးဆရာမ)

www.burmeseclassic.com



"ကျွန်မအကြောင်း ဘာပဲရေးရေး ကျွန်မ ဂရုမစိုက်ဘူး။ မမှန်ရင် ပြီးရော"
(ကက်သရင်းဟက်ဘန်း + ၁၉၀၉ - ၂၀၀၃ + အမေရိကန်ရုပ်ရှင်မင်းသမီး)

☺

"စည်းကမ်းချက်တွေ အားလုံးကိုသာ လိုက်နာနေရင် ပျော်စရာတွေကို လက်လွှတ်လိုက်ရမှာပေါ့"
(ကက်သရင်းဟက်ဘန်း)

☺

"အသက် ၂၀ အရွယ်လူငယ်က သံသယဖြစ်ဖွယ်ကောင်းလောက်အောင် ရှင့်ကို ရိုသေလေးစားပြနေရင် ရှင်ဟာ ရှင်ထင်တာထက် အသက် ပိုကြီးနေပြီလို့ သဘောပေါက်"
(ဆီဗီယာချိးစ် + ၁၉၅၆ + ဘယ်လ်ဂျီယံသတင်းထောက်)

☺

"ကော်စမက်တစ်ကို ဘယ်မှာ လိမ်းရမလဲ ဟုတ်လား။





ယ်နေရာကို နမ်းစေချင်လဲ။ နမ်းစေချင်တဲ့ နေရာမှာလိမ်းလိုက်"
ိုကိုရှာနယ် + ၁၈၈၃ - ၁၉၇၁ + အထည်ပုံဆန်းတီထွင်သူ)

☺

"ဈေးကြီးလွန်းတဲ့ဝတ်စုံလောက် မိန်းမတစ်ယောက်ကို ဆာစေတာ မရှိပါ"
(ရှာနယ်)

☺

"အသက်၂၀-အရွယ် ရှင့်ရဲ့မျက်နှာကို သဘာဝက ပေးတာ။ အဲ အသက်၅၀-အရွယ်မှာ ရှင့်ရဲ့မျက်နှာဘယ်လိုရှိမလဲ ဆိုတာကတော့ ရှင့်အပေါ်မူတည်တယ်"
(ရှာနယ်)

☺

"ကျွန်မခေါင်းကို ဖြတ်လိုက်၊ အဲဒါဆို ကျွန်မကို ၁၃-နှစ်လို့ ရှင်တို့ ပြောကြလိမ့်မယ်"
(ရှာနယ် - အသက် ၅၀ ပြည့်တွင်ပြောသောစကား)

www.burmeseclassic.com



"ရုပ်ရှင်မင်းသား၊ မင်းသမီးဆိုတာ ဦးနှောက် သိပ်ရှိ
မလိုဘူး။ အခု ကျွန်မတို့ရဲ့ နောက်ဆုံးသမ္မတကိုပဲကြည့်"
(ရှယ် + ၁၉၄၇ + အမေရိကန်အဆိုတော်နှင့် ရုပ်ရှင်မင်းသ
သမ္မတရေဂင်နှင့် ပက်သက်၍ပြောသောစကား)

☺

"အရှယ်တူတွေအထဲမှာ အငယ်ဆုံးဖြစ်ချင်တယ်"
(ရီနတ်တာဖီးကုစ် + ၁၉၃၄ + ပိုလန်စာရေးဆရာ

☺

"ဘဏ်ကောင်းတဲ့မိန်းမမှာ သဘာဝက ဖန်တီးထား
ရန်သူတွေ သန်းနဲ့ချီပြီး ရှိတယ်။ မိုက်မဲတဲ့ ယောကျ်ားတွေအား
(အဲနာ-အက်ရှင်ဘတ်+၁၈၃၀-၁၉၁၆+ဩစထရီးယားစာ
ဆရာမ)

☺

"ယောကျ်ားအပေါ် ဩဇာ မညောင်းတဲ့ မိန်း
မိန်းမညံ့။ ယောကျ်ားအပေါ် ဩဇာ မညောင်းချင်တဲ့ မိန်း





န်းမမြတ်"

(အက်ရှင်ဘတ်)

☺

"အယုံလွယ်တဲ့မိန်းမထက် အယုံလွယ်တဲ့ယောကျ်ား ပိုများ
ယ်"

(အက်ရှင်ဘတ်)

☺

"ကျွန်မတို့ကို အံ့ဩတကြီး ချီးကျူးကြသူတွေကို ငထုံ
ထိုင်းလို့ယူဆရတာ သိပ်ခက်တာပဲ"

(အက်ရှင်ဘတ်)

☺

"ကိုယ့်မိတ်ဆွေတွေ ကိုယ့်အကြောင်း ဘာပြောနေကြ
သလဲဆိုတာ သိချင်သလား။ အဲဒါဆို ကိုယ့်ထက် တော်တဲ့လူတွေ
အကြောင်း သူတို့ ဘာပြောနေသလဲဆိုတာကို နားထောင်ကြည့်ပါ"

(အက်ရှင်ဘတ်)

www.burmeseclassic.com



"အစာဝနေတဲ့လူထက် ဝတ်နေတဲ့လူကို ကူညီရတာ ပိုလွ
တယ်"

(အက်ရှင်ဘ

☺

"လိုချင်တာ မှန်သမျှ လိုအပ်တာချည်းပဲလို့ ထင်ကြတ
(အက်ရှင်ဘ

☺

"ကျွန်မတို့ကို ချီးမွမ်းတဲ့စကားပြောလာရင် တစ်လုံးမှ
ဦးတော့ ပြောတဲ့လူကို ခင်တဲ့စိတ်ဝင်တယ်"

(အက်ရှင်ဘ

☺

"တိရစ္ဆာန်တွေဟာ အင်မတန် ချစ်စရာကောင်းတဲ့ ဘ
ချင်းတွေ။ မေးခွန်းလည်း မမေးဘူး။ ဝေလည်း မဝေဖန်ဘူး"
(ဂျော့အီးလီယော့ + ၁၈၁၉ - ၁၈၈၀ + အင်္ဂလိပ်စာရေးဆ

☺





"အမှန်တရားကို ပြောရတာ အမြဲတမ်း ခက်တယ်။ မုသား
ကို နားယောင်ရတာ အမြဲတမ်း လွယ်တယ်"
(ဆူဇန်နာ ဘရိုအင်+၁၈၀၇-၁၈၈၇+ပြင်သစ်ပြဇာတ်မင်းသမီး)

☺

"ပျက်တတ်တဲ့ ပစ္စည်းမှန်သမျှ ပျက်ကြတာချည်းပဲ။ ဒါပေမဲ့
ချက်ချင်းတော့ မဟုတ်ဘူး။ အာမခံ ကာလကုန်ဆုံးပြီး နောက်တစ်
ရက်မှာ"

(ရှယ်ရိုဂရေးဒီတာ)

☺ ☺ ☺

www.burmeseclassic.com





၆၅။ "စံပြယောကျ်ားဟာ ဘာကြောင့်မှန်း မသိဘူး၊ အမြဲတမ်းလိုပဲ နောက်မိန်းမတစ်ယောက်ရဲ့ ယောကျ်ားဖြစ်နေတတ်တယ်"

(ဖေး ဒန်းနဝေး + ၁၉၄၁ + အမေရိကန်ရုပ်ရှင်မင်းသမီး)

☺

"ပြင်လွန်းလို့ ပျက်သွားတဲ့မျက်နှာတွေ အများကြီး"

(ဒျူမောရစ် + ၁၉၀၇ - ၁၉၈၉ + အင်္ဂလိပ်စာရေးဆရာမ)

☺

"ရုပ်ဆိုးမ ဖြစ်ရတာထက် သေတာပဲ ကောင်းတယ်"

(မဒမ်ဒျူဘာရီ+၁၇၄၃-၁၇၉၃)

☺

"မြင်တာကို တစ်ဝက်ပဲယုံ။ ကြားတာကို ဘာမှမယုံနဲ့"

(ဒိုင်နာကရိုက် + ၁၈၂၆ - ၁၈၈၇ + အင်္ဂလိပ်စာရေးဆရာမ)

☺



"ကျွန်မရဲ့မိဘတွေ ၄၅ နှစ်အတွင်းမှာ တစ်ခါပဲ စကားများ ရန်ဖြစ်တယ်။ အဲဒီရန်ပွဲ ၄၃ နှစ်ကြာတယ်"

(ကက်တီလတ်မင်း + အမေရိကန်ဟာသမင်းသမီး)

☺

"မိန်းမဆိုတာ လူနည်းစု အခွင့်အရေးနဲ့ နေနေရတဲ့ လူများစု"

(လိုင်ဇာကရိုင်းမား)

☺

"မိန်းမတစ်ယောက် ပျော်ရွှင်ရတဲ့နှစ် ဆယ်နှစ်ပဲရှိတယ်။ အသက် ၂၈-နဲ့၃၀-အကြားမှာ"

(ဒီရနာလှိုင်း + ၁၉၀၅ - ၁၉၉၃ + အမေရိကန်ရုပ်ရှင်မင်းသမီး)

☺

"ကျွန်မမှာ ဖိနပ်အရံပေါင်း ၃၀၀၀ ရှိတယ်လို့ပြောတာ မှန်ပါဘူး။ အရံပေါင်း ၁၀၆၀-ပဲရှိတာပါ"

(အီမယ်လ်ဒါ မားကို့စ် + ၁၉၃၁ + ဖိလစ်ပိုင်သမ္မတကတော်)

 www.burmeseclassic.com 

"ဘုရားမရှိဘူး သိလား။ ဘုရားသာ တကယ်ရှိရင် ကျွ
အရင်ဆုံး သိမှာပေါ့"
(အန်နာနိုဝယ် + ၁၈၇၆ - ၁၉၃၃ + ပြင်သစ်မှူးမတ်ကတေ

☺

"မိန်းမဟာ သူမ သွားချင်တဲ့နေရာကို ယောကျ်ားနော
ကလိုက်ဖို့ ဝန်မလေးဘူး"
(မိုနီကာ ပိုက်ချ် + ၁၉၃၆ + ဂျာမန်ရုပ်ရှင်မင်းသမီး)

☺

"လက်ထပ်ပွဲနဲ့ပက်သက်ပြီး သူနဲ့ကျွန်မ သဘောထား
ကြတယ်။ ကျွန်မက ဘုရားကျောင်းမှာ လက်ထပ်ချင်တယ်။
လက်ဆောင်တွေ၊ သတို့သမီးရဲ့သူငယ်ချင်းတွေ၊ ဧည့်သည်တွေ
စည်စည်ကားကား ခမ်းခမ်းနားနား လုပ်ချင်တယ်။ သူက ကျွ
နဲ့ စေ့စပ်ထားတာကို ဖျက်သိမ်းလိုက်ချင်တယ်"
(ဆာလီပေါ့ပလင် + အမေရိကန်ဟာသမင်းသ

☺



"ဘယ်လိုလုပ်ရမလဲ ဆိုတာ သိတဲ့လူ အမြဲတမ်း အလုပ်
ရှာလို့ရတယ်။ ဘာကြောင့်လဲ ဆိုတာကို သိတဲ့လူ စောစောကလူရဲ့
အထက်အရာရှိဖြစ်မယ်"
(ဒိုင်ယာနာရေးဗစ်ချ် + ၁၉၃၈ + အမေရိကန်ကျောင်းဆရာမ)

☺

"ကျွန်မရဲ့ အချစ်ဦးဟာ ကျွန်မရဲ့ စတုတ္ထယောကျ်ားရှင့်"
(တိရှကေးဗစ်ချ် + ၁၉၃၈ + ရုပ်ရှင်မင်းသမီး)

☺

"ကိုယ့်ခွေးကို လူလို သွားမကြည့်နဲ့။ ခွေးလို ပြန်အကြည့်
ခံနေရဦးမယ်"
(မာတာစကော့ + အမေရိကန်စာရေးဆရာမ)

☺

"ကျွန်မ စဉ်းစားသည်။ ထို့ကြောင့် ကျွန်မ ယောကျ်ား
မရှိပါ"
(အဲလီဇဘက် ဝင်စတန်)

www.burmeseclassic.com



“မမျှော်လင့်တာ ဘာမှမလုပ်ဘူးဆိုရင် မမျှော်လင့်တာ ဘာမှဖြစ်လာမှာ မဟုတ်ဘူး”
(ဖေးဗီလ်ဒန် + ၁၉၃၁ + အင်္ဂလိပ်စာရေးဆရာမ)

☺

“ကျွန်မတို့ခေါင်းပေါ် ကျလာတာ မဟုတ်ဘူးဆိုရင် အုတ်ခဲရဲ့အလေးချိန်ကို ကျွန်မတို့ လျှော့ပြောတတ်ကြတယ်”
(မူစဘတ် + ပိုလန်စာရေးဆရာမ)

☺

“အခုဟာက ဒီယောက်ျားကို လက်ထပ်ရမလား၊ လက်မထပ်ရဘူးလားဆိုတဲ့ ကိစ္စမဟုတ်ဘူး။ ကျန်တဲ့ယောက်ျားတွေကို ဘယ်သွားထားရမလဲဆိုတဲ့ ပြဿနာ”
(ပက်ထရီရှာဟင်လီ + အမေရိကန်စာရေးဆရာမ)

☺

“မိတ်ဆွေသူငယ်ချင်းတွေချည်းပဲရှိလို့ မဖြစ်ဘူး။ ဆား





မပါဘဲ ကြက်ဥစားသလို ဖြစ်နေလိမ့်မယ်”
(ဟက်ဒါဟော့ပါး)

☺

“သတင်းကောင်းကောင်း ရထားတဲ့လူမှန်း သိပ်သိသာတယ်။ သူ့အမြင်က ကိုယ့်အမြင်နဲ့ ထပ်တူကြနေတယ်”
(အီလ်ကာ ချေ့စ် + ၁၉၀၅ - ၁၉၇၈ + အမေရိကန်စာရေး ဆရာမ)

☺

“ဘယ်မေးခွန်းကိုမဆို ယောက်ျားယူဖို့ကိစ္စ မဟုတ်ရင် YES သို့မဟုတ် NO လို့ ဘယ်တော့မှ မဖြေနဲ့”
(ဆူဇန်ချစ်တီ + ၁၉၂၉ + အင်္ဂလိပ်စာရေးဆရာမ)

မောင်ကောင်းထိုက်

www.burmeseclassic.com

## မှီငြမ်းသောစာအုပ်များ
(ရုရှားဘာသာ)

1. Большая книга афоризмов; -Москва, 2003.
2. Афористика и карикатура;- Москва, 2004.
3. Мысли, афоризмы и шутки знаменитых мужчин;- Москва ,2006.
4. Мысли, афоризмы и шутки знаменитых женщин;- Москва, 2006.
5. Генадий Малкин – Большая книга афоризмов д очень умных; -Москва, 2005.
6. Афоризмы о женщинах;-Москва, 2005.
7. Афоризмы (Все по науке);- Москва,2005.
8. Афоризмы (В начале было слово);-Москва2005.
9. Виктор Сумбатов – С ума сошедщие;-Москва 20
10. Борис Крутиер – Крутые мысли; Москва 2005.
11. Иван Иванюк – Азбучные мысли;Москва 2005.
12. Афоризмы( Работа не волк); Москва 2006.